# ချစ်စံဝင်း

# အချိန်ကို မိတ်ဆွေဖွဲ့ပါ
# ရန်သူ မလုပ်ပါနှင့်



| | | |
|---|---|---|
| စာမူခွင့်ပြုချက် | – | ၇၂၀/ ၂၀၀၂(၈) |
| မျက်နှာဖုံးခွင့်ပြုချက် | – | ၁၇၈/ ၂၀၀၃(၃) |
| မျက်နှာဖုံးဒီဇိုင်း | – | အုံ့ဘွယ်(star) |
| ထုတ်ဝေသည့်ကာလ | – | ၂၀၀၃ ခုနှစ်၊ဇွန်လ |
| အကြိမ် | – | ဒုတိယအကြိမ် |
| စောင်ရေ | – | 500 |
| တန်ဖိုး | – | |
| စာအုပ်ချုပ် | – | ကိုမြင့် |
| အတွင်းပုံနှိပ် | – | ဒေါ်ညွန့်ညွန့်တင်(၀၅၁၃၃) စိမ်းညွန့်စံပုံနှိပ်တိုက်၊ ၂၁၊ ရတနာသိမ်လမ်း၊ စမ်းချောင်းမြို့နယ်။ |
| မျက်နှာဖုံးပုံနှိပ် | – | ဒေါ်ခင်အေးမြင့် ရာပြည့်ပုံနှိပ်တိုက်(၀၅၉၀၁) ၁၉၉/ လမ်း ၅၀၊ ပုဇွန်တောင်မြို့နယ်။ |
| ထုတ်ဝေသူ | – | ဒေါ်မော်မော်(၀၂၀၃၇) ပန်းမျိုးတစ်ရာစာပေ တိုက်၂၃၃/ အခန်း၁၄ ရန်ကင်းမြို့နယ်။ |

စာရေးဆရာ ချစ်စံဝင်း၏ ၅၅–အုပ်မြောက်စာအုပ်

# အချိန်ကို မိတ်ဆွေဖွဲ့ပါ ရန်သူ မလုပ်ပါနှင့်

## ချစ်စံဝင်း

ထိထိရောက်ရောက် ငွေရှာချင်သူများ၊ ငွေကြေးကို
အမြော်အမြင်ရှိစွာဖြင့် စီမံခန့်ခွဲလိုသူများ
ဤစာအုပ်ကို ဖတ်ပါ။
လက်တွေ့ လိုက်နာ ကျင့်သုံးပါ။

သင် မုချ ချမ်းသာ ကြွယ်ဝစေရမည်။

# ကြွယ်ဝချမ်းသာစေမည့်
# နည်း (၇) နည်း

## ချမ်းဝင်း

| | | |
|---|---|---|
| ပထမနည်း | - | ငွေကိုမိတ်ဆွေလိုဆက်ဆံပါ။ |
| ဒုတိယနည်း | - | ငွေပုံကြီးပေါ် ခွထိုင်ပါ။ |
| တတိယနည်း | - | အခွင့်အလမ်းကို တွေ့အောင်ရှာမိအောင်ဖမ်း။ |
| စတုတ္ထနည်း | - | သင့်ဝင်ငွေမှ ၁၀ ရာခိုင်နှုန်းကိုစုပါ |
| ပဉ္စမနည်း | - | အချိန်ကိုမိတ်ဆွေဖွဲ့ပါ ရန်သူမလုပ်ပါနှင့်။ |
| ဆဋ္ဌမနည်း | - | ရွှေပင်ငွေပင် စိုက်ပျိုးပါ။ |
| သတ္တမနည်း | - | ကြီးပွားချမ်းသာလိုစိတ်မွေးပါ။ |

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | - မိဘတို့၏ အကောင်းဆုံး လက်ဆောင် | |
| | - အချိန်ကို အမြော်အမြင်နှင့် အသုံးချသူ | |
| | - ကျွမ်းကျင်မှုကို စောစောရှာပါ | |
| | - ငွေနိဒါန်း | |
| အခန်း ၁ | - အချိန်တွေ အများကြီးရှိသည် | ၃၅ |
| အခန်း ၂ | - မွေးသည်မှ အလုပ်စတင် ဝင်သည် အထိအချိန် | ၄၁ |
| အခန်း ၃ | - အနှစ် ၂၀ အချိန်သေတ္တာနှင့် သွတ်သွင်းရမည့် ပစ္စည်းများ | ၅၉ |
| အခန်း ၄ | - ရပ်ဖဲအဆင့်ဖြင့်ခရီးသွားခြင်း | ၆၇ |
| အခန်း ၅ | - အလုပ်စတင်လုပ်ကိုင်ခြင်းနှင့် ငွေကြေးတာဝန်ယူခြင်း | ၇၁ |
| အခန်း ၆ | - အိမ်ထောင်ပြုခြင်း | ၇၉ |
| အခန်း ၇ | - အိမ်ထောင်သည် ဘဝ | ၈၉ |
| အခန်း ၈ | - ပထမ ကလေးရခြင်း | ၉၉ |
| အခန်း ၉ | - ရင်သွေးငယ်များ လူလားမြောက်လာခြင်း | ၁၀၅ |

| | | |
|---|---|---|
| အခန်း ၁၀ | - ကလေးများ အိမ်ခွဲထွက်ကြခြင်း | ၁၀၉ |
| အခန်း ၁၁ | - အလုပ်မှ အနားယူခြင်း | ၁၁၅ |
| အခန်း ၁၂ | - အချိန်ချမ်းသာသူ လူငယ်များ | ၁၂၂ |
| အခန်း ၁၃ | - ကလေးတို့အား ငွေကြေးကို စနစ်တကျ သုံးတတ်သောအလေ့ အကျင့်ရအောင်သင်ပေးပါ | ၁၂၉ |
| အခန်း ၁၄ | - တကယ့် ကိုယ်ပိုင်အချိန် | ၁၄၁ |
| အခန်း ၁၅ | - မြန်မာ့စရိုက်နှင့် အချိန် | ၁၄၉ |
| အခန်း ၁၆ | - တစ်ဘဝတွင် အိပ်ချိန်အနှစ် နှစ်ဆယ် | ၁၅၉ |
| အခန်း ၁၇ | - အချိန်ကိုဖယားချ၍သုံးခြင်း | ၁၆၅ |
| အခန်း ၁၈ | - အချိန်တန်ဖိုး | ၁၇၁ |
| အခန်း ၁၉ | - အသက် ၆၀ ကျော်သည်နှင့် ကြောင့်ကြမဲ့ဘဝဖြင့် နေနိုင်မည် | ၁၇၅ |
| | - နိဂုံး | ၁၈၁ |

ရွှေပင်ငွေပင်စာစဉ်
ကြွယ်ဝ ချမ်းသာစေမည့်နည်း (၇) နည်း
မှ
ပဥ္စမနည်း

# အချိန်ကို မိတ်ဆွေဖွဲ့ပါ ရန်သူ မလုပ်ပါနှင့်

ချစ်စံဝင်း

ဤစာအုပ်ပါအယူအဆ၊ အတွေးအခေါ်များသည်အဖိုးတန်အယူအဆ၊ အတွေးအခေါ်များဖြစ်သည်။ ထို့ကြောင့် ဤစာအုပ်ကို ရွှေချိန်သည့်ချိန်ခွင်နှင့်ချိန်ပါ။ စာအုပ်၏အလေးချိန်နှင့်တူညီသောရွှေအလေးချိန်ထက် ဤစာအုပ်၏တန်ဖိုးက အဆမတန်ပို၍မြင့်မားပါသည်။

ယုံယုံကြည်ကြည် ဖတ်ကြည့်ပါ။
ဖတ်မိလျှင် သင် သူကြွယ်ဖြစ်ပါလိမ့်မည်။

## မိဘတို့၏ အကောင်းဆုံး လက်ဆောင်

သင့်ရင်သွေးအား သင့်ဘဝ၌ ပေးနိုင်သည့်အကောင်းဆုံးလက်ဆောင်သည် သူ့အား ငွေကြေးကိုစနစ်တကျ သုံးစွဲတတ်အောင် ငယ်စဉ်မှစ၍ သင်ပေးရန် ဖြစ်သည်။

## ချစ်ရာမရောက် နှစ်ရာရောက်၏

သားသမီးအား ချစ်လှပါသည်ဟု ဆိုသော မိဘတိုင်းသည် ငယ်စဉ်မှစ၍ သားသမီးတို့အား ငွေကြေးသုံးစွဲမှုကို စနစ်တကျ သင်ပေးရမည်။ သို့မှသာ မိဘသည် သားသမီးအား ချစ်ရာရောက်သည်။

ငွေကြေးကို စနစ်တကျ သုံးစွဲတတ်အောင် မသင်ကြားသော မိဘသည် အရေးကြီးသော မိဘတာဝန်တစ်ရပ် ချွတ်ယွင်းခြင်း မည်၏။

## ကျွမ်းကျင်မှုကို စောစောရှာပါ

ဘဝတွင် ကျွမ်းကျင်မှုကို စောစောလေ့လာဆည်းပူးခြင်းသည် ဝင်ငွေရှာသည့်အစွမ်းသတ္တိကို စောစော အသုံးပြုနိုင်သဖြင့် ငွေရှာရာတွင် အလွန်မှ အရေးပါသည်။

* ကျွမ်းကျင်မှုကို စောစောရှာပါ။
* အချိန်ကို မဖြုန်းတီးပါနှင့်။
* ဘဝကို အချိန်နှင့် ကန့်သတ်ထားသည်။

*** အချိန်ကို အမြော်အမြင်နှင့် အသုံးချသူ***

စီးပွားရှာရာတွင် အချိန်ကို အမြော်အမြင်ရှိစွာ အသုံးချတတ်သောသူသည်

- ရင်းနှီးရန် ငွေများများမရှိဘဲ
- စွန့်စားရသော ရင်းနှီးမြှုပ်နှံမှုမျိုးများစွာ မပြုလုပ်ရဘဲ ငွေကြေးအောင်မြင်မှု ရသူဖြစ်နိုင်သည်။

## ငွေနိဒါန်း

ကျွန်တော်သည် ရွှေပင်ငွေပင် စာစဉ်ကို ရည်ရွယ်ချက်ကြီးမားစွာဖြင့် ရေးသားနေခြင်း ဖြစ်ပါသည်။ ရွှေပင်ငွေပင်စာစဉ်ကို မြန်မာစာဖတ် ပရိသတ်သို့ တင်ပြရာတွင် သာမန် တိုးတက်ကြီးပွားရေးကျမ်း တစ်စောင်အနေနှင့် တင်ပြခြင်း မဟုတ်ပါ။

ငွေကြေးဆိုင်ရာ အယူအဆများ လူမျိုးအလိုက် ပြောင်းလဲလာရေးကို အဓိကရည်သန်၍ တင်ပြနေခြင်း ဖြစ်ပါ၏။ ကျွန်တော်တို့ လူမျိုး၏ ငွေကြေးအပေါ်ထားရှိသော သဘောထားများကို

မြန်မာတစ်မျိုး သားလုံး၏ စရိုက်အဖြစ် ပြောင်းလဲ လက်ခံလာအောင် ရည်သန်၍ တင်ပြခြင်း ဖြစ်ပါ၏။

ကျွန်တော်တို့တွင် ငွေကြေးနှင့်ပတ်သက်၍ ငွေကြေးကိုချေးတာရမည်၊ ငွေကြေးစုဆောင်းရမည်၊ ငွေကို သမ္မာအာဇီဝနည်းဖြင့် ရှာဖွေရမည် စသော ကောင်းမြတ်သည့် အယူအဆများ ရှိပြီးဖြစ်ပါ၏။

သို့သော် ငွေအပေါ်တွင် မည်သို့သော သဘောထားရမည်၊

အချိန်နှင့်ငွေကို မည်သို့ ဆက်စပ်ရမည်၊

ဝင်ငွေ အမျိုးအစားများ၊

စုဆောင်းငွေ အမျိုးအစားများ၊

ရင်းနှီးမြှုပ်နှံမှု သဘောထားများ

စသည်တို့နှင့်ပတ်သက်၍ အလွန်အမင်း တိကျပြတ်သားသော ဓလေ့စရိုက်များ ကျွန်တော်တို့လူမျိုးအတွင်း သေချာဂနစွာ မရှိပါ။ ထိုသို့ မရှိသောကြောင့်လည်း ကျွန်တော်တို့သည် ငွေကြေးအပေါ် ထားရှိသော သဘောထား လွဲချော်မှုများရှိပါသည်။

ငွေကြေးကို ရှာဖွေရာတွင် ဝီရိယသည် လိုအပ်သော်လည်း ဝီရိယ တစ်ခုထည်းအားကိုး၍ လည်း မရပါ။ ငွေကြေးရှာဖွေရာတွင် ဉာဏ်လည်း

လိုအပ်သည်။ သတိလည်း ထားရှိရမည်။ ငွေအပေါ် မက်မောမှုလည်း ရှိရမည်။

ကျွန်တော်တို့သည် ငွေကိုရှာသည်။ ထို့နောက် ထိုငွေကို သုံးပစ်ရမည်ဟု ယေဘုယျ သိရှိ လက်ခံ လိုက်နာ ကျင့်သုံးကြ၏။

တကယ်တော့ ငွေကို ကျွန်တော်တို့ရှာရ မည်။ ရှာ၍ရရှိသော ငွေအချို့ကိုသုံး၍ အချို့ကို ထိရောက်စွာ ရင်းနှီးမြှုပ်နှံမှုပြုရမည် ဖြစ်ပါသည်။ ကျွန်တော်တို့လူမျိုး၌ ထိရောက်စွာ ရင်းနှီးမြှုပ်နှံမှု ပြုရေးအပိုင်းတွင် အားနည်းလျက်ရှိပါ၏။ အဆိုးအမ များတွင် တရုတ်လိုရှာ၊ ကုလားလိုစု၊ မြန်မာလိုမဖြုန်း နှင့် ဟူသော ဆိုးမစကား ရှိပါ၏။

တရုတ် လူမျိုးတို့သည် ငွေအရှာအဖွေ ကောင်းသူများ၊ ထိရောက်စွာ ရင်းနှီးမြှုပ်နှံတတ်သူများ ဖြစ်ပါသည်။ အိန္ဒိယ အမျိုးသားများသည် ငွေကို စုဆောင်းချွေတာတတ်သူများ ဖြစ်၏။ ငွေကိုချစ်တီး လိုစုရမည်ဖြစ်၏။ ချစ်တီးများသည် ငွေကိုစုဆောင်း ခြင်းနည်းပညာဖြင့် သူဌေးဖြစ်ကြသူများ ဖြစ်သည်။

မြန်မာတို့သည် ငွေကြေးကို သုံးစွဲဖြုန်းတီး တတ်သူများအဖြစ် သတ်မှတ်စွပ်စွဲခံရသူများဖြစ်၏။

မြန်မာ့ရေမြေ တောတောင်သည် သယံဇာတပစ္စည်းများ ပေါများ၏။ သဘာဝရေမြေသည် မြန်မာလူမျိုးတို့အား ညာတာလွန်း၏။ တသွင်သွင်စီးနေသော ဧရာဝတီမြစ်ကြီး၊ ညို့မှိုင်းဝေစည်သော ရိုးမပေါ်မှ သစ်တောကြီးများ၊ အဖိုးမဖြတ်နိုင်သည့် တွင်းထွက်ရတနာများ၊ စိုက်ပျိုးဖြစ်ထွန်းသော မြေဆီမြေသြဇာကြွယ်ဝသည့် သဘာဝအနေအထားများကြောင့် ကျောခင်းစရာ တစ်နေရာရရှိပါက မြန်မာနိုင်ငံတွင် စားဖို့သောက်ဖို့အတွက် မပူမပင်ရသော နိုင်ငံဖြစ်လာ၏။ ထိုကဲ့သို့သော သဘာဝအနေအထား၏ မျက်နှာသာပေးခြင်းခံရသော ကျွန်တော်တို့လူမျိုးသည် ပျင်းခဲ့ကြသည်။ လက်ကြောတင်းအောင် မလုပ်လိုကြပေ။

ကိုရီးယားနိုင်ငံ၊ ကိုရီးယားလူမျိုးတို့နှင့် မြန်မာနိုင်ငံအားယှဉ်ကြည့်ပါက မြန်မာနိုင်ငံသည် ကောင်းကင်ဘုံတမျှ သာယာသော နိုင်ငံဖြစ်ပါ၏။

ကိုရီးယားတစ်နိုင်ငံလုံးသည် မြေသားဟူ၍ မရှိ။ ကျောက်တုံးကျောက်ခဲ ကျောက်တောင်များပေါ်တွင် တည်ရှိနေသော နိုင်ငံဖြစ်သည်။ လယ်မြေတစ်ကွက်ဖြစ်ဖို့အတွက် အချို့နေရာများတွင် ကျောက်သားကို လယ်ကွက်ဖြစ်အောင် ထွင်းရသည်။ ထွင်းပြီး

မှတိုင်နေရာသို့ မြေများသယ်ယူပြီး သီးနှံစိုက်ပျိုးရ၏။ ကျောက်သားများကြီးစိုးသော ထိုမြေတွင် ဘာသယံဇာတမှလည်းမရှိပါ။ ကိုရီးယားနိုင်ငံတွင် တစ်နှစ်ခြားအလွန်အင်အားကြီး၍ အပျက်အစီးများသော မုန်တိုင်းများဝင်တတ်၏။ ကိုရီးယားနိုင်ငံ၏ မြစ်များသည် တိုလွန်းပြီး မိုးအခါရေစီးသန်၍ နွေအခါရေမရှိဘဲဖြစ်နေသည်။ ရာသီဥတုမှာ အအေးပြင်းထန်လွန်းသောအခါလည်းရှိ၏။ ကိုရီးယားနိုင်ငံသည် ပတ်ဝန်းကျင် နိုင်ငံများ၏ အကြိမ်ပေါင်းမြောက်မြားစွာ ရန်စကျူးကျော်မှုကို ခံရသောနိုင်ငံဖြစ်သည်။ ကိုရီးယားကျောင်းစာအုပ်တွင် ကိုရီးယားတို့က မိမိတို့သည် အကြိမ်ပေါင်းကိုးရာကျော် အိမ်နီးချင်းနိုင်ငံတို့၏ ကျူးကျော်မှုကို ခံရသည်ဟု အတိအလင်း ရေးသားထားပါ၏။

ထို့ကြောင့် ကိုရီးယားကဲ့သို့သော၊ အစ္စရေးကဲ့သို့သော နိုင်ငံများနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံသည် ကောင်းကင်ဘုံတမျှ သာယာလှပါ၏ဟု ဆိုခြင်းဖြစ်၏။ ထိုကဲ့သို့ သာယာလှသောနိုင်ငံတွင် နေခွင့်ရသောကျွန်တော်တို့လူမျိုးသည် သဘာဝသယံဇာတပေါခြင်း၊ စေတနာထက်သန်သူ များပြားခြင်း၊ အခက်အခဲအကျပ်အတည်းများစွာ မကြုံရခြင်း၊ ကျောခင်းရန်

တစ်နေရာရရှိပါက စားဖို့သောက်ဖို့ မပူရခြင်းကြောင့် ကြီးပွားချမ်းသာလိုစိတ်ထက် တင်းတိမ်ရောင့်ရဲသော စိတ်၊ အပျင်းစိတ်၊ ဝီရိယနည်းပါးသော အဖြစ်တွင် ထမင်းကြမ်းခဲကို ယပ်ခတ်၍ စားသောလူမျိုးအဖြစ်ဖြင့် တင်းတိမ်ရောင့်ရဲစွာနေခဲ့ကြ၏။ အပျော်အပါး ဝါသနာ ထုံခဲ့ကြ၏။ ယနေ့ကမ္ဘာသည် ပြောင်းလဲလာခဲ့ပြီဖြစ်၏။

ယခင်ကလို မိမိနိုင်ငံအတွင်း မိမိတို့နေချင်သလိုနေ၊ စားချင်သလိုစား၊ သွားချင်သလိုသွား၍ မရပါ။ ကမ္ဘာတွင် ပိုက်ဆံရှိမှ၊ ချမ်းသာကြွယ်ဝမှ မျက်နှာရှိသော၊ လူရာဝင်သော၊ တန်ဖိုးထားသော အဖြစ်သို့ ရောက်လာကြရာ ကမ္ဘာနှင့်မလွဲမသွေဆက်ဆံလာရသော ကျွန်တော်တို့မှာလည်း ယခင်ကလို ထမင်းကြမ်း ယပ်ခတ်စားနေ၍ မဖြစ်တော့ဘဲ အများနည်းတူ ငွေရှာဖို့၊ ကိုယ့်လူမျိုး လူတစ်လုံး သူတစ်လုံး ဖြစ်ဖို့၊ ကိုယ့်လူမျိုး လူရာဝင်စေဖို့ လုပ်ဆောင်ကြိုးစားကြရန်လိုအပ်ပါ၏။

ယခင်အခါက ဆိုပါက မလေးလူမျိုးများအားလည်း ဝီရိယနည်းပါးသော လူမျိုးအဖြစ် သတ်မှတ်ခဲ့ကြ၏။ ထိုင်းလူမျိုးတို့အားလည်း အသိဉာဏ်

ရှေးကျေး၍ ထိုင်းအသော လူမျိုးအဖြစ် ထိုလူမျိုး အကြောင်းရေးသားသည့် စာအုပ်များတွင် ဥရောပ တိုက်သားတို့ကရေးခဲ့ကြ၏။ သို့သော် ယနေ့ကာလ တွင် ပျင်းရိ လေးတွဲသူများ၊ ရှေးကျေးသူများဟု မည်သူမှ မစွပ်စွဲ ဝံ့တော့ဘဲ ယင်းတို့သည် ယင်းတို့၏ စီးပွားရေးကို ကမ္ဘာမှ မျက်လုံးဒေါက်ထောက် ကြည့်ရလောက် အောင် ပြုလုပ်ဖန်တီးခဲ့ကြပြီဖြစ်ပါ၏။ မလေးရှား နိုင်ငံသည် မြန်မာနိုင်ငံနှင့် လုံးဝတူညီ၍ ယခုအခါ မလေးတို့သည် မိမိနိုင်ငံ၏ ကျယ်ဝန်းမှု၊ သယံဇာတ ပြည့်ဝမှုတို့အပြင် မိမိ၏ဖွံ့ဖြိုးလာသော စီးပွားရေး ကြောင့် ကမ္ဘာပေါ်တွင် အရေးပါအရာရောက်ကာ တွင်ကျယ်မှုရှိလာသည့် လူမျိုးတစ်မျိုး၏ဘဝသို့ ရောက်ရှိလာပါ၏။

ကျွန်တော်တို့သည် သယံဇာတ ပေါပြီး သဘာဝ အနေအထားတို့က မျက်နှာသာပေးထားမှု များကြောင့် မည်မျှပင် မိမိတို့ဘာသာ မိမိတို့ တင်းတိမ်ရောင့်ရဲစွာ နေထိုင်စေကာမူ ယနေ့ကမ္ဘာနှင့် ဆက်ဆံလာရသောအခါ ကျွန်တော် တို့လူမျိုးအား

ဝင်ငွေနည်းသောလူမျိုး၊ လောဘ မရှိသောလူမျိုး၊ မချမ်းသာသောလူမျိုးအဖြစ် သတ်မှတ်လာကြသောကြောင့် တစ်နိုင်ငံမှ တစ်နိုင်ငံသွားလျှင် ပင်အတော်လေး မျက်နှာငယ်ရ၏။ ကျွန်တော်သည် နိုင်ငံပေါင်းများစွာသို့ အကြိမ်ပေါင်းအခေါက်ပေါင်းများစွာ သွားခဲ့ဖူးပါ၏။ ထိုင်းနိုင်ငံအတွင်းသို့ဆိုလျှင် ကျွန်တော်သည် အကြိမ်ပေါင်း ၅၀ မက ဝင်ချည်ထွက်ချည်လုပ်ဖူးပါ၏။ ထိုသို့လုပ်တိုင်း မြန်မာနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသူဟုဆိုပါက အထင်သေးလိုကြ၏။ မြန်မာနိုင်ငံကူးလက်မှတ်ဟု ဆိုပါက ချက်ချင်း သူ့နိုင်ငံတွင်းသို့ ဝင်ခွင့်မပေးသေးဘဲ

ဘာလာလုပ်တာလဲ၊
အလုပ်လုပ်ဖို့ လာတာလား၊
ဘယ်နှစ်ရက်နေမှာလဲ၊
သုံးဖို့ငွေပါရဲ့လား၊
ပါလျှင်ပြပါဟု မေးတတ်ပြောတတ်၏။

ကျွန်တော်သည် ထိုသို့အပြောခံရတိုင်း အလွန်မှ ရှက်ရပါ၏။ "ဘာလာလုပ်တာလဲ" ဟုမေးပါက သူ့နိုင်ငံသို့ "အလည်လာတာပါ" ဟုဆိုလျှင်ပင် မယုံကြပါ။ "စီးပွားရေးကိစ္စနှင့်လာတာ" ဟုဆိုပါက နိုင်ငံကူးလက်မှတ်ထဲတွင် ကုန်သွယ်မှုနှင့်လာကြောင်း

ဟုတ်မဟုတ်အထောက်အထားများကို ရှာပါသေး၏။ ဘယ်နှစ်ရက်နေမှာလဲဟု ဆိုလျှင်ကား ကျွန်တော်က "ဒါကမင်းတို့ကိစ္စပဲ၊ မင်းတို့က သုံးရက်ပေးရင် သုံးရက်နေမှာပဲ၊ တစ်လပေးလဲ ငါ့အလုပ်ဆယ်ရက်နဲ့ပြီးရင် ဆယ်ရက်နဲ့ပြန်မှာပဲ၊ မင်းတို့နိုင်ငံထဲမှာ ငါ့သားမယား လဲမရှိဘူး၊ ငါ့သံယောဇဉ်လဲမရှိဘူး၊ အလုပ်ပြီးရင် တစ်ရက်တောင်မနေဘူး" ဟုပြောသောအခါ စိတ်ဆိုးမှန်းသိလျှင် အနည်းငယ်တော့ ပျော့လာတတ်၏။ ဒါတောင် သူ့နိုင်ငံထဲမှာသုံးဖို့ ငွေဘယ်လောက်ပါသလဲ ဟုဆိုပါ၏။

ဒေါ်လာတစ်ထောင်ပါတယ်ဟု ဆိုလျှင် အဲဒီငွေကို ပြပါဟုဆိုပါသည်။ ဒေါ်လာတစ်ထောင် အကုန်ထုတ်ပြရပါ၏။

ဘယ်လောက် ခံပြင်းစရာကောင်းသည့် အဖြစ်ဆိုသည်ကို စဉ်းစား၍ ကြည့်ဖွယ်ရာ ဖြစ်ပါ၏။

ဂျပန်လူမျိုး၊ ကိုရီးယားလူမျိုးတို့ဖြစ်ပါက သူတို့သည် ငွေသုံးစွဲနိုင်သည့်လူများ ဖြစ်သောကြောင့် ဘယ်နိုင်ငံဝင်ဝင် ဘယ်နိုင်ငံကထွက်ထွက် မျက်နှာသာရ၏။ ဂျပန်တို့သည် ကမ္ဘာသို့ထွက်၍၊ ကမ္ဘာလှည့်၍ကြွယ်ဝသော မိမိတို့၏ ငွေကြေးများကို လိုက်လံသုံးစွဲနေသော လူမျိုးဖြစ်၏။ ထို့ကြောင့် ကမ္ဘာတွင် ဂျပန်

လာပါက နိုင်ငံတိုင်းက မျက်နှာကို ပျားရည်သုတ် သကြားဖြူးကာ ကြိုဆိုကြသည်။ အလွန်မခံချင်စရာ ကောင်းသည်မှာ နိုင်ငံတိုင်းမှာလိုပင် ဈေးဝယ်ကြပါက ဂျပန်ကိုမှရောင်းချင်ကြ၏။ အရှေ့တောင်အာရှနိုင်ငံ များတွင် မည်သူမျှ ဂျပန်နှင့်ယှဉ်၍ ဈေးမဝယ်လိုကြ ပေ။ ဈေးရောင်းသူတို့သည် ဂျပန်ဆိုပါက ပျာပျာသလဲ အိတ်သွန်ဖာမှောက်ပစ္စည်းများကို ပြကြသည်။ ဂျပန် များဆိုင်ထဲဝင်ပြီး မဝယ်ဘဲပြန်ထွက်သွားလျှင်လည်း ယင်းတို့က မင်္ဂလာရှိသည်ဟု ထင်ကြ၏။

ကျွန်တော်တို့က တကယ်ဈေးဝယ်ရန်ဆိုင် တွင်းသို့ဝင်သွားလျှင်ပင် အဝင်မခံလိုကြ။ ဘာများနှိုက် သွားမလဲဟု မျက်စိဒေါက်ထောက်ကြည့်ကြသည်။ မလှစုန်းယိုး၊ မရှိခိုးနိုးဟု အထင်ခံရ၏။

ပိုက်ဆံမရှိပါက လောကလူ့ဘဝတွင် မျက် နှာငယ်ရသည်မှာ အမှန်ပင်ဖြစ်၏။ ချမ်းသာမှ လူရာ ဝင်သည်။ ချမ်းသာမှ လူရာ သွင်းလိုကြသည်။ ထိုကဲ့ သို့သောဖြစ်ရပ်များ ကြုံရဖန်များသောအခါ ကျွန်တော့်မှာ ကိုယ့်လူမျိုး ကိုယ့်နိုင်ငံ လူတစ်လုံး သူတစ်လုံး ဖြစ်စေလိုသောဆန္ဒ၊ ကြွယ်ဝချမ်းသာစေ လိုသောစိတ်၊ တိုးတက်ကြီးပွားစေလိုသော စေတနာ ဆန္ဒတို့ ပြင်းပြ လာခဲ့သည်။

ကိုယ့်လူမျိုး ကိုယ့်နိုင်ငံ ကြီးပွားအောင်၊ ချမ်းသာအောင် ကျွန်တော်တစ်ဦးတည်း လုပ်နိုင်သောအရာမှာ မိမိပိုင်သော ကလောင်ဖြင့် သိသမျှသောအသိ၊ တွေ့သမျှသောအမြင်၊ တတ်သမျှသော အတွေးများကို စာဖတ်ပရိသတ်ထံပို့၍ စိတ်ဓာတ်ရေးရာ ပြောင်းလဲမှု၊ အယူအဆရေးရာ ပြောင်းလဲမှုများ ရရှိစေပြီး လူတစ်ဦးချင်းစီ ကြီးပွားအောင်၊ ချမ်းသာအောင်၊ ထိုမှတစ်ဆင့် နိုင်ငံနှင့်လူမျိုး ကြီးပွားတိုးတက်အောင် တိုက်တွန်းသောအလုပ်ထက် ပို၍ လုပ်နိုင်စွမ်းမရှိပါ။ ကျွန်တော်သည် ရွှေပင် ငွေပင် စာစဉ်ကို ကြိုးစားပမ်းစား ရေးသားခြင်းသည် ကျွန်တော့်လူမျိုး ကျွန်တော့်နိုင်ငံ ကြွယ်ဝသောနိုင်ငံ ချမ်းသာသောလူမျိုး ဖြစ်စေလိုသောဆန္ဒ ဖြစ်ပါသည်။

ယခုခေတ် ငွေရှာကြရာတွင် ငွေရှာသူများလည်း ပေါလာကြသည်။ ငွေရှာ၍ရသော ခွင်တိုင်းတွင် လူတိုင်း ငွေရှာနေကြသူများထက် နှာတစ်ဖျားအသာဖြင့်ငွေရှာမှသာ ငွေတွင်းကို မိမိက အရင်တွေ့မည် ဖြစ်ပါ၏။

ယခုပန်းမျိုးတစ်ရာစာပေမှတစ်ဆင့် ရွှေပင် ငွေပင်စာစဉ်အဖြစ် တင်ပြသော**ကြွယ်ဝချမ်းသာစေသောနည်း (၇)နည်း**သည် အမှန်တကယ် သူဌေး

သူကြွယ် ဖြစ်စေနိုင်သော ရိုးစင်းခေတ်မီသည့် သိပ္ပံနည်းကျ ဝိဇ္ဇာနည်းမှန် ငွေရှာကြံဖို့ နည်းခုနစ်ရပ် ဖြစ်ပါ၏။

ဤငွေရှာနည်း၊ ကြီးပွားချမ်းသာနည်း ခုနစ်နည်းကို လက်တွေ့ကျင့်သုံး လိုက်နာသူတိုင်း မုချ ကြွယ်ဝ ချမ်းသာစေနိုင်ပါ၏။

ဤနည်းခုနစ်ခုမှ အတွေးအခေါ်များကို အဓိကအားဖြင့် မိမိတို့မိသားစု မိမိတို့အိမ်ထောင်၏ အတွေးအခေါ်အဖြစ် ယုံကြည်စိတ်ချစွာလက်ခံ၍ ထိုအရာကို လူကြီးများကလည်း ချက်ချင်းလိုက်နာ ကျင့်သုံးပြီး ကလေးများအားလည်း ဘုရားရှိခိုးပြီးသည်နှင့်အရေးကြီးဆုံးသော အရာအဖြစ် ရွှေပင်ငွေပင်စာစဉ်မှ အတွေးအခေါ်များကို နေ့စဉ် သင်ကြားပေးပါ။ နေ့စဉ် လက်တွေ့လေ့ကျင့်ပေးပါ။ သင့်မိသားစုတွင် ရွှေသီးငွေသီးများ သီးလာမည်ဖြစ်ပါ၏။

ကျွန်တော်တို့သည် ငွေမရှိ၍မဖြစ်။ ငွေမရှာ၍မရ။ ကျွန်တော်တို့ငွေမရှိ ငွေမရှာ မချမ်းသာလျှင် ကျွန်တော်တို့ကို မခေါ်ချင်၊ မပြောချင်သူများပင် ရှိလာနိုင်၏။ ကျွန်တော်တို့၌ ငွေရှိ ရွှေရှိလျှင် ကျွန်တော်တို့အား တင်ရက်ဆားဖြူးပင် လုပ်လာကြမည်ဖြစ်သည်။

ကျွန်တော်တို့လူမျိုး ဂုဏ်မငယ်စေရန် ကျွန်တော်တို့သည် အခြားအရာများကို ခေတ္တထားပြီး ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ချမ်းသာအောင်၊ ကြွယ်ဝအောင်၊ ပိုက်ဆံရှိအောင်၊ ဥစ္စာရှိအောင်၊ မနေပေါ်အောင် ကြိုးစားကြရမည် ဖြစ်ပါ၏။

ငွေရှာရာတွင်လည်းကောင်း၊ ငွေစုရာတွင် လည်းကောင်း ယခု ကျွန်တော်တင်ပြသော ကြွယ်ဝချမ်းသာစေသောနည်း (၇)နည်းသည် ခေတ်မီမှန်ကန်သောသုတေသနပြုလုပ်ပြီး စမ်းသပ်ခဲ့နည်းများ ဖြစ်ပါ၏။ လက်တွေ့ကျင့်သုံးရန် အသင့်နည်းများ ဖြစ်ပါ၏။ ဤနည်း ခုနစ်နည်းသည် ကုန်ကြမ်းမဟုတ်၊ ချက်ချင်းစားသုံး၍ရသော၊ ဘာနှင့်မျှမရောဘဲ အရသာရှိရှိ ချက်ချင်း လက်ညှိုးနှင့်ကော်၍ စားသုံး၍ရသောနည်းများဖြစ်ပါ၏။

ဤငွေရှာသောနည်းများသည် သင်တုန်းဓားလို၊ ဘလိတ်ဓားလို ထက်မြက်နေသော နည်းများ ဖြစ်ပါ၏။

ဤနည်းများကို ကျွန်တော်တို့လူမျိုး၏ မလေ့စရိုက်များအဖြစ် လက်ခံကျင့်သုံး၍ ကျွန်တော်တို့ကိုယ် ကျွန်တော်တို့ ကြွယ်ဝချမ်းသာအောင် လုပ်ကြရမည်ဖြစ်ပါ၏။

ကျွန်တော်တို့ အမှန်တကယ် မကြွယ်ဝသမျှ ကျွန်တော်တို့အား ဘယ်သူမှ လူရာသွင်းလိုကြမည် မဟုတ်သည်မှာ အတိအကျ မှန်ကန်သောအရာ ဖြစ်ပါ၏။ ကျွန်တော်တို့သည် မည်သည့်နည်းနှင့်မဆို ကြွယ်ဝချမ်းသာအောင် လုပ်ဆောင်ရမည့် လမ်းဆုံလမ်းခွသို့ ရောက်နေပြီဖြစ်၏။ ယနေ့ ဤအချိန် ဤအခါတွင်မှ ချမ်းသာအောင်မလုပ်လျှင် ကျွန်တော် တို့ ကမ္ဘာ့အလယ်တွင် အတော်ကြီး ခေတ်နောက်ကျကာ ကျွန်တော်တို့လူမျိုး မျက်နှာငယ်ကြရမည်ဖြစ်ပါ၏။

ယခု ကျွန်တော်၏ ကလောင်ဖြင့် တင်ပြသော ချမ်းသာကြွယ်ဝစေသည့် နည်းခုနစ်နည်းကို ယုံယုံကြည်ကြည်နှင့် ဖတ်စေလိုပါ၏။ ထို့နောက် သင့်မိသားစုတွင် လေးလေးစားစား လက်တွေ့ကျင့်သုံးကြည့်ပါ။ သင့်မိသားစုသည် မုချလက်တွေ့အကျိုးခံစားရမည် ဖြစ်ပါသည်။

အထူးသဖြင့် မိဘများသည် ရွှေပင်ငွေပင် စာစဉ်ပါ ကြွယ်ဝချမ်းသာစေမည့် နည်းလမ်းများ၊ အသိတရားများ၊ တွေးလုံးခေါင်းလုံးများကို ကလေးများအား ငယ်စဉ်မှစ၍ သင်ပေးရန် လိုအပ်ပါ၏။

ရှေးဦးစွာ ကျွန်တော်တို့သည် ငွေကို မိမိကိုယ်တိုင်က မိတ်ဆွေလို ဆက်ဆံကာ မိမိရင်သွေး

အားလည်း သူ့ဘဝတစ်သက်တာတွင် ငွေသည် သူတို့နှင့်အတူ လက်တွဲသွားရမည့် မိတ်ဆွေအဖြစ် အသိပေးထားစေလိုပါ၏။

- ငွေကို သင့်ရင်သွေးငယ်က စနစ်တကျသုံးစွဲတတ်အောင်၊
- ငွေမဖြုန်းအောင် အချိန်ပေးသင်ကြားရမည်ဖြစ်၏။
- ငွေကို အကြောင်းမဲ့ပေးဖို့ ကမ်းဖို့မရက်ရောရန်၊
- ငွေကို စနစ်တကျ စုဆောင်းရန်၊
- စုဆောင်းငွေကို အကျိုးရှိစွာ ရင်းနှီးမြှုပ်နှံရန်အတွက် ကျွန်တော်တို့ စိတ်ကူးစိတ်သန်းများ ထားရှိကြရမည်ဖြစ်ပါ၏။ စုဆောင်းငွေကို စနစ်တကျအကျိုးရှိစွာ ရင်းနှီးမြှုပ်နှံဖို့အတွက် ကျွန်တော်တို့သည် ဆောင်ရွက်ကြရမည်ဖြစ်ပါ၏။

ကျွန်တော်တို့သည် ကြီးပွားချမ်းသာလိုစိတ်ကိုမွေးမြူကြရမည်ဖြစ်ပါ၏။ ကျွန်တော်တို့သည် အချိန်ကို ထိရောက်စွာ အသုံးပြုရမည်ဖြစ်ပါ၏။ ကျွန်တော်တို့ချမ်းသာကြွယ်ဝပါမှ ကမ္ဘာ့အလယ်တွင် ဘင့်တင့်တယ်တယ်ရှိမည်ဖြစ်ပါ ၏။

လက်တွေ့လူ့လောကတွင် ငွေကြေးသည် အရေးကြီးလှပါ၏။ ငွေကြေးသည် အဟောင်းအညစ်

များကိုပင် အကောင်းအသစ်သဖွယ် လုပ်ဆောင်နိုင်စွမ်းရှိပါ၏။

မကြာသေးမီက ဂျပန်နိုင်ငံ အဆာဟီ ရှင်ဘွန်း သတင်းစာကြီးမှ ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားခဲ့သည့်အနှစ် ၅၀-အထိမ်းအမှတ်အဖြစ် နိုင်ငံပေါင်း ၅၀ မှ အများပြည်သူတို့အား ကိုယ်စားပြုသည့် လူပုဂ္ဂိုလ် ၅၀-ဦးနှင့် တွေ့ဆုံမေးမြန်းရာတွင် မြန်မာနိုင်ငံမှ ကျွန်တော့်အား ရွေးချယ်တွေ့ဆုံမေးမြန်း စေခဲ့ ပါ၏။ သတင်းစာကြီးမှ မေးခွန်း ၁၅-ခုမေးရာတွင် မေးခွန်းတစ်ခုမှာ "ဂျပန်တို့၏ ဒုတိယကမ္ဘာစစ်အတွင်းက အပြုအမူများနှင့် ပတ်သက်၍ အာရှပြည်သူတို့အနေနှင့် ယခုအခါ ဘယ်လိုများခံစားနေရပါသေးသလဲ" ဟုမေးပါ၏။

ကျွန်တော့်အဖြေမှာ "ဂျပန်တို့က ပါးရိုက်လက်သည်းခွံခွာ ရေနွေးလောင်း စသည့်လုပ်ရပ်များနှင့် ပတ်သက်၍ ယခုအခါ ဘာမျှခံစားချက်ရှိဟန် မတွေ့ရပါဘူး။ ဘာပြုလို့လဲဆိုတော့ အာရှတွင်သာမက ပါဘူး။ ကမ္ဘာပေါ်မှာ ဒီနေ့ ဂျပန်ကို လက်မခံချင်တဲ့ နိုင်ငံ ဘယ်နိုင်ငံရှိလို့လဲ။ ဂျပန်ရဲ့ ရင်းနှီးမြှုပ်နှံမှုကို ငြင်းဆန်တဲ့နိုင်ငံ ဘယ်နိုင်ငံရှိလို့လဲ။ ဂျပန်ရဲ့ ကူညီထောက်ပံ့မှုကို လက်ကာပြတဲ့နိုင်ငံ ရှိလို့လား။ ဂျပန်ဟာ

အနှစ် ငါးဆယ်အတွင်း သူ့ရဲ့ဒုစရိုက်လုပ်ရပ်ကို သူ့ရဲ့ ကြွယ်ဝချမ်းသာမှုနဲ့ အသာလေး ဖယ်ရှားဖုံးဖိနိုင်ခဲ့တာ အမှန်ပါပဲ။ ဂျပန်ဟာ သူ့အဖေကို ပါးရိုက်ခဲ့လို့ ဂျပန် လာရင် ဈေးမရောင်းဘဲ မျက်နှာလွှဲနေမယ်ဆိုတဲ့ ဈေးသည် ကမ္ဘာပေါ်မှာ ဘယ်နှစ်ယောက်လောက် တွေ့ဖူးပါသလဲ"ဟု ကျွန်တော်က ဖြေကြားခဲ့ပါ၏။

ထိုအဖြေများကို ကျွန်တော်နာကြည်းစွာ ဖြေဆိုခဲ့ခြင်းဖြစ်ပါ၏။ ငွေရှိလျှင် ထင်ပေါ်၊ ငွေများလျှင်တရားနိုင်၊ လောကဌ်ငွေမျက်နှာသည် အလွန်မှ ကြီးလှသောကြောင့် ကျွန်တော်တို့လည်း ငွေရှာကြရမည်ဖြစ်ပါ၏။ ကျွန်တော်တို့ မကောင်းမှုကို ဖုံးကွယ်ရန်အတွက်ရည်သန်၍ ငွေရှာကြရမည်မဟုတ်။ ကျွန်တော်တို့၏ ဇာတိသွေး ဇာတိမာန်ကို ပြသရန် အတွက် ကျွန်တော်တို့ ငွေရှာကြရမည်ဖြစ်သည်။ ကျွန်တော်တို့လူမျိုးသည် လူညံ့များမဟုတ်ကြောင်း ပြသရန်အတွက် ငွေရှာကြရမည်ဖြစ်ပါ၏။

ငွေရှာရာတွင် လောဘဇောတိုက်၍ မိုက်ရူးရဲ ရှာရန်မဟုတ်။ ကြွယ်ဝချမ်းသာစေသော အစွမ်းထက် သည့် ငွေရှာနည်းခုနစ်နည်းကို အသုံးပြုကာ စနစ် တကျ ငွေရှာရန်ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်သည် ရွှေပင်ငွေပင် စာစဉ်ကို ထုတ်ဝေရာတွင် သာမန်စာအုပ် ထုတ်ဝေ

ဖြန့်ဖြူးသည့် ရည်မှန်းချက်များထက် မြင့်မားသော ရည်မှန်းချက်၊ မျှော်လင့်ချက်တို့ဖြင့် ဤစာကို ရေးသား ထုတ်ဝေခြင်းဖြစ်ပါ၏။

စာစဉ်ပါ အကြောင်းအရာများသည် ကျွန်တော်တို့ လူမျိုး၏မလေ့၊ စရိုက်ဖြစ်လာသော တစ်နေ့တွင် ကျွန်တော်တို့လူမျိုးတစ်မျိုးလုံး ချမ်းသာကြွယ်ဝလာမည်ဖြစ်ပါ၏။

ကျွန်တော်တို့ ချမ်းသာကြွယ်ဝလာလျှင် အရာအတော်များများကို ကျွန်တော်တို့အလွယ်တကူ ဖြတ်ကျော်လာကြမည်ဖြစ်၏။ ငွေကြေးသည် လွတ်လပ်ခွင့်များစွာကိုလည်း ဖန်တီးတတ်သည့်အရာ၊ ပေးစွမ်းနိုင်သည့်အရာဖြစ်ကြောင်း ငွေကို မိတ်ဆွေလို ဆက်ဆံပါ စာအုပ်တွင် ကျွန်တော် တင်ပြခဲ့ပါ၏။

ချမ်းသာကြွယ်ဝခြင်း ဆိုသည်မှာ လွတ်မြောက်ခြင်းပင်ဖြစ်၏။ ဘယ်အရာများမှ လွတ်မြောက်ခြင်း ဖြစ်ပါသနည်းဟု ဆိုပါက ဆင်းရဲခြင်းမှ လွတ်မြောက်ခြင်း၊ မလုပ်လိုသောအရာများကို မလုပ်ချင်မကိုင်ချင်ဘဲနှင့် လုပ်နေရခြင်းမှ လွတ်မြောက်ခြင်း၊ မိမိလုပ်သော အရာများကို ငွေနှင့်စေခိုင်းပြီး လွတ်လပ်စွာ လုပ်ကိုင်နိုင်ခြင်း စသည့် မြောက်မြားစွာသော လွတ်လပ်ခြင်း တို့ဖြစ်ပါ၏။

ထို့ကြောင့် သင့်အတွက် ကျွန်တော့်အတွက် ကိစ္စတွေ ခေတ္တဘေးတွင် ချထား၍ သင့်နိုင်ငံနှင့် ကျွန်တော့်နိုင်ငံ၊ သင့်လူမျိုး၊ ကျွန်တော့်လူမျိုးအတွက် သင့်ကိုယ်သင်ချမ်းသာအောင်၊ ကျွန်တော့်ကိုယ် ကျွန်တော်ချမ်းသာအောင် လုပ်ကြရမည် ဖြစ်ပါ၏။

ကျွန်တော့်နိုင်ငံ ကျွန်တော့်လူမျိုး ချမ်းသာအောင် ကြွယ်ဝချမ်းသာစေမည့် နည်းမှန်လမ်းမှန်များကို လူငယ်များအား ကျွန်တော်တို့ လမ်းညွှန်သင်ပြပေး ကြရမည်ဖြစ်ပါ၏။

ထိုသို့လမ်းညွှန်ရန်နှင့် မိမိကိုယ်တိုင် ချမ်းသာကြွယ်ဝအောင် ဆောင်ရွက်ရာတွင် ရွှေပင်ငွေပင်စာစဉ်၏ ကြွယ်ဝချမ်းသာစေမည့် နည်းခုနစ်နည်းသည် တစ်ချက်ပစ် တစ်ချက်ထိသော နည်းများအဖြစ် သင့်အား လက်ဆောင်ပေးအပ်ပါ၏။ သင် လက်တွေ့လိုက်နာကျင့်သုံးကြည့်ပါ။ သင် မုချ ကြွယ်ဝချမ်းသာစေရပါမည်။

သင့်သည် အသက်ကြီးလာပြီဖြစ်၍ ကျင့်သုံးရန်ပျင်းနေပြီး မချမ်းသာချင်တော့ပါဘူးဟု ဆိုပါက သင့်ရင်သွေးအား ဤစာအုပ်ပါ အချက်အလက်များကို အမွေပေးပါ။ သင်သည် သင်ပေးနိုင်သမျှသော အမွေများထဲမှ ရွှေပင်ငွေပင်စာစဉ်ပါ အချက်အလက်

များထက် ပိုမိုအဖိုးတန် ကောင်းမွန်သောအမွေကို သင် ဘယ်တော့မှ ပေးနိုင်စရာအကြောင်းမရှိပါ။ အဘယ့်ကြောင့်ဆိုသော် ပန်းမျိုးတစ်ရာစာပေ၏ ရွှေပင်ငွေပင်စာစဉ်ပါ ကြီးပွားချမ်းသာစေမည့် အချက်အလက်များထက် ပိုမိုကောင်းမွန်သော အမွေသည် မရှိသောကြောင့်ပင်ဖြစ်ပါ၏။

ထို့ကြောင့် -

- လူငယ်များ ဤစာစဉ်ကို ဖတ်ရှုပါ။
- လက်တွေ့လိုက်နာပါ။
- သင်တို့တွင် အလွန်အဖိုးတန်သော အချိန်များ ကြွယ်ဝနေပါသေး၏။
- ကြွယ်ဝချမ်းသာစေသောနည်းများကို စောစော ကျင့်သုံးလေ စောစော ကြွယ်ဝချမ်းသာလေ ဖြစ်ပါသည်။

ယုံကြည်စိတ်ချစွာ ကျင့်သုံးပါလေ။

ရတနာသိုက်တစ်ခု တွေ့ရသည်ထက် ပိုမို အကျိုးရှိစေပါမည်။

ချစ်စံဝင်း

## အခန်း - ၁

# အချိန်တွေ အများကြီးရှိသည်

ကျွန်တော်တို့သည် ယခုအခါ ငွေကြေးချမ်းသာရေး၊ သူဌေး သူကြွယ်ဖြစ်၍ ငွေပုံကြီးပေါ် ခွထိုင်ဖို့ အရေး ဆွေးနွေးနေကြခြင်းဖြစ်၏။

ဤကိစ္စတွင် အချိန်အကြောင်းကိုလည်း ထည့်သွင်းစဉ်းစားထားရန် လိုအပ်လာပါ၏။

အဘယ့်ကြောင့်ဆိုသော် လူ့ဘဝ လူ့အဖြစ်တွင် ငွေရှာဖွေရာတွင် အချိန်ကို ချန်လှပ်ထား၍ မရသောကြောင့်ဖြစ်၏။ အချိန်သည် လူတစ်ယောက်၏ ဘဝတွင် အဖိုးဖြတ်၍ မရနိုင်သောအရာ ဖြစ်၏။

မိမိပိုင်အချိန်သည် ငွေကဲ့သို့ပင် အရေးကြီးလှပါ၏။ အချို့ကိစ္စများတွင် အချိန်သည် ငွေထက်ပင် အရေးကြီးပါ၏။

အချိန်၏သတ္တိမှာ အကြောင်းအရာကိစ္စများကို ပြီးမြောက်အောင်မြင်စေနိုင်သော သတ္တိရှိ၏။ အချိန်သည် မှန်ကဲ့သို့ မိမိအား မဲ့ပြသူကို သူကလည်း မဲ့ပြ၍ ပြုံးပြသူကို သူကလည်း ပြုံးပြတတ်၏။ အချိန်သည် တိကျစွာတုံ့ပြန်တတ်သော သဘောရှိ၏။

အချိန်သည် အလွန်မှ အစွမ်းထက်လှ၍ အကျိုးပြုနိုင်သလို ဒုက္ခလည်းပေးနိုင်၏။ အချိန်နှင့် ပတ်သက်လာပါက မိမိက အချိန်ကို ဆိုးစေလိုသလား၊ ထိုသို့ဆိုပါက အချိန်သည် ဆိုးပြတတ်၊ ဒုက္ခပေးပြတတ်၍ မိမိက အချိန်ကို အောင်ပွဲများ၊ ချမ်းသာသုခများ ရယူပေးစေလိုသလား။ ထိုသို့ဆိုပါကလည်း အချိန်သည် အောင်ပွဲများ သုခများကို ပေးတတ်ပါ၏။

အချိန်၏ သဘောသဘာဝများကို လေ့လာပါက

(က) အချိန်သည် အဖိုးဖြတ်၍ မရသောအရာဖြစ်၏။ အချိန်သည် ရွှေဖြစ်သည်။

(ခ) အချိန်တွင် အစွမ်းသတ္တိများ ရှိသည်။

(ဂ) အချိန်သည် ငွေကိုသာမက အောင်ပွဲများကို ဖန်တီးနိုင်သည်။

(ဃ) လူ့ဘဝ၌ ကျဆုံးမှုသည် အချိန်ကို ကျုံးနစွာ အသုံးမပြုသောကြောင့်ဖြစ်သည်။
အချိန်ကို မလေးစားသောကြောင့်ဖြစ်သည်။

(င) လူ့လောက လူ့ဘဝတွင် အချိန်သိပ်မရှိပါ။

(စ) အချိန်ကိုငွေနှင့်ဝယ်၍မရ၊ ဘာပစ္စည်းနှင့်မျှ လဲ၍မရ။

အချိန်နှင့်ပတ်သက်သော အထက်ပါ ဝိသေသများကို ကြည့်ပါက လူ့ဘဝဆိုသည်မှာ အချိန်သာလျှင်ဖြစ်ကြောင်းလည်း သဘောပေါက်လာဖွယ်ရာဖြစ်၏။ အချိန်သည် အလွန်အရေးကြီးကြောင်းလည်း သတိထားမိဖွယ်ရာ ဖြစ်၏။ ဘဝဟူသည် အချိန်သာလျှင် ဖြစ်ကြောင်းလည်း သိသာထင်ရှားလာရပါ၏။

ထိုသို့အရေးကြီးသောအချိန်တွင် ကျွန်တော်တို့သည် အသက် ၆၀ နေရပါက အနှစ် ၂၀ ကို အိပ်စက်အနားယူခြင်းဖြင့်ကုန်ဆုံးခဲ့ကြ၏။ ကျန်သည့် အနှစ် ၄၀ အနက် အနှစ် ၂၀လောက်ကို ဇာတိရကိစ္စများဖြင့် လမ်းသွားရင်း၊ ထမင်းစားရင်း၊ စကားပြောရင်း၊ ခေါင်းဖြီးရင်း အချိန်များ ကုန်လွန်ခဲ့ကြရာ လူ့ဘဝတိုးတက်စေရန် လူတစ်ယောက်၏ ဘဝတွင် အနှစ် ၂၀သာ ကျန်ရှိပါ၏။ ဆရာကြီးပီမိုးနင်းကမူ အလုပ်လုပ်ရန် အချိန် ၁၇ နှစ် နှင့် ၆ လသာ ရှိသည် ဟုဆိုပါ၏။

အချိန်သည် ငွေရှာဖွေရာတွင် လက်နက်ကြီးသဖွယ် အားကိုးရသောအရာ ဖြစ်သည်။ သို့သော်လည်း လူများစုသည် လူ့ဘဝတွင် အချိန်တွေအများကြီးရှိနေသည်ဟု ထင်မှတ်နေကြပါ၏။ ထို့ကြောင့်လည်း ယနေ့လုပ်ရမည့်ကိစ္စကို မနက်ဖြန် သန်ဘက်ခါ ရွှေ့ဆိုင်းနေခဲ့ကြ၏။ မရှိလို့ လုပ်စားတာ ဖြည်းဖြည်းပေါ့ဟု ပြောဆိုတတ်ကြ၏။ တကယ်တော့ ဖြည်းဖြည်းလုပ်စားနေ၍ မရှိခြင်းဖြစ်သည်ကို ထိုသူသည် သဘောမပေါက်ဘဲ ရှိနေပါ၏။

ကျွန်တော်တို့သည် အချိန်တွေအများကြီးရှိနေသည်ဟူသော အယူအဆကို ကျွန်တော်တို့၏အတွေးအခေါ်မှ ဖယ်ရှားပစ်ကြရမည်ဖြစ်၏။ လူ့ဘဝကိုရရှိလာပါက ရရှိသောအချိန်သည် လုပ်စရာများနှင့်စာပါက အလွန်မှ နည်းပါးလာပါ၏။

ကမ္ဘာဦးအစ ကျောက်ခေတ်တွင် လူလာဖြစ်သော ပုဂ္ဂိုလ်ထက် ၂၀ ရာစုတွင် လူလာဖြစ်သူတွင် တာဝန်တွေရော၊ လုပ်စရာ ကိုင်စရာတွေပါ အလွန်မှများပြားနေသည်မှာ အလွန်မှသေချာလှပါသည်။ လူ့ဘဝ အချိန်တွေ အများကြီးရှိပါသည်ဟူသော စကားသည် လူပျင်းများ၏ အကြီးအကျယ် မဟုတ်မတရား ဆင်ခြင်ပေးမှု၊ လိမ်လည်ပြောဆိုမှုသာ ဖြစ်ပါ၏။

သို့သော်လည်း တစ်ဆင့်စကား တစ်ဆင့်နား ဖြင့် အချို့သူများ၏ အပျင်းထူပြမှုကို ကျောခင်း၍ အိပ်စက်နေမှုများကို ကြည့်ရှုကာ လူငယ်များကလည်း အချိန်တွေ အများကြီးရှိနေသည်ဟု လွဲမှားစွာထင်မြင် နေကြပါ၏။ ပြဿနာမှာ ထိုအယူအဆကို အချိန်လွန် မှ သိကြခြင်းဖြစ်ပါ၏။ လူ့ဘဝတွင် အချိန်နည်းကြောင်း၊ အချိန်အများကြီး မရှိကြောင်းကို လူများစွာသည် အချိန်လွန်မှပင် သိကြပါ၏။ ထိုကဲ့သို့ သိကြ ရိပ်စားမိကြ သောအချိန်တွင် အလွန်အမင်း နောက်ကျကုန်ကြပြီ ဖြစ်သည်။

ကမ္ဘာပေါ်တွင် အချိန်သည် အလွန်မှတန်ဖိုး ရှိသည်။ ထိုတန်ဖိုးရှိသောအရာကို ဘယ်သူက သင့် အား များများစားစား ပေးထားပါမည်နည်း။ အဖိုးတန် သောအရာအားလုံးသည် နည်းနည်းချင်းသာရှိ၏။

ဘဝတစ်ခုတွင် အချိန်တွေတစ်ပုံတပင်ရှိ သလား၊ သူ့ကဏ္ဍနှင့်၊ သူ့အတိုင်းအတာနှင့်သူ ကွက် တိပင် ဖြစ်နေသလား ဟူသောကိစ္စကို ကျွန်တော်တို့ လေ့လာရန် လိုအပ်ပါ၏။ ဘဝတွင် အချိန်သည် များ များမရှိ။ သူ့ကဏ္ဍနှင့်သူ ကွက်တိဖြစ်နေကြောင်း သင်ယုံကြည်မှ အချိန်ကို သင် လေးစားမည်ဖြစ်၏။

လူတစ်ယောက်၏ဘဝကို လေ့လာပါက ယေဘုယျအားဖြင့် အဆင့်ခုနစ်ဆင့် ခွဲခြားသတ်မှတ်လေ့လာနိုင်ပါ၏။

အဆင့်(၁) - မွေးသည်မှ အလုပ်စတင်ဝင်သည့် အထိအချိန်၊
အဆင့်(၂) - အလုပ်စတင် ဝင်ရောက်ခြင်းနှင့် ငွေကြေး တာဝန်ယူသော အချိန်၊
အဆင့်(၃) - အိမ်ထောင်ပြုခြင်း၊
အဆင့်(၄) - ပထမကလေးရခြင်းနှင့် ကလေးများကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊
အဆင့်(၅) - ရင်သွေးငယ်များ လူလားမြောက်လာခြင်း၊
အဆင့်(၆) - ကလေးများအိမ်ခွဲထွက်ကြခြင်း၊
အဆင့်(၇) - အလုပ်မှ အနားယူခြင်း၊

လူ့ဘဝကို ကျွန်တော်တို့သည် ကာလအပိုင်းအခြား ခုနစ်ပိုင်းခွဲခြားကာ လေ့လာကြည့်ကြပါစို့။

ကျွန်တော်တို့တွင် တကယ်ပင် အချိန်တွေဖောခြင်း သောခြင်း ဖြစ်နေသလား၊ သို့မဟုတ် ဘဝတွင် အချိန်သည် မလောက်မင ဖြစ်နေသောအရာ၊ တစ်မိနစ်တောင်မှ ဖြုန်းပစ်ရန် ခက်ခဲသောအရာဟုတ်မဟုတ်ကို ကျွန်တော်တို့ လေ့လာကြပါစို့။

## အခန်း (၂)
## မွေးသည်မှ အလုပ်စတင်ဝင်သည်အထိ အချိန်

မွေးစမှ အလုပ်စတင်ဝင်ရောက်ချိန်သည် ဘဝတွင် အရေးကြီးသော အချိန်ဖြစ်၏။ လူ့ဘဝကို သုံးပုံပုံလျှင် တစ်ပုံသောကာလဖြစ်၏။ ဘဝတစ်ခုလုံး ၏ပုံရိပ်ကို ပုံဖော်သောကာလလည်း ဖြစ်၏။ ယင်း ကာလသည် မွေးစမှ ကျေးလက်နေသူများအတွက် ၁၆-နှစ် ၁၈-နှစ်အထိကာလဖြစ်၍ မြို့ပြနေလူများ အတွက် အသက် ၂၀-မှ ၂၄-နှစ်အတွင်း ကာလများ ဖြစ်ပါ၏။ယင်းကာလသည် လူတစ်ဦးအတွက် မိဘကို

လုံးဝအားကိုးအားထား မှီခိုရသော ဘဝလည်းဖြစ်ပါ၏။ ဖဝါးလက်နှစ်လုံး ပခုံးလက်နှစ်သစ်မှစ၍ မိဘတို့က လူဖြစ်အောင်မွေးမြူပြုစုကျွေးမွေးသောကာလဖြစ်ပါ၏။ မိဘအပေါ် လုံးဝမှီခိုအားထားရသောကာလဖြစ်သော်လည်း လူတစ်ဦး၏ လူစွမ်းလူစ လူရည် လူသွေးမှစ၍ လူ၏ဘဝတစ်ခုလုံး အတွက် ခန္ဓာကိုယ်နှင့်စိတ်ဓာတ် နှစ်မျိုးစလုံးကို ပုံဖော်ပေးသော ကာလ ဖြစ်သည်။

ထိုကာလတွင် မိဘများသည် အလွန်မှ အရေးကြီးလှပါ၏။ ကလေးများသည် အာဟာရပြည့်ဝစွာ ရရှိဖို့လိုသည်။ ငယ်စဉ်ကာလ၌ ကလေးငယ်များသည် မိခင်နို့ရည်ကို ဝလင်စွာ သောက်စို့ခွင့်ရရှိရန် လိုသည်။ ဤကိစ္စသည် လူတိုင်းသဘာဝ အလျောက် မလွဲမသွေရရှိအပ်သော မွေးရာပါ အခွင့်အရေး ဖြစ်သည်။ မိခင်နို့ရည်ကို ဝလင်စွာသောက်စို့ခွင့်ရရှိသော ရင်သွေးငယ်များသည် ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်သောသူများ ဖြစ်ကြ၏။ ထို့နောက် တစ်နှစ်မှ ငါးနှစ်အထိ ကလေးငယ်များသည် ပရိုတိန်း၊ ကာဘိုဟိုက်ဒရိတ် ၊ သတ္တုဓာတ်အဆီနှင့် ဗီတာမင်များ ပြည့်ဝစွာ ရရှိဖို့လို၏။

ရင်သွေးငယ်များကို မိန်းကလေးဖြစ်ပါက အရပ် ၅-ပေ ၅-လက်မမှ ၇-လက်မအထိ၊ ယောကျ်ားလေးဖြစ်ပါက အရပ် ၅-ပေ ၇-လက်မမှ ၆-ပေအထိ မြင့်မားသောအရပ်အမောင်းများ ရရှိအောင်ရည်သန်၍ ကျွေးမွေးပြုစု စောင့်ရှောက်သင့်ပါ၏။ မွေးကင်းစမှစ၍ အသက်ငါးနှစ်အထိ ပရိုတိန်းအသားဓာတ်ကို ပြည့်ဝစွာရရှိသော ရင်သွေးငယ်များသည် ကောင်းမွန်သော ဦးနှောက်ဖွံ့ဖြိုးမှုကို ရရှိသဖြင့် ကလေးငယ်များအား ပြုစုရေးကို မွေးစမှငါးနှစ်အတွင်း အထူးဂရုစိုက်ပြုလုပ်ရန်သင့်ပါသည်။ ကလေးငယ်များအား ပြုစုစောင့်ရှောက်ရေးဆိုင်ရာ ခေတ်မီစာအုပ်စာတမ်းများကိုဖတ်ရှု၍ မိမိတို့၏ရင်သွေးငယ်များကို စနစ်တကျ ပြုစုစောင့်ရှောက်ရန် လိုအပ်ပါ၏။

လူငယ်ဘဝတွင် အားကစားလုပ်ငန်းကို ဝါသနာပါ၍ အားကစားတစ်ရပ်ရပ်ကို အမြဲလေ့ကျင့်သည့်လူငယ်တစ်ယောက်ဖြစ်မြောက်အောင် ပြုစုပျိုးထောင်ပေးရမည်ဖြစ်ပါသည်။ ရင်သွေးငယ်များသည် အသက်ငါးနှစ်တွင် ပညာ စတင် သင်ကြားကြသည်။ ငါးနှစ်ထက်စော၍ ပညာသင်ကြားမှု၊ မူကြိုကျောင်းများတွင် အတင်းအကျပ် စာသင်ကြားမှုများသည်

ကလေးများအား ညှည်းပန်းနှိပ်စက်ရာကျ၍ မပြုလုပ်
သင့်ပါ။ သူ့အရွယ်နှင့်သူ ကလေးများစာတတ်လာကြ
ရပါမည်။ မူကြိုအရွယ်၌ ကလေးအား အတင်းအကျပ်
စာပေသင်ကြားစေခြင်းဖြင့် ကလေးငယ်သည် စာသင်
ကြားခြင်းနှင့်စာအုပ်၊ ခဲတံစသည်တို့ကို ကြောက်ရွံ့
မုန်းတီးတတ်၍ ဆိုးရွားသော အကျိုးဆက်များကိုသာ
ရစေနိုင်ပါ၏။ မူကြိုအရွယ်တွင် ကလေးအား ပျော်ရွှင်
အောင် ထားသင့်ပါသည်။ စာထက် ပျော်ရွှင်စွာ ကစား
စေသင့်ပါ၏။

ကလေးများ ကျောင်းစတက်သော အရွယ်
သည်လည်း အရေးကြီးလှသည်။ ထိုအရွယ်သည်
မိခင်၏ရင်ခွင်မှ သူငယ်ချင်းများ၊ ဆရာ၊ ဆရာမများ
နှင့်စတင်တွေ့ထိရချိန်ဖြစ်ရာ ရင်သွေးငယ်ပျော်ရွှင်
အေးချမ်းမှုကို ရရှိရေးသည် အလွန်မှအရေးကြီးပါ၏
စာသင်ကြားနေစဉ်ကာလ၌ ကျောင်းပညာနှင့် အားက
စားကိုထက်ဝက်စီ အချိန်ပေး၍ လေ့လာစေသင့်ပါ၏

ကျွန်တော်သည် ဤစာကို ရေးသားနေချိန်
တွင်ဆရာကြီး ဂုဏ်ထူး ဦးသိန်းနိုင် ချီးမြှင့်သော ပညာ
ရည်ချွန်ဆု မြန်မာစာ ရည်ချွန်ဆုပေးပွဲ အခမ်းအနား
သို့ သွားရောက်၍တက်ခဲ့ရာ မြန်မာတစ်နိုင်ငံလုံး

ဆုရသူ ဂုဏ်ထူးရှင် ပညာတော်သော လူငယ်များမှာ အလွန်မှသေးကွေးနေ၍ အမိနိုင်ငံအနေနှင့် အာကိုး အားထားပြုရန် အတော်ပင်ခက်ခဲမည်ဟု တွေးတော မိခဲ့ပါ၏။ ယခုအခါ မိဘများသည် ကလေးတို့အား ကျောင်းစာကိုသာ ဖိအားပေးနေပြီး အားကစား ပြင်ပ ဗဟုသုတ၊ လူငယ်ကျောင်းသားတို့၏ စိတ်ဓာတ်ကြံ့ ခိုင်မှုနှင့် စာရိတ္တပညာပေးအပ်မှု အလွန်မှနည်းပါးနေ သည်ကို တွေ့ရပါ၏။

မိဘများသည် သားသမီးတို့အား-

(က) ကျောင်းစာအတန်းပညာ၊
(ခ) အားကစားနှင့် ကိုယ်လက်ကြံ့ခိုင်မှု၊
(ဂ) ပြင်ပဗဟုသုတ၊
(ဃ) စာရိတ္တကောင်းမွန်ရေးနှင့်
(င) စိတ်ဓာတ်ကြံ့ခိုင်ရေး

ဟူသော အချက်ကြီးငါးချက်ကို အညီအမျှ ပျိုးထောင် ပေးရန် လိုအပ်ပါ၏။ မိမိတွင် ငါးနာရီရရှိပါက ထိုအချက်ငါးချက်ကို ပြုစုပျိုးထောင်ရေးအတွက် တစ်နာရီစီ ခွဲဝေ အချိန်ပေးရမည်ဖြစ်ပါသည်။

ဆိုလိုသည်မှာ ထိုကိစ္စငါးရပ်သည် အညီအမျှ အရေးကြီးပါသည်။ ကျောင်းစာ သင်ကြားရေး ကိစ္စကို အချိန် ၃-နာရီ ပေးထားပါက အားကစားနှင့်

ကိုယ်လက်ကြံ့ခိုင်ရေးပြုလုပ်သည့် ကိစ္စအတွက်လည်း ၃-နာရီ အချိန်ပေးရမည် ဖြစ်ပါ၏။

ယင်းကိစ္စငါးရပ်ကို ဦးစားပေးမှုအစီအစဉ် များချမှတ်ပါက လူငယ်တစ်ဦးအတွက် -

- စာရိတ္တကောင်းမွန်အောင် ပြုစုရေးသည် ပထမ အရေးကြီး၏။
- စိတ်ဓာတ်ကြံ့ခိုင်ရေးသည် ဒုတိယအရေး ကြီး၏။
- အားကစားနှင့် ကိုယ်လက်ကြံ့ခိုင်ရေးသည် တတိယ အရေးကြီး၏။
- ကျောင်းသင်ခန်းစာတတ်မြောက်လိုသော ကိစ္စသည် စတုတ္ထ အရေးကြီး၏။
- ပြင်ပ ဗဟုသုတပြည့်စုံရေးသည် ပဉ္စမအရေး ကြီးသောကိစ္စဖြစ်သည်။

စာရိတ္တကောင်းမွန်ရေးတွင် လူငယ်များအား

(က) အဆိုးမြင်ဝါဒ မရှိစေရန်၊ အကောင်း မြင်ဝါဒ ထက်သန်စေရန်၊

(ခ) မေတ္တာတရားထားရှိ၍ ခွင့်လွှတ်သည်း ခံတတ်ရန်၊

(ဂ) ဒေါသထိန်းချုပ်နိုင်သော လူသားတစ်ဦး ဖြစ်စေရန်၊ ရွှေ့လောမကြီးရန်၊ မေလာဘ သိပ်မကြီးရန်၊

(ဃ) မနာလိုဝန်တိုစိတ်နည်းသော လူသား ဖြစ်စေရန်၊

(င) အစုအဝေးနှင့် နေတတ်ထိုင်တတ်စေ ရန်ကိစ္စများကို လူကြီးများက ပျိုးထောင် ပေးရမည်ဖြစ်ပါ၏။ မိဘများကိုယ်တိုင် ကလည်း သားသမီးရရှိလာသောနေ့မှ စ၍ မိမိတို့ အရင်က မည်ကဲ့သို့သော စိတ်ဓာတ်ရှိစေကာမူ ရင်သွေးငယ်ကို ပဋိသန္ဓေ စတင်ရရှိချိန်မှစ၍ အဖရော အမိကပါ မိမိတို့ရင်သွေးငယ် မွေးဖွား လာသည်နှင့် တစ်ပြိုင်နက် ယင်းစိတ် ထားများနှင့် ရင်သွေးငယ်များအား ရေ မိုးချိုးသန့်စင်ပေးပြီး လူ့ဘောင်လောက အတွင်းသို့ ခေါ်ဆောင်ရမည်ဖြစ်ပါ၏။

လူငယ်ဘဝတွင် မိမိကိုယ်မိမိ ယုံကြည်စိတ်၊ မိမိကိုယ်မိမိ တန်ဖိုးထားလိုစိတ်၊ မိမိကိုယ်မိမိ ထိန်းသိမ်းနိုင်စွမ်းသတ္တိနှင့် ငွေကြေးကို စနစ်တကျသုံး

စွဲသော အလေ့အထကို ကလေးဘဝ၏ အစောဆုံး အချိန်များကပင် ရင်သွေးငယ်တို့အား လေ့ကျင့်ပေးရမည်ဖြစ်၏။ ထိုကိစ္စကို အစောဆုံး အရိုးနုချိန်တွင် ပြုလုပ်၍ စောနိုင်သမျှစောစော လေ့ကျင့်ထားနိုင်လေ ကောင်းလေဖြစ်ပါသည်။

ယခုအခါ မြန်မာလူငယ်များအတွင်း၌ မိဘများသည် ကျောင်းစာကိုသာ အဓိကထား၍ အတန်းအောင်မြင်မှု၊ ကျောင်းပညာကို ထိပ်တန်းမှအောင်မြင်ရေးအတွက် အဓိကထားရင်း ကိုယ်လက်ကြံ့ခိုင်မှုမရှိသောလူငယ်များ၊ ပြင်ပဗဟုသုတနည်းသော လူငယ်များ၊ စိတ်ဓာတ်ကြံ့ခိုင်မှု အားနည်း၍ စာရိတ္တပညာကို သင်ကြားခြင်းခံရမှုမရှိသော လူငယ်များဘဝသို့ ရောက်ရှိရာ လူငယ်များအတွင်းတတ်အပ်သောပညာ၊ ရှိအပ်သော အရည်အသွေးများ၏ ငါးပုံတစ်ပုံတွင်သာ ထွန်းပေါက်အောင်မြင်နေကြပြီး အဓိကကျ၍ အရေးကြီးသည့်ငါးပုံလေးပုံသော ကဏ္ဍအရပ်ရပ်တွင် အားနည်းနေသည်ကိုတွေ့ရပါ၏။

ကျောင်းပညာသည် ဆယ်တန်းအထိ သင်ကြားပေါက်မြောက်ပါက ထိုဆယ်တန်းကို ညံ့ဖျင်းစွာဖြင့်ပင် အောင်မြင်ပါစေ လုံလောက်ပါသည်။ ထို့အတွက်လည်း လူငယ်များက ဘာမှအားငယ်စရာ

မလိုပါ။ ဆယ်တန်းအောင်မြင်၍ လူတိုင်းတက္ကသိုလ် ပညာ သင်ကြားရမည်မဟုတ်။ ပညာရေးကို ဝါသနာထုံ၍ ပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုမည့်သူများအား တက္ကသိုလ်သို့ သွားရောက်ပညာသင်ကြားစေ၍ ကျန်လူငယ်များ အလုပ်ခွင်သို့ ဝင်ကြရမည်ဖြစ်ပါ၏။ တက္ကသိုလ်ပညာကို ဆက်လက်သင်ကြားလိုပါကလည်း သင်ကြားစေ၍ သင်ကြားခွင့်မရသောကြောင့်လည်း အထူး စိတ်အားငယ်စရာမလိုကြောင်း လူငယ်များ စွဲမှတ်ထားစေလိုပါ၏။

လူငယ်များအတွက် ယင်းအချက်ငါးချက်တွင် ပြင်ပ ဗဟုသုတဟူသော ကဏ္ဍ၌ မြန်မာလူငယ်တို့အနေနှင့် မြန်မာစာအပြင် အနည်းဆုံး အခြားဘာသာစာပေစကား သုံးခုကို တတ်မြောက်ရန်လိုပါ၏။ အခြား ဘာသာစာပေစကားသုံးမျိုးကို အသက် ၂၉ မတိုင်မီ သင်ကြားတတ်မြောက်ထားရမည် ဖြစ်ပါသည်။ သင်ကြားသင့်သော အခြားစာနှင့် စကားတို့မှာ-

- အင်္ဂလိပ်စာ
- တရုတ်စာ
- ဂျပန်
- အိန္ဒိယ
- ဂျာမန် သို့မဟုတ် ပြင်သစ်တို့ဖြစ်ပါသည်။

ယင်းဘာသာစကားထဲမှ နှစ်မျိုးနှင့် အခြားဘာသာ စကားတစ်မျိုးမျိုးကို သင်ကြားနိုင်ပါသည်။ မလေး စသောဖွံ့ဖြိုးတိုးတက်သည့် အိမ်နီးချင်းနိုင်ငံတို့၏ စာများ ကိုလည်း သင်ကြားသင့်ပါ၏။ လူငယ်များအတွက် အလွန်အရေးကြီးသောကြောင့် မဖြစ်မနေ ဆောင်ရွက် ရမည့်ကိစ္စအဖြစ် သတ်မှတ်ထားစေလိုပါသည်။

တစ်ဖန် လူတိုင်းသည် သိပ္ပံကျောင်းသား ဖြစ်၍ ဝိဇ္ဇာပညာရပ်ကို မသင်ရသည်ဖြစ်စေ၊ ဝိဇ္ဇာ ကျောင်းသားဖြစ်၍ သိပ္ပံပညာရပ်ကို မသင်ရသည် ဖြစ်စေ-

မိမိနိုင်ငံသမိုင်း၊

ကမ္ဘာ့သမိုင်း၊

ပထဝီဝင်နှင့် အခြေခံသိပ္ပံပညာကို လူတိုင်း သိရှိလေ့လာထားသင့်၏။ ထိုပညာရပ်များကို ကျောင်း နေခွင့်ရမှ သင်ကြားရမည်မဟုတ်။ လူဖြစ်လာသည့် အတွက် လူ့သမိုင်းနှင့် လူ့ပတ်ဝန်းကျင်ကို မလွဲမသွေ သိရှိ လေ့လာထားရမည် ဖြစ်ပါ၏။

ထို့နောက် လူငယ်တိုင်းအား ကြီးပွားချမ်း သာရေးနည်းလမ်း (၇) ခုကို ငယ်စဉ်ဘဝမှ စတင်သင် ကြားပေးရမည် ဖြစ်ပါသည်။

မိဘများသည် မိမိတို့၏ ရင်သွေးများအား ငယ်စဉ် လူငယ်ဘဝကပင် -

၁ - ငွေကို မိတ်ဆွေလိုသဘောထားရေးအတွက် စွဲမြဲစွာ သိရှိလိုက်နာရန်၊

၂ - ငွေရှာနိုင်သော အရည်အသွေးကိုပြုစုရန်၊

၃ - အခွင့်အလမ်းများကို သိတတ်မြင်တတ်ရန်၊ အခွင့်အလမ်းကို တွေ့အောင်ရှာ၍ရအောင် ဖမ်းရန်၊

၄ - မိမိ၏ ဝင်ငွေမှ ၁၀-ရာခိုင်နှုန်း သို့မဟုတ် ထို့ထက်ပိုမို စုဆောင်းရေးအတွက် အလေ့အကျင့်ပြုလုပ်ရန်၊ ပိုက်ဆံစုဆောင်းမှုအပေါ် ဝါသနာပါပျော်ရွှင်နေသောစိတ်ထားစိတ်ဓာတ်ပြုစုရန်၊

၅ - အချိန်ကို တန်ဖိုးထား၍ အသုံးချတတ်သော လူငယ်၊ အချိန်ကို ရန်သူလို သဘောမထားဘဲ မိတ်ဆွေလိုသဘောထားသည့် အသိတရား ပျိုးထောင်ပေးရန်၊

၆ - အကျိုးရှိစွာ ရင်းနှီးမြှုပ်နှံရေးအတွက် အလေ့အကျင့် ပြုလုပ်ပေးရန်၊

၇ - ကြီးပွားချမ်းသာလိုစိတ် မွေးမြူပေးရန်
ထိပ်တန်း သို့တက်လိုသောစိတ် ပျိုးထောင်
ပေးရန်

တို့ဖြစ်ပါသည်။

လူငယ်များအား ကြီးပွားချမ်းသာရေးနည်း (၇) နည်းကို မဖြစ်မနေ သင်ကြားပေးရန် လိုအပ်ပါသည်။ ယင်းကိစ္စကို ကျောင်းစာသင်ကြားရေးကဲ့သို့ လိုက်နာစေ၍ ဘုရားရှိခိုးကဲ့သို့ နေ့စဉ်ပြုလုပ်လေ့ကျင့်ရန်လည်းလိုပါ၏။ လူငယ်တစ်ဦးသည် အတန်းစာအတော်အတန်တတ်၍ ကျန်းမာကြံ့ခိုင်ပြီး ချမ်းသာကြွယ်ဝစေသောနည်းခုနစ်နည်းကို တန်ခိုးကြီးဂါထာအဖြစ် ရွတ်ဆိုလေ့ကျင့် စွဲမြဲစေပါက ထိုသူသည် ဘဝ၌ အောင်ပွဲရစေမည်ဖြစ်ပါ၏။

ချမ်းသာကြွယ်ဝစေသော သူဌေးဖြစ်နည်း (၇) နည်းပါ အချက်အလက်များကို မြန်မာလူငယ်တို့၏ အကျင့်စရိုက်ဖြစ်အောင် လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ပါ၏။ ဗိုးထိန်းသည်သည် မိမိ၏ဗိုးကောင်းအောင်၊ ခိုင်ခံ့အောင် နာနာရိုက်၍ ဗိုးကို ပြုပြင်သကဲ့သို့ ချမ်းသာကြွယ်ဝစေသော နည်း (၇) နည်းအား မြန်မာလူငယ်များအတွင်း သူတို့၏မျိုးရိုးအဖြစ် စွဲမြဲ

သွားစေရန် ပံ့သွင်းပေးကြရမည်ဖြစ်သည်။ ဤအရည်အသွေးများ၊ ဤအရည်အသွေးတို့မှ ရရှိသော အစွမ်းသတ္တိများသည် ဘဝတစ်လျှောက်လုံးတွင် ကြီးမားသောအကျိုးကျေးဇူးများကို မုချခံစားရမည်ဖြစ်ပါသည်။ လူငယ်တို့အား ကြီးပွားချမ်းသာစေရန် ရက်ရက်ရောရော အကျိုးကျေးဇူးပြုမည့် နည်းများဖြစ်ပါသည်။

မိဘတစ်ဦးအနေနှင့် သင့်သားသမီးအား ပညာအမွေ၊ ဥစ္စာနေအမွေ၊ ဘာမျှမပေးလိုက်နိုင်သည့်တိုင် ချမ်းသာကြွယ်ဝစေသောနည်း ခုနစ်နည်းထဲမှ တစ်နည်းကိုပင် သင့်ရင်သွေးအား စွဲမြဲစွာ ယုံကြည်လုပ်ကိုင်စေရေးအတွက် အမွေပေးနိုင်ခဲ့ပါက သိန်းတစ်ရာတန်မြေနှင့်အိမ်အမွေ ချန်ထားခဲ့သည်ထက် သင့်ရင်သွေးအတွက် ပို၍ အကျိုးရှိစေမည်မှာ အလွန်မှ ကျိန်းသေလှပါသည်။

ထို့ကြောင့် မိဘတိုင်းသည် ကြီးပွားချမ်းသာစေသော နည်းခုနစ်နည်းကို လူငယ်လူရွယ် သားသမီးတို့အား လိုက်နာကျင့်သုံးစေသင့်ပါ၏။ ထိုနည်း ခုနစ်နည်းကို မိမိ၏ အဖိုးမဖြတ်နိုင်သော အမွေအနှစ်အဖြစ် အသက်ရှင်ထင်ရှားရှိစဉ် ပေးအပ်စေသင့်ပါ

၏။ ဤကြွယ်ဝချမ်းသာစေသောနည်း ခုနစ်နည်းသည် မိမိ၏သားသမီးအား ငွေကြေးသိန်းသန်းမက အမွေပေးခဲ့သည်ထက် ပို၍ တန်ဖိုးကြီးမားလှပါ၏။

အသက်သုံးနှစ်သား လေးနှစ်သားရှိသော ကလေးငယ်တိုင်း၏အိမ်တွင် ငွေကို ပစ်စလက်ခတ် မထားသင့်ပါ။ ကလေးရှေ့တွင် ငွေကို တရိုတသေ ရေတွက်ခြင်း၊ တရိုတသေ သိမ်းဆည်းခြင်းတို့ကိုပြု၍ ဝယ်ခြမ်းခြင်း၊ ပေးကမ်းခြင်းတိုကိုလည်း ကလေးရှေ့တွင် စနစ်တကျပြုလုပ်ရန် လိုအပ်ပါ၏။

ကလေးသည် ငွေကိုအလေးထားဂရုစိုက်ရမည့်အရာ၊ ပေးသင့်သည်ကိုပေး၍ သုံးသင့်သည်ကို သုံးကာ မလွဲမသွေ စုဆောင်းရမည့်အရာအဖြစ် လေးနက်တည်ကြည်စွာ ကလေးအား ငယ်စဉ်မှစ၍သင်ကြားပေးရန် လိုအပ်ပါ၏။

ဈေးဝယ်ခြင်း၊ အကြွေအမ်းခြင်း၊ ငွေကြေးသိမ်းဆည်းခြင်းကိစ္စများကို ကလေးငယ်အား ငယ်စဉ်ကပင် သင်ကြားပေးရမည်ဖြစ်ပါ၏။ ပိုက်ဆံကို ဘုရားကဲ့သို့ မကိုးကွယ်ရန်နှင့် ပိုက်ဆံကို ကျွန်လို မဆက်ဆံရန်၊ ပိုက်ဆံရှာဖွေရာတွင် သင့်တင့်သော လောဘရှိရန်နှင့် မတော်လောဘ မထားရန်၊ ပိုက်ဆံကို မည်သူ့အားမျှ အလကားမပေးရန်၊ အထူးသဖြင့် လူပျင်းများ

အား ပိုက်ဆံမပေးမိစေရေး ကိစ္စများကို လူကြီးမိဘ ကိုယ်တိုင်စံပြလုပ်ကိုင်လိုက်နာပြီး သားသမီးတို့အား သိတတ်သည့်အရွယ်မှ အသက် ၂၀-အတွင်း တစ်ရံမလပ် သင်ကြားပေးနေရမည် ဖြစ်ပါ၏။

ထိုသို့သော သင်ကြားမှုများရှိပါက သင့်ညီ၊ သင့်သား၊ သင့်သမီးသည်

- အတန်းပညာကို အထိုက်အလျောက်တတ်ပြီး
- ကျန်းမာသန်စွမ်းကြံ့ခိုင်၍ အရပ်အမောင်းအားဖြင့် ၅-ပေ ၈-လက်မလည်း ရှိနေပြီး
- စာရိတ္တကောင်းမွန်၍ ပြင်ပ ဗဟုသုတလည်းရှိကာ
- စုပေါင်းညီညွတ်စွာ နေတတ်သော အလေ့အကျင့်လည်းရရှိပြီး
- ဘာသာစကားသုံးမှုလောက်လည်း တတ်ကျွမ်း၍
- ချမ်းသာကြွယ်ဝ စေသော နည်းခုနစ်နည်းကိုလည်းလက်ဖွဲ့အဆောင်အဖြစ် မိမိကိုယ်တွင်ထားရှိ သိမ်းဆည်းပြီးဖြစ်ပါက

ဘယ်အလုပ်ခွင်သို့ ဝင်ရောက်သွားစေကာမူ အများ၏ လေးစားမှု၊ အထင်ကြီးမှု၊ အတုခိုး အားကျမှုများကို ရယူကာ လုပ်ငန်းခွင်သို့ဝင်ပြီး မကြာမီ ကာလ၌ပင်

ရာထူးတိုး၍ အများ၏ အားကျ ချစ်ခင်မှုကိုလည်း ရရှိ မည်ဖြစ်ပါသည်။

ထို့ကြောင့် မွေးစမှ အလုပ်စတင်ဝင်ရောက်သည်အထိ အချိန်အပိုင်းအခြားကို သင်လေ့လာကြည့်ပါ။ အဘယ်မှာနားရမည်ဟူသော အချိန်ဟူ၍ ရှိပါမည်နည်း။ အချိန်ကို သူများထံမှဝယ်၍ ရရှိပါကဝယ်ယူသုံးစွဲဖို့ပင် လိုအပ်နေမည်ဖြစ်ပါသည်။ သင်၏လူငယ်ဘဝတွင် လုပ်စရာများ၊ သင်ကြားစရာများ၊ လေ့ကျင့်စရာများက အလွန်မှ များပြားလှပါ၏။

ထို့ကြောင့် လူငယ်ဘဝတွင် အချိန်တွေအများကြီးပဲ၊ အချိန်တွေပိုနေတယ်လို့ ပြော၍ရမည်လား။ ထိုသို့ပြောပါက ထိုကဲ့သို့ ပြောဆိုမှုသည် အကြီးအကျယ်လိမ်လည်မှုသာလျှင် ဖြစ်ပါ၏။ သင်၏ တာဝန်မဲ့မှုများကို မရှက်မကြောက် လူသူအကြားတွင်ဖော်ထုတ်သော လိမ်လည်မှုကြီးသာ ဖြစ်ပါ၏။

ထို့ကြောင့် အချိန်ကိုတန်ဖိုးထားပါ။

အထူးသဖြင့် မိမိဘဝ၏ပုံရိပ်ကို ဖော်ဆောင်သော လူငယ်ဘဝ အနှစ် ၂၀-ကို အနှစ် ၂၀-စလုံး စေ့စပ်သေချာစွာ လေ့ကျင့်ပျိုးထောင်ခဲ့ပါက ကျန်အနှစ် ၄၀၊ ၆၀-တွင် ဘဝ၌ ကြံ့ကြံ့ခိုင် မားမားရပ်နိုင်

သောလူသားအဖြစ် ဘဝတစ်လျှောက်လုံး တွေ့မြင်နိုင်မည်ဖြစ်ပါ၏။ သင်သည် လူငယ်ဘဝ အသက် ၂၀ကို စနစ်တကျအသုံးချလျှင် သင်၏သက်တမ်းပင်လျှင် အသက် ၈၀ မှချ ကျော်နိုင်ပါသည်။ ကျွန်တော်တို့သည် ပထမအနှစ် ၂၀-ကာလနှင့် ပတ်သက်၍ ရှေ့အခန်းများတွင် ဆက်လက်ဆွေးနွေးပါဦးမည်။

❒

## အခန်း - ၃

## အနှစ် ၂၀ အချိန်သေတ္တာနှင့် သွတ်သွင်းရမည့် ပစ္စည်းများ

ကျွန်တော်တို့ဘဝတွင် အချိန်သေတ္တာကြီး ခုနစ်သေတ္တာ ရှိပါ၏။ ထိုသေတ္တာ ခုနစ်ခုထဲသို့ ကျွန်တော်တို့၏ ဘဝတာဝန်များ၊ ဆန္ဒများ၊ ပျော်ရွှင်မှုများ၊ အောင်ပွဲများကို နေရာတကျ ထည့်သွင်းကြရမည်ဖြစ်ပါ၏။

ထိုသေတ္တာခုနစ်ခုအနက် ပထမသေတ္တာမှာ မွေးသည်မှစ၍ အလုပ်ဝင်သည် အထိ

အနှစ် ၂၀ ကာလ သေတ္တာဖြစ်ပါ၏။ ထိုအနှစ် ၂၀ ကာလ သေတ္တာအတွင်းသို့ ကျွန်တော်တို့သည်-

- ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်အောင် တည်ဆောက်ခြင်းအထုပ်၊
- စိတ်ဓာတ်ကြံ့ခိုင်အောင် တည်ဆောက်ခြင်းအထုပ်၊
- စိတ်ကောင်း မွေးမြူခြင်းအထုပ်၊
- ကျောင်းစာ သင်ကြားခြင်းအထုပ်၊
- အများနှင့်ညီညွတ်စွာ နေထိုင်တတ်မှု လေ့ကျင့်ပျိုးထောင်ခြင်းအထုပ်၊
- ဘာသာခြားစာနှင့်စကား သင်ကြားခြင်းအထုပ်၊
- အထွေထွေဗဟုသုတ ရှာဖွေခြင်းအထုပ်၊
- သိပ္ပံ ပထဝီနှင့် သမိုင်းဘာသာရပ်ကို လေ့လာခြင်းအထုပ်၊
- ကြီးပွားချမ်းသာစေသောနည်း ခုနစ်နည်းကို မိမိ၏အကျင့်စရိုက်အဖြစ် ပျိုးထောင်ခြင်းအထုပ်

စသည့်အထုပ်ကြီးများကို ထိုအနှစ် ၂၀-ဟူသော ကာလသေတ္တာကြီးအတွင်း ဝင်အောင်ထည့်ကြရမည် ဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် PACKING ဟူသောပညာရပ်သည် ထုပ်ပိုးပညာရပ်ဖြစ်သည်။ ယဉ်ကျေး

သောယနေ့ကမ္ဘာတွင် ထုပ်ပိုးမှုဆိုင်ရာပညာရပ်သည် အလွန်အရေးပါသော ပညာရပ်ဖြစ်၏။ ပစ္စည်းရောင်းဝယ်ရေးတွင် ထုပ်ပိုးသည့် ပညာရပ်မပါလျှင်မဖြစ်ပေ။ ခရီးသွားရာတွင် ထုပ်ပိုးခြင်း အတတ်ပညာသည် အရေးကြီးကြောင်းသိကြ၏။ မိမိတို့အိမ်တွင် အိမ်ထောင်ပရိဘောဂပစ္စည်းများ နေရာချထားခြင်းသည်လည်း ထားသိုသိမ်းဆည်းမှု ဘာသာရပ်တွင် ပါဝင်၍ မီးဖိုချောင်ရှိပစ္စည်းများ စနစ်တကျရှိရေးကိစ္စတွင်လည်း ထားသိုတတ်မှုအလုပ် ပါဝင်၏။

ဘဝတွင် အလွန်အရေးကြီးသော ပထမကိစ္စမှာ အနှစ် ၂၀-ဟူသော သေတ္တာအတွင်း ကိုယ်ခန္ဓာနှင့်စိတ်ဓာတ်ရေးရာ ကြွခိုင်မှုပစ္စည်းများကို ဝင်ဆံ့အောင် ထည့်သွင်းနိုင်ရေးကိစ္စဖြစ်၏။ ပစ္စည်းထည့်သွင်းရာတွင် စနစ်တကျမရှိပါက၊ ကနဦးအစကပင် သိုသိုသိပ်သိပ်မရှိပါက ပစ္စည်းနည်းနည်းထည့်ကာမျှ ရှိသေးသည် သေတ္တာသည် မဆံ့မပြဲ ဖြစ်တတ်၏။

ပစ္စည်းများကို ထည့်သွင်းရာတွင် အရင်ထည့်ရမည့်ပစ္စည်းကို နောက်မှထည့်၍မဖြစ်။ နောက်ထည့်ရမည့်ပစ္စည်းများကို အရင်ထည့်ပါက အခက်

အခဲတွေ့ရသလို အရင်ထည့်ရမည့်ပစ္စည်းများကို နောက်မှ ထည့်ပါကလည်း အခက်အခဲတွေ့ရ၏။ လေးလံသောပစ္စည်းများကို ထည့်ရာတွင်လည်း ထည့်သင့်မသင့် စဉ်းစားရမည် ဖြစ်ပါ၏။ သေတ္တာထဲသို့ ပစ္စည်းများထည့်ရာတွင် အဖိုးတန်သည့် အရေးကြီး ပစ္စည်းများကို ပါအောင်ထည့်ရ၏။ ထိုအရာများ မပါဘဲ အဖိုးမတန်သည့်၊ အရေးမကြီးသည့် ပစ္စည်းများ သာပါလာပါကလည်း တန်ဖိုးနည်း၏။ ထို့ပြင်သေတ္တာထဲ သို့ ပစ္စည်းထည့်ရာတွင် အရေးပေါ်အသုံးလိုသည့် ပစ္စည်းကို အလွယ်တကူယူ၍ရမည့်နေရာတွင် ထားရှိကာ သေတ္တာအတွင်း၌ ဘာပစ္စည်းတွေ ထည့်ထားသည် ဆိုသည့်ကိစ္စကိုလည်း မှတ်မိနေရမည်ဖြစ်သည်။

လူ့ဘဝအနှစ် ၂၀-ကာလသည် ခန္ဓာကိုယ်နှင့်စိတ်ဓာတ် ကြံ့ခိုင်ကြွယ်ဝစေရေးအတွက် လိုအပ်မှုအထုပ်များ အနှစ် ၂၀-သေတ္တာထဲတွင် ဝင်အောင် ထည့်ရမည်ဖြစ်သည်။

လေယာဉ်ဖြင့် ခရီးသွားပါက သင့်အား လေကြောင်းဌာနများသည် ကီလို ၂၀-ကိုသာ သယ်ယူခွင့်ပြုပါ၏။ ထိုကီလို ၂၀-ဟူသော အလေးချိန်အတွင်း သင် ယူသင့် ယူထိုက်သော အဖိုးတန်

ပစ္စည်းများပါအောင် ထည့်သွင်းယူဆောင်ရမည်ဖြစ်သည်။ သို့မဟုတ်ဘဲ ပါသင့်ပါထိုက်သောပစ္စည်းများ ပါမလာပါက သင်ရှေ့ဆက်မည့်ခရီးအတွက် မုချ ကေန် အခက်အခဲနှင့် ကြုံစရာရှိ၏။ သင်သည် အေးသောအရပ်သို့သွားရာတွင် အနွေးထည်များ ကျန်နေပါက မုချ ဒုက္ခတွေ့မည်ဖြစ်၏။ သင်သည် ညီလာခံတစ်ခုသို့ သွားရာတွင် ညီလာခံတွင် ဖတ်မည့်စာ၊ ညီလာခံသို့ ဝင်ရောက်ရမည့်ကတ်ပြားများ စုံလင်အောင်ပါဖို့ အဓိက ဖြစ်သည်။

ခရီးတကာ့ခရီးတွင် အရေးကြီးဆုံးခရီးသည် ဘဝခရီးဖြစ်ပါ၏။ သင့်ဘဝခရီးကို လျှောက်လှမ်းရေးအတွက် အထုပ်အပိုးပြင်ရာတွင် ပါသင့်ပါထိုက်သော၊ မလွဲမသွေပါရမည်ဖြစ်သော ပစ္စည်းများပါလာရန် အရေးကြီးသည်။ ဘဝခရီး လျှောက်ရာတွင် ခရီးကို စီစဉ်ပေးရမည့်သူများမှာ သင့်မိဘနှစ်ပါးဖြစ်သော်လည်း ထိုခရီးကိုသွားရမည့်သူသည် သင်ကိုယ်တိုင်ဖြစ်သည်။

ခရီး၌ လိုအပ်သောပစ္စည်းများကို ထည့်သွင်းသယ်ဆောင်ရမည့်သူမှာလည်း သင်ကိုယ်တိုင်ဖြစ်သည်။ တစ်ခါတစ်ရံ ကိုယ်သယ်ယူသွားမည့် သေတ္တာနှင့် သယ်ရမည့်ပစ္စည်း မဆံ့ဘဲ ဖြစ်နေသောအခါ မပါ

ပါအောင်လက်ဆွဲ၍ သယ်ယူခြင်း၊ အခြားခရီးသွား ဖော်များအားတောင်းပန်၍ သယ်ယူစေခြင်း၊ လေကြောင်းဌာနသို့ ပစ္စည်းအနည်းငယ် ပိုယူခွင့် တောင်းပန်၍ သယ်ယူစေခြင်း စသော နည်းလမ်းများ ရှိရာ အနှစ် ၂၀-ဟူသော သေတ္တာတွင် သင်သယ်ယူရမည့် ပစ္စည်းများ မဆံ့မပြဖြစ်နေပါက အနှစ် ၂၀-ဟူသော အချိန်ကို ရနိုင်သမျှခိုးယူပါ။ ဆိုလိုသည်မှာ အနှစ် ၂၀တွင် တစ်နေ့ ၈-နာရီအိပ်၊ ၈-နာရီအလုပ်လုပ်၊ ၈-နာရီ အပန်းဖြေရမည့်အစား လူ့ဘဝတွင် တစ်နေ့ ၆-နာရီ သာအိပ်သော အလေ့အထကို ပြုလုပ်ပါ။ အပန်းဖြေအနားယူ၍ ဟာဟီရကိစ္စများ လုပ်ဆောင်သော အလုပ်ကို ၄-နာရီနှင့်အပြီးလုပ်ပြီး ကျန် ၄-နာရီကို အလုပ်လုပ်ပါက သင့်တွင် တစ်နေ့ ၆-နာရီ အချိန်ပို၍ ရလာပါ၏။ တစ်နေ့ ၆-နာရီပိုလာပါက-

တစ်လတွင် နာရီ ၁၈၀-ပိုလာမည်၊

တစ်နှစ်တွင် နာရီ ၂၁၆၀-ပိုလာမည်၊

ဆယ်နှစ်တွင် နာရီ ၂၁၆၀၀-ပိုလာမည်၊

အနှစ် ၂၀-တွင် နာရီ ၄၃၂၀၀-နာရီပိုလာနိုင်ပေရာ သင့်ဘဝ၏ ပထမအနှစ် ၂၀-ကို အထူးအလေးထားဂရုစိုက်ပါ။ ဤကာလသည် မိဘတို့၏

လောင်းရိပ်မကင်းသောကာလ ဖြစ်သော်လည်း မိမိ၏ ဝိရိယလည်း လိုအပ်လှပါ၏။ မိဘများသည် မိမိရင်သွေးအား ကြီးပွားတိုးတက်စေလိုပါက၊ တစ်သက်တာကျန်းမာ ချမ်းသာစေလိုပါက သင့်ရင်သွေး၏ ပထမအနှစ် ၂၀-ကာလကို ထိရောက်စွာ အသုံးပြုနိုင်ရေးအတွက် သင်သည် အရေးတကြီးလုပ်ငန်းတာဝန် တစ်ရပ်အနေနှင့် ကူညီဆောင်ရွက်ရန်လိုပါ၏။

သင်သည် သားသမီးအတွက် ဝင်ငွေတစ်စုံ တစ်ရာရှာပေး၍ အတန်းကျောင်း တစ်ခုခုတွင် ထားပေးရုံဖြင့် တာဝန်မကျေပွန်ပါ။ အနှစ် ၂၀-ဟူသောသေတ္တာထဲသို့ သင့်ရင်သွေးကို သူ့ဘဝခရီးအတွက် သယ်ဆောင်သွားရမည့်ပစ္စည်းများကို ထည့်သွင်းရာတွင် အံဝင်ခွင်ကျဖြစ်အောင်၊ ပြည့်စုံစွာပါဝင်သွားအောင် ကိုယ်တိုင်ပါဝင်နိုင်ပါမှ တာဝန်ကျေပွန်ပါလိမ့်မည်။

ထိုသို့ထည့်ပေးရာတွင် ကြွယ်ဝချမ်းသာစေသောနည်းခုနစ်နည်းကို မမေ့ပါနှင့်။ ထည့်ဖြစ်အောင် ထည့်ပေးလိုက်ပါဟုမှာကြားလိုပါသည်။

## အခန်း - ၄
## ရုပ်ဖဲ့အဆင့်ဖြင့် ခရီးသွားခြင်း

ဘဝခရီးအား စတင်လျှောက်လှမ်းခြင်းသည် မီးရထားဖြင့်၊ ကားဖြင့်၊ လေယာဉ်ပျံဖြင့်၊ လှည်းဖြင့်၊ လှေဖြင့် ခရီးသွားသည်နှင့် အတူတူပင် ဖြစ်သည်။

ခရီးသွားမည့်သူသည် ခရီးမသွားမီ ပြင်ဆင်မှုများကို ပြုလုပ်ရသည်။

လေယာဉ်နှင့်ခရီးသွားပါက လေယာဉ်လက်မှတ်ပါရမည်။ မိမိရောက်ရှိမည့်နေရာတွင် အသုံးပြုမည့်ပစ္စည်းများ ပါရမည်။ တစ်နိုင်ငံမှ တစ်နိုင်ငံသို့ ကူးပါက နိုင်ငံကူးလက်မှတ်၊ သူ့နိုင်ငံသို့ဝင်ရောက်ခွင့်

ဗီဇာ စသည်တို့ ပါရမည်။ ထို့အပြင် ခရီးရောက်မည့် အရပ်တွင် တည်းခိုမည့်နေရာ ဟိုတယ်၊ လာကြိုမည့်သူ စသည်တို့ရှိရန် လိုအပ်၏။ ထိုအရာများ မရှိပါက မုချ ဒုက္ခတွေ့နိုင်၏။

လေယာဉ်နှင့်ခရီးသွားရာတွင် Business Class နှင့် Economic Class ဟူ၍ နှစ်မျိုးနှစ်တန်းရှိ၏။ Business သည် ပထမတန်းဖြစ်၍ Economic Class သည် ရိုးရိုးတန်းဖြစ်၏။ လေယာဉ်ခရီးသည်တို့အား လေကြောင်းဌာနများသည် ပထမတန်း Business Class မှ စီးသူတို့အား လေကြောင်းနှင့်စတင် ဆက်ဆံစဉ်ကပင် ကော်ဇောနီခင်း၍ ကြိုပါသည်။ ပထမတန်းမှ စီးသူတို့အား နေရာထိုင်ခင်း သီးခြားပေးသည်။ လေယာဉ်၏ ရှေ့ပိုင်းမှထား၍ စားကောင်းသောက်ဖွယ်များကို ဝလင်စွာကျွေးသည်။ အဖျော်ယမကာ သောက်သုံးစရာများကို အလျှံပယ်ပြုစုသည်။ လက်ဆောင်ပစ္စည်းများလည်းပေး၏။

ရိုးရိုးတန်းမှ စီးသူများနှင့် ပထမတန်းမှ စီးသူများ လုံးဝ ကွဲပြားခြားနားစွာ ပြုစု ဆက်ဆံပါသည်။

ကျွန်တော်တို့သည် ဘဝခရီးကို လျှောက်လှမ်းရာတွင် Business Class ပထမတန်းမှ လျှောက်ခွင့်ရအောင် မူလအစကပင် ကြိုးစားကြရမည်ဖြစ်၏။

ပထမတန်းကို စင်ကာပူနိုင်ငံ၏ အခေါ်အဝေါ်နှင့်ဆို ပါက Raffle Class ရပ်ဖဲအဆင့် ဖြစ်၏။ ထိုင်းလေ ကြောင်းတွင်မူ Royal Executive Class ဟုခေါ်၏။ ခရီးသွားရာတွင် ရပ်ဖဲအဆင့်၊ ပထမတန်းအဆင့်မှ သွားနိုင်ရန် ခရီးမသွားမီကပင် စတင်ပြင်ဆင်ရမည် ဖြစ်၏။

ဘဝခရီးတွင်လည်း ပထမတန်းအဆင့် ရပ်ဖဲ အဆင့်မှ ခရီးသွားနိုင်ရေးကို ကျွန်တော်တို့သည် မွေး ချိန်မှ အနှစ် ၂၀-အတွင်းထိရောက်စွာ ပြင်ဆင်မှုများ ပြုရမည်ဖြစ်၏။ ထိုကာလအတွင်း ရပ်ဖဲအဆင့်မှ သွားရောက်နိုင်ရေးအတွက် မပြင်ဆင်နိုင်ပါက တာထွက်ညံ့သူဟု ခေါ်နိုင်ပါ၏။ ဘဝတွင် တာထွက် ညံ့ရုံဖြင့် လူညံ့ဖြစ်ရမည်ဟူ၍ကား မဟုတ်ပါ။ သို့သော် တာထွက်ကို ရပ်ဖဲအဆင့်ဖြင့် တာထွက်နိုင်လျှင် အ ကောင်းဆုံးဖြစ်ပါ၏။ ထို့ကြောင့် သင်၏ဘဝပုံရိပ် ကို ဖော်ဆောင်သည့် ဘဝ၏ပထမအနှစ် ၂၀-ကာလ ကို အထူး ကြပ်ကြပ်မတ်မတ် ဂရုစိုက်ရန်လိုပါ၏။ ထို ကာလ၏ အချိန်များကို ဖြုန်းတီးမပစ်ဖို့ လိုပါ၏။ အချိန်ကို ဖြုန်းတီးပစ်ခြင်းသည် အချိန်ကို ရန်သူကဲ့သို့ ဆက်ဆံခြင်း ဖြစ်ပါ၏။

ထိုကာလသည် မိဘများအား မှီခိုအားထား ရသောကာလဖြစ်ရာ မိဘများသည် မိမိတို့ရင်သွေး

ငယ်အား ဘဝခရီးလျှောက်ရာတွင် ရပ်ဖဲအဆင့်မှ လေယာဉ်လက်မှတ် ဝယ်ပေးလိုက်နိုင်ရန် စီမံသင့်ပါ၏။ ရပ်ဖဲအဆင့် ပထမတန်းစား အဆင့်မြင့် ခရီးသွားရေးကို အဓိပ္ပာယ် ဖွင့်ဆိုရာတွင် -

- ကျောင်းကောင်းကောင်းနေခွင့်ရရေး၊
- လူငယ်ဘဝ ငွေဖောဖောသီသီသုံးရေး၊
- စာမေးပွဲများကို ပထမအဆင့်မှ အောင်မြင်ရေး ကိစ္စများချည်းမဟုတ်၊ အရေးကြီးသည်မှာ -
- ကိုယ်ခန္ဓာ ကြံ့ခိုင် ကျန်းမာဖို့၊
- စိတ်ဓာတ်ကြံ့ခိုင် မြင့်မားဖို့၊
- စိတ်ကောင်းရှိဖို့နှင့်
- ဗဟုသုတကြွယ်ဝဖို့၊ အခြေခံ အရေးအဖတ် တတ်ကျွမ်းဖို့၊
- ချမ်းသာကြွယ်ဝနည်းခုနစ်နည်းကို မိမိ၏ ဓလေ့စရိုက်အဖြစ် လိုက်နာဖို့ဖြစ်ပါသည်။

ထိုသို့ဆိုပါက သင်သည် ဘဝခရီးကို စတင် ရပ်ဖဲအဆင့်ခရီးစတင်ခြင်းဟုခေါ်ဆိုနိုင်ပါ၏ ။ ပါ၏။

# အခန်း–၅
## အလုပ်စတင်လုပ်ကိုင်ခြင်းနှင့်ငွေကြေး တာဝန်ယူခြင်း

သင်သည် ဘဝ၏အစပိုင်း အနှစ် ၂၀-ကို ပေါ့ပေါ့တန်တန်မနေဘဲ ကြိုးစားအားထုတ်၍ လိုအပ်သောပြင်ဆင်မှုများကို ပြည့်စုံစွာ ပြင်ဆင်ထားသူတစ်ဦးဖြစ်ပါ၏။

သင်၏အသက်သည် ၂၀-တင်းတင်းပြည့်ပြီဖြစ်သည်။

- သင်၏အရပ်သည် ၅-ပေနှင့်၈-လက်မရှိ၏။

- ကိုယ်အလေးချိန်ပေါင် ၁၅၀-ရှိသည်။ မိန်းကလေးဆိုပါက ၁၂၅-ပေါင်ရှိသည်။
- ရောဂါဘယကင်းရှင်း၍ ကျန်းမာသန်စွမ်းသောအသွင်ရှိ၏။
- ကိုယ်ခန္ဓာကျန်းမာကြံ့ခိုင်သလို စိတ်ဓာတ်လည်း ကြံ့ခိုင်မှုရှိ၏။
- စိတ်ကောင်း စိတ်မြတ်ကို သင့်ရင်ထဲ၌ မွေးမြူပြုစုထား၏။
- သင်သည် မြန်မာစာနှင့် အင်္ဂလိပ်စာ၊ စကားအပြင် အခြားဘာသာနှင့် စကားနှစ်မျိုးလောက်လည်း တတ်ကျွမ်းနေ၏။
- ရှစ်တန်းသို့မဟုတ် ဆယ်တန်းသို့မဟုတ် တက္ကသိုလ်တစ်ခုမှ ဘွဲ့တစ်ခုလည်း ရထား၏။ ဘွဲ့မရထားလျှင်လည်း ကိစ္စမရှိပါ။
- ချမ်းသာကြွယ်ဝလိုသော စိတ်ဓာတ်လည်း ရှိနေသည်။
- ကြီးပွားချမ်းသာစေသော နည်းခုနစ်နည်းလည်း သင့်စရိုက်လက္ခဏာအဖြစ် စွဲမြဲနေပြီဟု ဆိုပါက -

သင်သည် ကွမ်းယာရောင်းသည့်အလုပ်၊ ရေခဲရေရောင်းသည့်အလုပ်၊ မြူနီစပယ်တွင်လုပ်သည့်

သန့်ရှင်းရေးအလုပ်၊ ပန်းကန်ဆေးအဝတ်လျှော် အလုပ်ကိုပင် စတင်၍ လုပ်ရစေကာမူ သင်သည် မကြာမီ ထိပ်တန်းသို့ရောက်မည့်ပုဂ္ဂိုလ်၊ မကြာမီ ချမ်းသာကြွယ်ဝသူအဖြစ် မြင်တွေ့ရမည့်ကိစ္စမှာ ကျိန်းသေဖြစ်ပါ၏။

အလုပ်စတင်ဝင်ရောက်ချိန်သည် အသက် ၂၀-မှ ၂၅-နှစ်အတွင်း သို့မဟုတ် ၂၀-မှ ၃၀-အတွင်း ဖြစ်တတ်ပါ၏။

သင်သည် အနှစ် ၂၀-တိုင် သင်၏ ပြင်ဆင်မှုများကြောင့် အလုပ်ခွင်သို့ရောက်သောအခါတွင်လည်း အလုပ်ခွင်သည် သင့်အားလေးစားပြီး ဖြစ်ပါသည်။ အလုပ်ခွင်တွင် သင် လုပ်ဆောင်ရမည့်ကိစ္စမှာ

- အလုပ်ခွင်၌ တွေ့ရှိရသောသူများနှင့် သင့်တင့်မျှတစွာ ဆက်ဆံရေးနှင့်
- အလုပ်မှ ရရှိလာသောငွေကြေးကို စနစ်တကျ တာဝန်ယူရေး ဖြစ်ပါ၏။ သင့်ကိုယ်ပိုင်ငွေကို ပထမဆုံးအကြိမ် သင်ကိုယ်တိုင် စီမံခန့်ခွဲသော ကာလဖြစ်ပါ၏။

ထိုကာလတွင် တလွဲတချော်မဖြစ်ဖို့ အရေးကြီးပါ၏။

အလုပ်စတင် ဝင်ရောက်ချိန်၌ အရေးအကြီးဆုံးမှာ သင် ဝင်ရောက်လုပ်ကိုင်သော ထိုအလုပ်ကို

ကျွမ်းကျင်နိုင်နင်းရန် ဖြစ်ပါ၏။ အလုပ်ခွင်၌ သင်သည် ကျွမ်းကျင်မှု လိုအပ်နေပါက နေ့မအား ညမအား ပိုမိုကျွမ်းကျင်အောင် ကြိုးစားရမည်ဖြစ်ပါ၏။ မိမိလုပ်ဆောင်ရသောအလုပ်ကို ကျွမ်းကျင်မှု ရရှိစေရန် အထူးအာရုံစိုက်၍ လုပ်ဆောင်ရမည့်ကာလ၊ မျက်ခြည်မပြတ် လုပ်ဆောင်ရမည့်ကာလလည်း ဖြစ်ပါ၏။

ထိုအချိန်တွင် မိမိကိုယ်မိမိ ပျိုးထောင်နေရဦးမည်လည်း ဖြစ်သည်။

တစ်ဘက်မှ ဝင်ငွေရရှိသောအလုပ်ကို လုပ်ဆောင်နေချိန်တွင် အနှစ် ၂၀ တာ ကာလအတွင်း မပြီးပြတ်သေးသောပညာ ရှာဖွေမှုများကို စာပေးစာယူနည်းဖြင့် လည်းကောင်း၊ ညကျောင်း၊ ညနေကျောင်းများ တက်၍လည်းကောင်း ဆက်လက်သင်ကြားယူရမည် ဖြစ်၏။ ထို့ပြင် အလုပ်အတွက် အထောက်အကူဖြစ်စေမည့် သင်တန်းများကို ဆက်လက် တက်ရောက်ရမည်ဖြစ်၏။ ဥပမာ ကွန်ပျူတာသင်တန်း၊ စာရင်းပြုလုပ်ငန်း သင်တန်း၊ မန်နေဂျာသင်တန်း၊ စီမံခန့်ခွဲမှုဆိုင်ရာသင်တန်း၊ ဗဟုသုတဆိုင်ရာလုပ်ငန်း၊ အင်္ဂလိပ်စကားပြော၊ တရုတ်စကားပြော သင်တန်းများကို ဆက်၍တက်ရမည်ဖြစ်ပါ၏။

လုပ်ငန်းကျွမ်းကျင်မှုများအတွက်လည်း တစ်ဘက်မှ တရစပ်ကြိုးစား၍ အသိပညာ၊ အတတ်ပညာ တိုးပွားရေးအတွက်လည်း၊ အပတ်တကုတ် လေ့ကျင့်နေရမည်ဖြစ်၏။ ထို့ကြောင့် ယခုကာလတွင်လည်း အချိန်သည် မလောက်မဖြစ်နေ၍ အချိန်ကို အတော်ကြီး ခွဲခြမ်းစိတ်ဖြာပြီး အသုံးပြုရမည့်ကာလ ဖြစ်ပါ၏။

ထိုအချိန်တွင် လူမှုဆက်ဆံရေးနယ်တွင်လည်း လုပ်ငန်းခွင်မှ တွေ့ရှိလာရသော မိတ်သစ်ဆွေသစ်များနှင့် တက်တက်ကြွကြွ လူဝင်ဆံ့အောင် နေထိုင်ဖို့ လိုအပ်ပါ၏။ ပေါင်းသင်းဆက်ဆံရေးနှင့် ပတ်သက်၍ လေ့ကျင့်မှုများ လုပ်ရမည်ဖြစ်၏။ အလုပ်ခွင်၌ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေရောင်းရင်း တိုးပွားမှုအတွက် လည်း ဂရုတစိုက် လုပ်ဆောင်ရမည်ဖြစ်၏။ အပေါင်းအသင်းမမှားဖို့၊ လမ်းမမှားဖို့အတွက်လည်း ဂရုစိုက်ရမည်ဖြစ်ပါ၏။

ထိုအချိန်တွင် အပေါင်းအသင်းဆက်ဆံရေး ညံ့ဖျင်းပါက အလုပ်ခွင် အဆင်မပြေမှုများနှင့် ရင်ဆိုင်တွေ့ကာ အလုပ်ခွင်၌ပြဿနာများ ပေါ်တတ်ပါ၏။ မိမိဘဝ အချိန်မရှိရသည့်အထဲ ပြဿနာဖြေရှင်းနေဖို့ အချိန်မရှိပါ။ တစ်ဖန် အပေါင်းအသင်း ဆက်ဆံရေး

ပြေပြစ်မှုသည် အလုပ်ခွင်၌ လုပ်ငန်းတိုးတက်မှု အောင်မြင်မှုများ ရရှိသောကြောင့် အလုပ်ခွင် ပေါင်းသင်းဆက်ဆံရေးကို ဂရုစိုက်ရမည်၊ အချိန်ပေးရမည်လည်း ဖြစ်ပါ၏။

ရရှိလာသော ငွေကို မိဘဆွေမျိုး ကျေးဇူးပြုသူတို့အား တစ်စိတ်တစ်ဒေသ ပေးကမ်းခြင်း၊ လောလောဆယ် မိမိ၏စားဝတ်နေရေးအတွက် အသုံးပြုခြင်းအပြင် ငွေစုဆောင်းမှုကိုလည်း စတင်ပြုလုပ်ရမည်ဖြစ်ပါ၏။ အနည်းဆုံးဝင်ငွေ၏ ၁၀-ရာခိုင်နှုန်းကို စတင်စုဆောင်းရမည် ဖြစ်ပါသည်။

တစ်ချိန်တည်းမှာပင် ဝင်ငွေတိုးတက်ရရှိရေးအတွက်လည်း ကြံဆနေရမည်ဖြစ်ပါ၏။ ဝင်ငွေတစ်ခုမှ နှစ်ခု စသည်ဖြင့် အပိုဝင်ငွေများရရှိအောင် ရှာဖွေရင်း စုငွေကို အကျိုးအမြတ်ရှိရှိ ရင်းနှီးမြှုပ်နှံရေးအတွက်လည်း စိတ်ကူး စိတ်သန်းများ ထုတ်နေရမည်ဖြစ်ပါ၏။

ထို့ကြောင့် ထိုအချိန်တွင်ရော သင့်ထံတွင် အချိန်ပိုများရှိနေသည်ဟု ထင်မိပါသလား။ အမှန်စင်စစ် ထိုကာလတွင်လည်း သင်သည် အချိန်မလောက်မငဖြစ်နေသည်မှာ အမှန်ဖြစ်ပါ၏။

ထိုအချိန်တွင် အိမ်ထောင်ပြုဖို့အတွက် စိတ်ကူးစိတ်သန်းများ ပေါ်ပေါက်ချိန်လည်းဖြစ်ရာ မိမိ၏ ကျောင်းနေဘက် သူငယ်ချင်းများအတွင်းမှ သော်လည်းကောင်း၊ ယခုလုပ်ငန်းခွင်အသစ်မှ သော်လည်းကောင်း၊ မိဘ ဆွေမျိုးများနှင့် နီးစပ်သူများထဲမှ သော်လည်းကောင်း မိမိ၏အိမ်ထောင်ဘက်ကို မလွဲမသွေ ရှာဖွေရမည်ဖြစ်ပါ၏။

ထိုသို့ လုပ်ဆောင်ရင်း အိမ်ထောင်ဖက်များကိုလည်း တွေ့ရှိတတ်ပါ၏။ အိမ်ထောင်ဘက် ရွေးချယ်ရာတွင်လည်း အချိန်ပေးရန် လိုအပ်ပါ၏။

❐

## အခန်း – ၆
## အိမ်ထောင်ပြုခြင်း

ဤအဆင့်သည် လူ့ဘဝတွင် အရေးကြီးသော အချိန်ဖြစ်သည်။ အိမ်ထောင်ဘက် အရွေးမမှားရန် လိုသည်။ မိဘိုးဖလာအရ လူကြီးသူမတို့ ပြောကြားချက်များအရ အိမ်ထောင်ဘက် ရွေးချယ်ရာတွင် မည်သို့ မည်ပုံ ရွေးချယ်ရမည်ဟူသော စံထားသတ်မှတ်ချက်များရှိပါ၏။

အိမ်ထောင်ဘက် ရွေးချယ်ရာတွင် မြန်မာ့လူ့အဖွဲ့အစည်းအတွင်းတွင် ယောကျာ်းလေးဘက်မှ

အခွင့်အရေးသည် ရွေးချယ်ခွင့်ကို ပိုင်ဆိုင်ခြင်းဖြစ်၍ အမျိုးသမီးများဘက်မှ အခွင့်အရေးသည် ငြင်းပယ်ခွင့်ကို ပိုင်ဆိုင်ခြင်း ဖြစ်ပါ၏။

အမျိုးသမီးဖြစ်စေ၊ အမျိုးသားဖြစ်စေ မိမိတို့၏ မသိစိတ်တွင် မိမိနှစ်သက်မြတ်နိုးသည့် အိမ်ထောင်ဘက်၏ ပုံသဏ္ဌာန်သည် တည်ရှိနေပြီး ဖြစ်၏။ ငယ်စဉ်ကာလ ကလေးဘဝမှစ၍ မိမိ၏မသိစိတ်တွင် မိမိ၏ မိခင်ဖခင်တို့၏ပုံသဏ္ဌာန်၊ အတူနေ အဒေါ် ဦးလေးတို့၏ သင်ကြားမှုနှင့် ဖတ်ရှုသောစာပေတို့က ပုံဖော်ပေးသည့် ပုံရိပ်သဏ္ဌာန်များသည် ထိုသူ၏စိတ်တွင် ထင်ဟပ်လျက်ရှိရာ ထိုပုံရိပ်တို့နှင့် အနီးစပ်ဆုံး တူညီမှုရှိသူကို တွေ့ရှိပါက ထိုပုံသဏ္ဌာန်အား ချစ်ခင်မေတ္တာမျှလိုစိတ် ယိုဖိတ်လာကြသည်သာ ဖြစ်၏။ ဤအရာကို ချစ်ခြင်းမေတ္တာအဖြစ် ဖွဲ့ဆိုတတ်ကြ၏။

မိမိ၏မသိစိတ်တွင် ကိန်းအောင်းနေသော ဆန့်ကျင်ဘက်လိင်၏ ပုံရိပ်သည် မိမိမြတ်နိုးချစ်ခင်တွယ်တာနိုင်သည့် သဏ္ဌာန်ပင်ဖြစ်ပါ၏။ ထိုပုံရိပ်တွင် စိတ်ပိုင်းနှင့်ရုပ်ပိုင်း နှစ်မျိုးစလုံး ပါဝင်၏။ ထိုသဏ္ဌာန်သည် အမျိုးမျိုးဖြစ်နိုင်သည်။ မိမိကြိုတင်ဖန်တီးထားသောပုံရိပ်နှင့် ဆင်တူသော၊ နီးစပ်သောသူတစ်ဦးက ချစ်ရေးဆိုလာပါက မိန်းကလေးသည် ထိုအချစ်ကို

လက်ခံတတ်သည်သာ ဖြစ်၏။ ထို့အတူ ယောကျ်ားလေးတို့ကလည်း မိမိ၏ မသိစိတ်တွင် ဖြစ်ပေါ်တည်ရှိနေသောပုံရိပ်နှင့်တူညီသည့် မိန်းကလေးကို တွေ့ရှိပါက မေတ္တာစိတ်ယိုဖိတ်ကာ ချစ်မေတ္တာပေါက်ဖွားလာကြပါ၏။

ထို့ကြောင့် အိမ်ထောင်ဘက် ရွေးချယ်ရာတွင် ယောကျ်ားလေးများသည် စိတ်ကြိုက်ရွေးချယ်ခွင့်နှင့် မိန်းကလေးများသည် စိတ်ကြိုက် ငြင်းပယ်ခွင့်ရှိ၏။ အိမ်ထောင်ဘက် ရွေးချယ်ရာတွင် အရေးကြီးသည်မှာ စိတ်ထား သဘောထားတူညီဖို့ ဖြစ်ပါ၏။

စိတ်ထား သဘောထား မတူညီသော အိမ်ထောင်ဘက်ကို ရွေးချယ်မိပါက မိမိအဆင့်နှစ်ဆင့်တွင် ပြုစုထားခဲ့သော ကြိုးပမ်းမှုများသာမက အနာဂတ်ဘဝပါ ပျက်စီးဖို့အကြောင်းများ ရှိပါ၏။ မိမိသည် အိမ်ထောင်စပြုသည့် ကာလသို့ရောက်ဖို့အထိ မိမိဘဝတွင် -

- မွေးစမှ အလုပ်စတင်ဝင်သည်အထိ အနှစ် ၂၀-ကျော် အချိန်နှင့်
- အလုပ် စတင်ဝင်ရောက်ခဲ့သော ငါးနှစ်မှ ၁၀-နှစ်ခန့် အချိန်ကာလ။

ဤကြိုးပမ်းမှုများကို ရင်းနှီးထားပြီးဖြစ်၏။ အိမ်ထောင်ရေး မပြေလည်ပါက အတိတ်၏ထိုအရာ

များ ပျက်စီးဆုံးရှုံးရုံသာမက မိမိ၏ အနာဂတ်ဘဝ တစ်ခုလုံးပါ မပြေလည်မှု မချမ်းမြေ့မှုတို့နှင့် ကြုံတွေ့နိုင်သောကြောင့် အိမ်ထောင်ဘက်ကို စနစ်တကျရွေးချယ်ရန်လို၏။

အိမ်ထောင်ဘက်ရွေးရာတွင် ယောကျ်ားလေးဘက်မှလည်း စိတ်ကြိုက်ရွေးချယ်ခွင့်ဆိုသော အခွင့်အရေးကြီးရှိနေ၍ အမျိုးသမီးဘက်မှလည်း စိတ်ကြိုက်ငြင်းပယ်ခွင့်ရှိသောကြောင့် ထိုအခွင့်အရေးကို ထိရောက်စွာ အသုံးပြုရမည် ဖြစ်ပါ၏။ လူငယ်ယောကျ်ားလေးများသည် မိမိစိတ်ကြိုက် အူလိုက်အသည်းလိုက် နှစ်ခြိုက်သူကို တွေ့မှသာ ရွေးချယ်ပြီး မိန်းကလေးများအနေနှင့်လည်း မိမိစိတ်ကြိုက်သူ မတွေ့မချင်း ငြင်းပယ်၍ မိမိပိုင်ဆိုင်သော အခွင့်အရေးကို ပြည့်ဝပြတ်သားစွာ အသုံးပြုဖို့ လိုအပ်ပါ၏။

ယောကျ်ားလေးရော မိန်းကလေးများပါ အနှစ် ၂၀-မှ ၃၀-အထိ

- ကိုယ်ခန္ဓာ ကြံ့ခိုင်အောင်၊
- စိတ်ဓာတ် ကြံ့ခိုင်အောင်၊
- စိတ်ကောင်းစိတ်မြတ်တည်ရှိအောင်၊

- အများနှင့် ညီညွတ်မှုတအောင် နေတတ် စားတတ်၍
- အခြေခံပညာ တတ်မြောက်ခြင်း၊
- ဗဟုသုတရှိခြင်း၊
- ဘာသာခြားစာနှင့် စကား သုံးမျိုးခန့် တတ်ကျွမ်းနေခြင်း၊
- သိပ္ပံ၊ ပထဝီနှင့် သမိုင်းဘာသာရပ်ကို တီးခေါက်နေပြီးဖြစ်ခြင်းဟူသော အရည်အသွေးများသည် ဧရာမ အရည်အသွေးများဖြစ်၍ ထိုအရည်အသွေးများ၊ အရည်အချင်းရှိသူကို မေတ္တာမျှလိုသူတို့ ဝိုင်းဝိုင်းလည်နေမည်မှာ သေချာလှပါသည်။

ထို့ကြောင့် မိမိပိုင်ဆိုင်သော အခွင့်အရေးကို အားမနာတမ်း အပြည့်အဝအသုံးပြုရန် အကြံပေးရခြင်းဖြစ်ပါ၏။ ထိုအရည်အချင်း အရည်အသွေးများကြောင့်ပင် အပျိုကြီးဖြစ်ရန်၊ လူပျိုကြီးဖြစ်ရန် အကြောင်းတရား တစ်စုံတစ်ရာမရှိနိုင်တော့ပါ။

မြန်မာစကားပုံတွင် -

**အိမ်ထောင်မှု**

**ဘုရားတည်**

**ဆေးမင်ရည် စုတ်ထိုး၊**

ဤသုံးမျိုး ချက်မပိုင်လျှင်
နောင်ပြင်ရန် ခက်သည့်အမျိုး

ဟူ၍ ဆုံးမမှု သတိပေးမှု ရှိပါ၏။

ထို့ကြောင့် အိမ်ထောင်မှုကို မမှားအောင် ပြုလုပ်ရမည်ဖြစ်ပါ၏။ အထူးသဖြင့် လင်နှင့်မယား စိတ်သဘောထား ညီညွတ်ရန် အဓိကဖြစ်ပါသည်။ စိတ်သဘောထား မညီညွတ်ပါက နှစ်ဦးစလုံး၏ ဘဝသာမက မိမိတို့မှ မွေးဖွားလာသောရင်သွေးငယ်တို့၏ ဘဝများပါ ဆုံးရှုံးမှု၊ ကြေကွဲမှုများနှင့် ရင်ဆိုင်ရသောကြောင့် မိမိတို့၏ မှားယွင်းစွာရွေးချယ်မှုသည် သားသမီးများပါ ကြီးကျယ်သော ထိခိုက်မှု၊ ဆုံးရှုံးမှုများ ဖြစ်နိုင်၍ အိမ်ထောင်ဘက်ကို အလွန်သတိရှိစွာ ရွေးချယ်ရမည် ဖြစ်ပါ၏။

အိမ်ထောင်ဘက်ရွေးချယ်မှုတွင် -

မိန်းမများကို မာနမကြီးသော၊ နှိမ့်ချသော၊ ပျော့ပျောင်းသော၊ ရန်လိုစိတ်မရှိသော သူတို့ကို ရွေးချယ်၍ ယောက်ျားလေးများကိုကား ဒေါသနည်းသော၊ စိတ်မာတတ်ကြံ့ခိုင်သော၊ မနာလိုဝန်တိုစိတ် နည်းသော၊ ရှေ့နောက် တွေးဆချင့်ချိန်တတ်သော သူများကို

ရွေးချယ်ပါက ယေဘုယျအားဖြင့် မမှားမယွင်းနိုင်ရှိတတ်၏။

လူငယ် လူရွယ် သမီးရည်းစားဘဝတွင် ယောကျ်ားလေးရော၊ မိန်းမလေးပါ မိမိတို့အားနည်းချက်များနှင့် မကောင်းသောစိတ်ထားများကို လျှို့ဝှက်ဖုံးကွယ်၍ ဆက်ဆံကြရာ ယင်းဖုံးကွယ်မှုများကို မြင်အောင် ကြည့်နိုင်ရမည်ဖြစ်ပါ၏။ ထိုအချိန်တွင် လိင်စိတ် ရာဂစိတ်များ ပြင်းပြနေပါက သို့မဟုတ် လောဘသဏ္ဍာယ များပြားနေပါက ဖုံးကွယ်မှုများကို မမြင်နိုင်ဘဲရှိတတ်၏။ မည်သို့ပင် ဖြစ်စေ မှားယွင်းသော ရွေးချယ်မှုကို ပြုလုပ်မိသည်ပင် ဖြစ်လင့်ကစား မိမိအနေနှင့် အလျှော့ပေး ဆက်ဆံမည် ဆိုပါကလည်း အိမ်ထောင်ရေးသည် ဆိုးရွားသောမုန်တိုင်းပမာ ဘဝပြဿနာများကို ရင်မဆိုင်ရဘဲ ညီညွတ်မှုရရှိနိုင်ပါသည်။ မိမိဘက်ကရော အခြားတစ်ယောက်ဘက်ကပါ အလျှော့ပေးမှု အလားအလာမရှိပါက သားသမီးရင်သွေးငယ်တို့ မရမီ ရောက်သည့်နေရာ၌ ခွဲခွာရေးအတွက် ပြင်ဆင်ဖို့ကိစ္စမှာ ဆင်ခြင်တုံတရားနှင့် ဆောင်ရွက်ခြင်းကိစ္စဖြစ်၍ ဆောင်ရွက်အပ်သောကိစ္စဖြစ်ပါ၏။ မိမိတို့၏ မမှန်ကန် မညီမျှမှုဒဏ်ကို

ရင်သွေးငယ်တို့ မခံစား မပတ်သက်မိစေရန် စီမံခြင်း ဖြစ်ပါ၏။ စိတ်သဘောထားခြင်း မတိုက်ဆိုင်ပါက တစ်ဖက်ဖက်မှ အပြီးတိုင် အလျှော့ပေးလျှော်ပေး၊ မပေးနိုင်ပါက လက်ထပ်ပြီးသည့်တိုင် ကလေးမရမီ တရားဝင်ပြတ်စဲမှု ပြုသင့်၏။

သို့သော် သင်သည် ရွှေပင်ငွေပင်စာစဉ်မှ ကြီးပွားချမ်းသာရေးနည်း (၇)နည်းကို ဖတ်ရှုခဲ့မိသည့်အတွက် အိမ်ထောင်ရေးနှင့် ပတ်သက်၍လည်း အလွန်ကံကောင်းသူဟု ဆိုရမည်ဖြစ်ပါ၏။ အဘယ်ကြောင့်ဆိုသော် သင့်ဘဝတွင် အလွန်အရေးကြီးသော၊ အများအယွင်းမခံသော အိမ်ထောင်ဘက် ရွေးသည့်ကိစ္စကို ဤစာအုပ်ဖြင့် အလွယ်တကူ ဖြေရှင်းနိုင်သောကြောင့် ဖြစ်ပါ၏။

သင်သည် ရုပ်အဆင်းသဏ္ဌာန်အရ သင်၏ အိမ်ထောင်ဘက်ကို ရွေးချယ်ပြီးပါက ကြွယ်ဝချမ်းသာနည်း (၇) နည်းကို သင့်အိမ်ထောင်ဘက် လက်ခံမခံ စူးစမ်းကြည့်ပါ။ ကြွယ်ဝချမ်းသာနည်းစာအုပ်ခုနစ်အုပ်လုံးကို သင့် အိမ်ထောင်ဘက်အား လက်ဆောင်ပေးပါ။ သူကလည်း ထိုအချက် (၇) ချက်ကို လက်ခံသည် သို့မဟုတ် သူကိုယ်တိုင်လည်း ဤစာ

အုပ်များကို သင် လက်ဆောင်မပေးမီကပင် ဝယ်ယူဖတ်ရှုလက်ခံပြီးဟု ဆိုပါက အရှည် စဉ်းစားမနေဘဲ ထိုသူအားပင် အိမ်ထောင်ဘက်အဖြစ် ရွေးချယ်လိုက်ပါ။ သင်သည် ဂန္ထဝင်မြောက် မိသားစုတစ်ခုကို စတင်ထူထောင်မိပြီဟု သဘောထားလိုက်ပြီး သင့်ဘဝအတွက် လုပ်ကိုင်စရာများကို စိတ်အေး လက်အေးဖြင့် ဆက်လုပ်ပါ။

သင်လည်း ကြွယ်ဝချမ်းသာစေမည့်နည်း (၇) နည်းကို လက်ခံသူ၊ သင့်အိမ်ထောင်ဘက်ကလည်း ကြွယ်ဝချမ်းသာစေမည့်နည်း (၇) နည်းကို လက်ခံပြီးသူဖြစ်ပါက သင့်အိမ်ထောင်တွင် ဘာမျှသဘောကွဲလွဲစရာ အကြီးအကျယ်မရှိနိုင်တော့ပါ။

ထိုရွေးချယ်မှုသည် ချမ်းသာကြွယ်ဝဖို့နဲ့ ထိပ်တန်းသို့ ရောက်ဖို့သာရှိ၍ အမှန်ကန်ဆုံးသော ရွေးချယ်မှုလည်း ဖြစ်ပါ၏။

သင့်အိမ်ထောင်ဘက်ကို ကြွယ်ဝချမ်းသာစေသောနည်း (၇)နည်းအား တစ်နည်းကို အမှတ်တစ်မှတ်စီပေး၍ တိုင်းတာပါ။ (၇)မှတ်အပြည့်ရသူကို သင်လက်ထပ်ဖို့ ဆုံးဖြတ်ပါ။ သင် မုချ သူကြွယ်ကြီး သူဌေးကြီး သို့မဟုတ် သူကြွယ်ကတော် သူဌေး

ကတော် ဖြစ်ရပါစေမည်။ ကြွယ်ဝချမ်းသာစေသော နည်း (၇) နည်းကို မသိသူ၊ ထိုခုနစ်နည်းကို မိမိ၏ စရိုက်အဖြစ် လက်မခံသူကို ချစ်သူသက်ထား အိမ်ထောင်ဘက်အဖြစ် ဘယ်သောအခါမှ မရွေးပါနှင့်။ သင့်အိမ်ထောင်ဘက်ကို ကြွယ်ဝချမ်းသာစေသော နည်း (၇) နည်းဖြင့်သာတိုင်းပါ။

စံချိန်မမီပါက လက်ခံရန်မစဉ်းစားပါနှင့်။

ထိုသို့ဆိုလျှင် လူငယ်အများအတွင်း၌ ကြွယ်ဝချမ်းသာစေမည့်နည်း (၇) နည်းကို လူငယ်တို့လက်ခံကျင့်သုံးလာပါက လူငယ်တိုင်း ကြွယ်ဝချမ်းသာကာ အနာဂတ်မြန်မာမိသားစုတိုင်းသည် အလိုပြည့် သူကြွယ် မိသားစုချည်း ဖြစ်လာနိုင်မည် ဖြစ်ပါ၏။

❐

## အခန်း-၇
## အိမ်ထောင်သည်ဘဝ

သင်သည် အိမ်ထောင်သည်ဘဝသို့ ရောက်ရှိလာပြီဖြစ်ပါ၏။ ဇနီးမောင်နှံနှစ်ဦးစလုံးသည် ကြံ့ခိုင်ကျန်းမာ၍ စိတ်ဓာတ်မြင့်မားပြီး ကြီးပွားချမ်းသာစေသောနည်း ခုနစ်ရပ်ကို ဦးထိပ်ထားပြီးဖြစ်ရာ ဤအချိန်တွင် ငွေရှာမှုနှင့် ငွေစုမှုကို အင်နှင့်အားနှင့် ပြုလုပ်နိုင်ချိန်ဖြစ်ပါ၏။

လင်ရော မယားပါ အလုပ်လုပ်ကိုင်၍ အချိန်ကို မိမိတို့အတွက် အကောင်းဆုံး အသုံးချရမည့်

အချိန်လည်း ဖြစ်ပါ၏။ နှစ်ဦးစလုံး အလုပ်လုပ်၍ တစ်ဦး၏ဝင်ငွေကို လုံးဝစုဆောင်းရမည်ဖြစ်သည်။ လင်ရော မယားပါ တစ်ဦးချင်းစီက အလုပ်တစ်ခုကို မက နှစ်ခုလုပ်၍ ရသမျှငွေကို ခြိုးခြံကာ စုဆောင်းကြရမည်ဖြစ်သည်။

တစ်ဖက်မှ မိမိတို့အိမ်ထောင်အတွက် လိုအပ်သော နေရာထိုင်ခင်း အိမ်ထောင်ပရိဘောဂ စသည်တို့ကို လိုသလောက် ဝယ်ယူသုံးစွဲ၍ ကျန်ငွေကို စုဆောင်းကြရမည် ဖြစ်၏။ နံနက်မိုးလင်းသည်နှင့် မိမိ တို့ အလုပ်ခွင်ရှိရာသို့ သွားကြပြီး တစ်ဦးနှင့်တစ်ဦး နံနက်စာကို တစ်နေရာတွင် ချိန်းစားဖြစ်ပါက ချိန်းစားပါ။ ချိန်းမစားဖြစ်ပါက နေ့ခင်းတွင် တယ်လီဖုန်းဖြင့် တစ်ကြိမ်ဆက်သွယ်၍ ညနေတွင်အိမ်သို့ မည်သို့ပြန်ကြမည်၊ မည်သည့်နေရာတွင် တွေ့ဆုံကြမည်ကို ချိန်းဆိုကာ ညနေစာကို မိမိတို့အိမ်ပြန်ရောက်မှ ချက်ပြုတ်စားသောက်ကြသော အကြင်လင်မယားဘဝသည် အလွန်မှ ကြည်နူးစရာကောင်းသောဘဝ ဖြစ်ပါ၏။

ခင်ပွန်းသည်က အလုပ်နှစ်ခုလုပ်၍ ဇနီးမယားဖြစ်သူက အလုပ်တစ်လုပ်လုပ်ကာ ဇနီးဖြစ်သူသည် အိမ်ထောင်ကို တစ်ဖက်မှ ထိန်းသိမ်းခြင်းဖြင့်လည်း မိမိတို့အိမ်ထောင်ရေးကို အကွက်ချစီမံ၍ရပါ၏။

တစ်နေ့ကုန်အလုပ်ခွင်တွင် သွားရောက်၍ ညအချိန်မှ ဇနီးမောင်နှံတို့တွေ့ကြရာ မိမိတို့စုဆောင်းငွေ မည်မျှရပြီ၊ စုဆောင်းငွေ တစ်စတစ်စ တဖြည်းဖြည်းတိုးတက်လာမှုကို ဇနီးမယားက ခင်ပွန်းသည်၏ ရင်ခွင်အတွင်းဝင်ရောက်ကာ တိုးတက်လာသော စုဆောင်းငွေကို ရေတွက်ပွတ်သပ်ကြည့်ရသည်မှ ဖြစ်ပေါ်လာသည့် ပီတိသောမနဿမှာ ဖရဏာပီတိ ဝွမ်းဆီထိသို့ ဆိုသလို စိမ့်ပြန့်ကြည်နူး၍ အလွန်မှ ရတောင့်ရခဲသောပီတိမျိုး ကျေနပ်မှုမျိုး ဖြစ်ပါ၏။

အိမ်ထောင်သည်ဘဝတွင် အိမ်ထောင်သည်ဘဝနှင့် ပတ်သက်သော စာအုပ်စာတမ်းများ ဖတ်ရှုခြင်း၊ မကြာမီကာလတွင် ကလေးရယူရန်အတွက် ပြင်ဆင်ခြင်း၊ ရင်သွေးငယ်ပြုစုခြင်းနှင့် ပတ်သက်သော စာအုပ်စာတမ်းများ လေ့လာခြင်း၊ ပြောင်းလဲနေသော ကမ္ဘာကြီးမှ ထွက်ပေါ်လာသောသတင်းများကို ဖတ်ရှု၍ ဇနီးခင်ပွန်း နှစ်ယောက်တို့ ဗဟုသုတမျှဝေခြင်း၊ အတွေးအခေါ် ညှိနှိုင်းခြင်း စသည့်အလုပ်များကိုလည်း ဤကာလတွင် ကြည်နူးနှစ်သိမ့်စွာ လုပ်ဆောင်နိုင်ကြပါ၏။

တစ်ချိန်တည်းမှာပင် ကြွယ်ဝချမ်းသာစေမည့်နည်း (၇) နည်းပါ အချက်အလက်များကိုလည်း ဇနီးမောင်နှံနှစ်ဦးသည် ပို၍စွဲမြဲစွာ မှတ်သားရမည်ဖြစ်ပါ၏။ ယခုအချိန်တွင် မိမိတို့အိမ် မိမိတို့ယာနှင့်ဖြစ်နေပြီဖြစ်ရာ ကြွယ်ဝချမ်းသာစေမည့်နည်း ခုနစ်နည်းကို လွယ်ကူရှင်းလင်းစွာ ချရေး၍ ထိုရေးပြီးသားစာရွက်ကို စာလုံးကြီးကြီးနှင့် အဝေးမှပင် ဖတ်ရှု၍မြင်သာသော စာလုံးအရွယ်နှင့် ကွန်ပျူတာစာစီလုပ်ငန်းတစ်ခုခုတွင် အပ်နှံ၍ စာရွက်ခုနစ်ရွက်ပွားကာ တစ်ရွက်ကို ဘုရားစင်၏အောက်ဘက်တွင် လည်းကောင်း၊ တစ်ရွက်ကို ဧည့်ခန်းတွင် လည်းကောင်း၊ တစ်ရွက်ကို မီးဖိုချောင်တွင် လည်းကောင်း၊ တစ်ရွက်ကို ခေါင်းဖြီးသည့်နေရာ စသည်ဖြင့် အိမ်၏ထင်သာ မြင်သာသော နေရာ ခုနစ်နေရာတွင် ကပ်ထားပါ။

ထိုအချက်ခုနစ်ချက်ကို နေ့စဉ် လိုက်လံ အကောင်အထည်ဖော်နိုင်ရန်လည်း ကြိုးစားရမည်ဖြစ်ပါ၏။

# လူတိုင်း ကြွယ်ဝချမ်းသာစေမည့်နည်း (၇) နည်း

ပထမနည်း - ငွေကို မိတ်ဆွေလို ဆက်ဆံပါ။
ရန်သူ မလုပ်ပါနှင့်။

ဒုတိယနည်း - ငွေပိုရှာနိုင်သော အရည်အသွေးကို
မြှင့်တင်ပါ။

တတိယနည်း - အခွင့်အလမ်းကို တွေ့အောင်ရှာ၍
မိအောင်ဖမ်းပါ။

စတုတ္ထနည်း - ဝင်ငွေမှ အနည်းဆုံး ၁၀-ရာခိုင်နှုန်း
ကို စုဆောင်းပါ။

ပဉ္စမနည်း - အချိန်နှင့်မိတ်ဆွေဖွဲ့ပါ။
အချိန်ကို ရန်သူ မလုပ်ပါနှင့်။

ဆဋ္ဌမနည်း - သင့်စုဆောင်းငွေကို အကျိုးရှိစွာ ရင်း
နှီးမြှုပ်နှံပါ။ သို့မဟုတ် ရွှေပင်ငွေပင်
စိုက်ပျိုးပါ။

သတ္တမနည်း - ကြီးပွားချမ်းသာလိုစိတ် မွေးပါ။
သတ္တိကို မွေးမြူပါ။

သင့်မိသားစုသည် ဤကြီးပွားချမ်းသာစေမည့်နည်း (၇) ခုစလုံးကို ယခုအခါ လက်တွေ့ အကောင်အထည် ဖော်နေရချိန်ဖြစ်ပါ၏။ ယခုအချိန်

တွင် ငွေပို၍ရှာနိုင်သော အရည်အသွေးကိုလည်း မြှင့်တင်၊ အခွင့်အလမ်းကိုလည်း ရှာဖွေ၊ ရရှိသော အခွင့်အလမ်းကို လက်တွေ့အသုံးချ၊ အချိန်မဖြုန်းဘဲ ကြီးပွားလိုစိတ်ကိုမွေး၍ ရရှိလာသောစုဆောင်းငွေကို မည်သို့ မည်ပုံ အကျိုးရှိစွာ ရင်းနှီးမြှုပ်နှံရမည်ကို အလေးအနက်စဉ်းစားပါ။ မိမိစုဆောင်းငွေသည် အလွန်မှ တန်ဖိုးရှိပါသည်။ မိမိချွေတာ၍၊ မိမိကြိုးစား၍၊ မိမိ၏ လွတ်လပ်မှုများကို စွန့်လွှတ်၍၊ မိမိလိုအင်များကိုကန့်သတ်၍၊ မိမိဆန္ဒများကို ထိန်းချုပ်၍ စုဆောင်းထားရသော ငွေဖြစ်ပေရာ ထိုငွေကို အကျိုးရှိစွာ ရင်းနှီးမြှုပ်နှံရေးအတွက် ငွေရှာနည်း (၇)နည်းအနက် ဒုတိယနည်း၊ တတိယနည်းနှင့် ဆဋ္ဌမနည်း စာအုပ်များကို ပြန်လှန်ဖတ်ရှု နေရမည်ဖြစ်ပါ၏။ ထိုအချိန်တွင် စာအုပ်ခုနစ်အုပ်စလုံးကို ခေါင်းအုံးအောက်တွင် ထားရှိ ဖတ်ရှုနေကာမှ တော်ကာကျမည် ဖြစ်ပါသည်။

မိမိ စုဆောင်းငွေဖြင့် အိမ်ဆိုင်လေး တည်မလား၊ အပ်ချုပ်စက်တစ်လုံးကိုဝယ်၍ အပ်ချုပ်သူမိန်းကလေးတစ်ဦးကို ငှားကာ မိမိအိမ်တွင် အပ်ချုပ်လုပ်ငန်းဖွင့်မလား၊ လမ်းထဲမှ ဘွဲ့ရထားသော ကာလေး မလေးတစ်ဦးကို စည်းရုံး၍ မိမိနှင့်အတူ

မိမိအိမ်၌ ကလေးထိန်းကျောင်းလေး ဖွင့်မလား၊ မူလတန်း အထောက်အကူပြု ကျူရှင်လေး လုပ်မလား၊ ကုမ္ပဏီ တစ်ခုခုတွင် အစုရှယ်ယာဝင်မလား၊ မနေ့က သတင်း စာမှနေ၍ ဘဏ်တစ်ခုမှ ထုတ်ရောင်းနေသည့် အစု ရှယ်ယာများကို ဝယ်ရကောင်းမလား စသည်ဖြင့် စဉ်းစားကာ အကျိုးရှိသော ရင်းနှီးမြှုပ်နှံမှုတစ်ခုကို ပြုရမည် ဖြစ်ပါ၏။

ထိုသို့ ရင်းနှီးမြှုပ်နှံပါမှ အကန့်အသတ်မဲ့ဝင်ငွေကို ရရှိမည်ဖြစ်ပါ၏။ ထိုသို့ အကန့်အသတ်မဲ့ ဝင်ငွေရရှိပြီဟုဆိုပါက သင့်မိသားစုတွင် ကလေးရယူရန် စဉ်းစားနိုင်ပြီ ဖြစ်ပါ၏။

အိမ်ထောင်စုတစ်ခုတွင် ကလေးရယူရေးသည် ထိုအိမ်ထောင်၏ အဓိကရည်မှန်းချက် ဖြစ်ပါ၏။ ထိုရည်မှန်းချက်ကို စောစောတည်ဆောက်မလား၊ နောက်ကျမှ တည်ဆောက်မလား ဟူသောအချက်ကို စဉ်းစားရန်လို၏။ မိမိတို့အိမ်ထောင်တွင် ဝင်ငွေကောင်းကောင်းရှိပါက ကလေးရယူမှုကို ကန့်သတ်မဲ့ ဝင်ငွေရရှိအောင် ထိရောက်သော ရင်းနှီးမြှုပ်နှံမှုတစ်ခုကို ပြုလုပ်သည့်နောက် ကလေးရယူမှုကို စဉ်းစားသင့်ပါ၏။

ကလေးရယူခြင်းသည် ငွေပိုမိုကုန်ကျခြင်း၊ ကလေးအတွက် အချိန်ပိုပေးရခြင်း ဖြစ်ပါ၏။ ထို့ကြောင့် ကလေးရယူရေးကို ဘယ်အချိန် ရယူရမည်ကို စဉ်းစားရန်လိုအပ်ပါ၏။ အိမ်ထောင်တွင် အလွန်အမင်း နောက်ကျစွာ ကလေးယူပါက ကလေးမရနိုင်ဘဲရှိတတ်၏။ အိမ်ထောင်ပြုပြီး ကလေးမရစေရန် ဆေးဝါးများမှီဝဲရာမှလည်း ကလေးမရနိုင်ဘဲ ဖြစ်တတ်၏။ သန္ဓေတားဆေးများ၊ နည်းလမ်းများကို သတိထား၍ ပြုသင့်ပါ၏။ အိမ်ထောင်ပြုပြီး သုံးနှစ်မှလေးနှစ်အတွင်း ကလေးယူဖို့ ကြိုးစားနိုင်လျှင် သင့်ပါ၏။ မိမိတို့သည် ကလေးအတွယ်အတာမရှိဘဲ လင်နှင့်မယား ဇနီးမောင်နှံဘဝဖြင့် သုံးလေးနှစ် လွတ်လပ်စွာ ချစ်ခင်တွယ်တာစွာ နေထိုင်ရန် အချိန်လည်း ရရှိပါမည်။

ကလေးရယူရာတွင် ကလေးဘယ်နှစ်ယောက် ရယူမလဲဟူသော မိသားစုစီမံကိန်းကို သတ်မှတ်ရပါမည်။ မြန်မာမိသားစုများအနေနှင့် သုံးဦးမှ ငါးဦးအထိ ရယူနိုင်ပါ၏။ ခုနစ်ဦးအထိ ယူနိုင်လျှင်လည်း ကောင်းပါ၏။

မိခင်ဖြစ်သူ၏ ကျန်းမာရေး၊ မိသားစုဝင်ငွေနှင့် နိုင်ငံတော်၏ လူဦးရေဆိုင်ရာမူဝါဒ သဘောထား

များကို လိုက်နာ၍ ကလေးအရေအတွက်ကို ချင့်ချိန် သတ်မှတ်ကြရမည် ဖြစ်ပါ၏။ ကလေးနည်းပါက မိမိ တို့ ခြေနိုင်လက်နိုင် ပြုစုနိုင်မည် ဖြစ်ပါ၏။ မိမိထံတွင် ဝင်ငွေ ကောင်းကောင်းရှိပါက ကလေးများများရယူ နိုင်ပါ၏။ ကလေးများများ ရယူပြုစုနိုင်လျှင်ကား မိသားစုအသိုက်အဝန်းကြီးမား၍ ပျော်ရွှင်ဖွယ်ရာ ဖြစ် ပါ၏။ အားထားဖွယ်ရာဖြစ်၍ မိခင်ကြီး၊ ဖခင်ကြီးတို့ အဖို့ ဂုဏ်ယူနိုင်စရာဖြစ်၍ ကလေးအရေအတွက်ကို ခင်ပွန်းသည်နှင့်ဇနီးမောင်နှံတို့ မိမိကျန်းမာရေး ငွေ ကြေး ဆန္ဒများကို ညှိနှိုင်းကာ ရယူနိုင်ကြပါသည်။ အိမ်ထောင်ဦးဘဝတွင် သင့်တင့်လျောက်ပတ်သည့် ရင်းနှီးမြှုပ်နှံမှုများကိုပြုရမည်ဆိုသော အချက်ကို မမေ့ ပါနှင့်။ ရင်းနှီးမြှုပ်နှံမှုကို စောစောပြုလေ ကောင်းလေ ဖြစ်၏။

နဖူးပေါ် လက်တင်၍ စဉ်းစားကြည့်ပါက အိမ်ထောင်ပြုသောကာလတွင်လည်း သင်၌ အဘယ် မှာ အချိန်ပိုရှိမည်နည်း။ အလုပ်လုပ်ရ၊ ငွေရှာရ၊ ငွေကို ဝဆောင်းရ၊ စုဆောင်းငွေကို ရင်းနှီးမြှုပ်နှံရန် အခွင့် အလမ်း ရှာဖွေရ၊ မိသားစုရေးရေးအတွက် စီမံကွပ်ကဲ ရခြင်းဖြင့် အချိန်မရှိပါ။ အချိန်တွေအများကြီးပဲ အချိန်

တွေပိုနေတယ်ဟု ဆိုခြင်းမှာ သက်သက် လိမ်လည်၍ မုသားစကား ပြောဆိုနေခြင်းဖြစ်ကြောင်း အလွန်မှ ထင်ရှားလှပါ၏။

အိမ်ထောင်သည်ဘဝတွင် ဇနီးမယားဖြစ်သူအား အိမ်တွင်ပစ်ထား၍ မိမိက သူငယ်ချင်းတစ်သိုက်နှင့် လေပွေထိုးနေပြီး ပျော်ပါးစားသောက်နေပါက မတရားပါ။ အိမ်ထောင်ရှင်များသည် မိမိတို့၏ ပျော်ရွှင်မှုကို မိသားစုအတွင်း၌သာ ရှာဖွေရယူကြရမည် ဖြစ်ပါ၏။ မိသားစုအတွင်း၌သာ ပျော်ရွှင်မှုကို ရှာဖွေရယူမှု မပြုနိုင်သူများသည် အလွန် ကံဆိုးသူများ၊ လူဖြစ်ရှုံးသူများဖြစ်ပါ၏။

□

## အခန်း – ၀

## ပထမ ကလေးရခြင်း

အိမ်ထောင်သည်ဘဝတွင် ကလေးရရှိလာခြင်းသည် မိသားစုစိတ်ဓာတ်၊ မိသားစု သံယောဇဉ်ပိုမို မြင့်မားလာသော်လည်း ပထမ ကလေး စ၍ ရရှိလာသည်နှင့် ထိုမိသားစုတွင် စရိတ်ထောင်းလာပါတော့၏။ စရိတ်ထောင်းရုံသာမက ကလေးနှင့်အတူတကွ မိခင်က နေထိုင်ပြုစုရသောကြောင့် မိခင်၏ဝင်ငွေသည် သိသိသာသာလျော့ပါးလာပြီး စားစရိတ်က တက်လာပါတော့၏။ ထိုအချိန်တွင် ငွေစုဖို့အ

တွက်လည်း အခက်အခဲရှိလာ၏။ ဖခင်ကြီးဖြစ်သူမှာလည်း ကလေးအတွက်လိုအပ်တာတွေ ရှာရ ရင်သွေးငယ်၏ ကျန်းမာရေးအတွက် အချိန်ပေးရနှင့်မိမိ၏ လုပ်ငန်းခွင်အချိန်ကိုပါ တစ်ခါတစ်ရံ ဖဲ့သုံးရသောဘဝသို့ ရောက်ရှိလာပါ၏။ ဖခင်ဖြစ်သူသည် ငွေကိုပို၍ရှာလာရပါ၏။ ပို၍ ရှာသောဝင်ငွေနှင့် မလောက်သဖြင့် စုဆောင်းငွေကို ထုတ်ယူသုံးစွဲမှုများ ပြုလာရသည့်ပြင် ဇနီးမယားတွင် ဆင်မြန်းထားသော ဆွဲကြိုးလေး၊ ခင်ပွန်းသည် လင်ယောကျ်ားဝတ်ထားသည့် လက်စွပ်လေးတစ်ကွင်းကိုပင် သွားရောက်ပေါင်ခြင်း လှည့်ခြင်းတို့ကို ပြုလာရတတ်ပါ၏။ ထိုအခါမျိုးတွင် သွားရောက်ပေါင်နှံခြင်းကို ဘယ်တော့မှ မလုပ်ပါနှင့်။ တစ်ခါတည်း ရောင်းပစ်၍ ရောင်းရငွေကို စနစ်တကျ စီမံပါ။ နောင်အခါ မိမိဝင်ငွေရှိလာမှ အသစ်ပြန်လုပ်ပါ။

ပေါင်နှံထားခြင်းဖြင့် မိမိမသုံးစွဲရဘဲ အတိုးတက်နေခြင်းမှာ အလဟဿ ဆုံးရှုံးမှုဖြစ်ပါ၏။

ဤကာလတွင် အိမ်ထောင်၏ဝင်ငွေကို အလဟဿ မဖြစ်အောင် အထူးထိန်းသိမ်းရမည့်အချိန်ဖြစ်ပါ၏။ မိမိတို့ရင်းနှီးထားသော လုပ်ငန်းမှ

ဝင်ငွေကိုလည်း အထူးဂရုစိုက်စေလိုပါ၏။ ထိုအချိန်တွင် မကုန်သင့်တာ မကုန်ဖို့ ဟူသောကိစ္စသည် ပြောစရာမလိုဘဲ မိမိတို့သည် အထူးမြိုးခြံမှုကို ကျင့်သုံးသည့်နည်းတူ ကလေးအတွက်လည်း ကျန်းမာရေးအတွက်မှလွဲလျှင် အပိုမကုန်စေရန်၊ ချစ်မေတ္တာဖြင့် ကလေးနှင့်ပတ်သက်၍ ဖြုန်းတီးမှုများ မရှိစေရန် သတိရှိရမည် ဖြစ်ပါ၏။

အလှူအတန်း မင်္ဂလာဆောင်သွားခြင်းတို့ကို မလွဲသာ မရှောင်သာမှ သွား၍ ပွဲလမ်းသဘင်များ ငွေကြေးကုန်ကျမည့်ကိစ္စများကို အထူးရှောင်ရန် လိုအပ်ပါ၏။ ကလေးသည် တစ်ယောက်တည်းနှင့် မပြီးပါ။ ကလေးငါးယောက်ယူမည်ဟု ဆိုပါက ၂နှစ်ခြားဆယ်နှစ်အတွင်း ငါးယောက်ဆက်တိုက်ယူပါ။ ပထမကလေး၏ အဝတ်အစားများ ကျောင်းစာအုပ်များကို ညီငယ် ညီမငယ်များက ဆက်၍လက်ဆင့်ကမ်း အသုံးပြုခြင်းဖြင့် မိသားစုစရိတ် အတော်ပင် သက်သာနိုင်ပါ၏။ ကလေးပြုစုနည်းများကိုလည်း တစ်ဦးပြီးတစ်ဦး ဆက်ယူခြင်းဖြင့် မှတ်မိနေကာ ပထမကလေးတွင်သာ အမှားများ ပြုတတ်ပြီး နောက်ကလေးများအတွက်ကား အမှားမရှိတတ်တော့ပါ။ ကလေးတစ်ဦး

နှင့်တစ်ဦး အဝေးကြီးယူပါက အားလုံးကို အသစ်မှ ပြန်စရ၍ ငွေကုန်မှု၊ အချိန်ကုန်မှု ပိုတတ်ပါ၏။ အသက်အရွယ်ကွာသော ကလေးများကို စောင့်ရှောက်ရာတွင် တစ်မျိုးစီစောင့်ရှောက်ရသော်လည်း အသက်မကွာသော ကလေးများကို ပူးပေါင်းစောင့်ရှောက်၍ ရပါသည်။

ကလေးများ ရရှိလာပြီဟုဆိုပါက အသက်အာမခံထားခြင်း၊ မိသားစု အာမခံထားမှုတစ်စုံတစ်ရာကို ပြုလုပ်ပါ။ အိမ်ထောင်စုတစ်ခုလုံး၏ စားဝတ်နေရေးကို တာဝန်ယူထားသော အိမ်ထောင်ဦးစီး မိဘများ ကွယ်လွန်ပါက၊ သို့မဟုတ် မသန်မစွမ်းဖြစ်ပါက ကလေးများ ကသီလင်တ ဖြစ်ရတတ်သောကြောင့် ထိုအချိန်တွင် လူကြီးများ အသက်အာမခံထားရန် လိုအပ်ပါသည်။

ကလေးများအား ပြုစုမွေးဖွားရသော ထိုကာလသည် အိမ်ထောင်စုများ၏ အခက်အခဲဆုံးကာလ၊ အဆင်းရဲ အပင်ပန်းဆုံး ကာလများ ဖြစ်ပါ၏။ သို့သော်လည်း သားဇော သမီးဇောဖြင့် မိဘတို့မှာ ပင်ပန်းရမှန်း၊ ဆင်းရဲရမှန်း မသိဘဲ ရင်သွေးငယ်တို့အား မိဘမေတ္တာဖြင့် ပြုစုချိန်ဖြစ်ပါ၏။ တစ်ဖက်မှ ဝင်ငွေ

လျော့သွားသော်လည်း မိသားစုအင်အားများ တိုးပွားလာ၍ မိသားစုသည် ကလေးတွေ သားတွေ သမီးတွေနှင့် တင့်တယ်လျောက်ပတ်မှု ရှိလာပါ၏။

ကလေးများသည် တစ်စတစ်စကြီးပြင်းလာရာ ကလေးများ၏ ကျန်းမာရေး၊ စားဝတ်နေရေး သာမက မိသားစုတွင် ပညာရေး အသုံးစရိတ်များလည်း ဆက်၍တက်လာပါ၏။

ပညာကို ငွေနှင့်စက်၍ဝယ်ရသော ဤလိုကာလမျိုးတွင် သားသမီးတို့၏ ကျူရှင်စရိတ်မှာ ရှာ၍မလောက်နိုင်အောင်ပင်ရှိပါ၏။ ကလေးသုံးယောက်ရှိပါက ထိုကလေးများအား ကျူရှင်လှည့်ပတ် ပို့နေရခြင်းဖြင့် မအားလပ်နိုင်အောင်ပင် ရှိပါ၏။

မိမိရင်သွေးတို့အား မည်သို့မည်ပုံ စိတ်ဓာတ်ရေးရာအရရော၊ ကိုယ်လက်ကြံ့ခိုင်မှုအရပါ ဤစာအုပ်အခန်း (၂) တွင် ရေးသားထားမှုများကို ပြန်လည်ဖတ်ရှု၍ မိမိတို့ရင်သွေးများအား ကိုယ်ရောစိတ်ပါ ကြံ့ခိုင်သူများအဖြစ်သို့ ရောက်ရှိအောင် ပြုစုကြရမည်ဖြစ်ပါ၏။

အထူးသဖြင့် ကြီးပွားချမ်းသာစေမည့်နည်း (၇)နည်းကို ယင်းတို့၏ အကျင့်စရိုက်များ ဖြစ်လာ

အောင် သင်ကြားပြုစုရမည်ဖြစ်ရာ သင့်ဘဝတွင် သားသမီးတို့အား လူလားမြောက်အောင် ပြုစုနေရသည့်ကာလဖြစ်ပေရာ အဘယ်မှာ အချိန်လုံလောက်မှုရှိပါမည်နည်း။

□

## အခန်း - ၉
## ရင်သွေးငယ်များ လူလားမြောက်လာခြင်း

ကလေးများသည် ယခင်က ပွေ့ပိုက်ထိန်းကျောင်းနေရသောကာလမှ လူလားမြောက်လာကြ၏။ ကလေးများသည် အလယ်တန်း စာမေးပွဲများကို အောင်မြင်လာကြ၍ မိမိတို့၏အသက်သည်လည်း ၄၀-နားသို့ နီးကပ်လာပြီဖြစ်ပါ၏။

လူ့ဘဝသည် အသက် ၄၀ - တွင်မှ စသည်ဟုဆိုပေရာ ရင်သွေးငယ်များ လူလားမြောက်လာသည့် ယခုအချိန်တွင် စီးပွားရေးအတွက် မီးကုန်ယမ်းကုန် ဆောင်ရွက်ရန်ကာလသို့ ရောက်ရှိလာတော့၏။

ကလေးများ လူလားမြောက်၍ မိခင်သည်လည်း မိသားစု စီးပွားရေးကို အင်အားပြည့် ပြန်လည်ဝင်ရောက်လာကာ လူလားမြောက်လာသော သားသမီးတို့ကလည်း ကူညီဖော် ကူညီဖက်များရလာ၏။

"ဟဲ့ ဟိုဟာလေး လုပ်လိုက်ပါဦး"

"ဘယ်သူ့ဆီ သွားလိုက်ပါဦး"

"ဒါလေး သွားပို့လိုက်ပါ"

ဟုခိုင်းနိုင်လာကာ သားဦး သမီးဦးများသည် မိခင်ကြီးနှင့် ဖခင်ကြီးအား ကားမောင်း၍ပို့ခြင်း၊ တယ်လီဖုန်းလာလျှင် ပြန်ကြားပေးခြင်း စသည့်လုပ်ငန်း၏ တစ်ပိုင်းတစ်စ တာဝန်များကိုလည်း ယူတတ်လာကြ၏။

ထိုအချိန်တွင် မိသားစုအတွက်အရေးအကြီးဆုံးမှာ သားသမီးတို့အား ကြွယ်ဝချမ်းသာစေမည့် နည်း (၇) နည်းကို ကလေးများအား သူတို့စရိုက်၊ သူတို့ဘဝ၊ သူတို့အသိဖြစ်အောင် သင်ကြားထားဖို့ဖြစ်ပါ၏။ ထိုသို့ သင်ကြားမှုမရှိပါက မိမိတို့၏ သားသမီးများအတွင်း ဆိုဆုံးမခက်သူများ၊ ငွေဖြုန်းတီးသူများ၊ စာရိတ္တ ချွတ်ယွင်းသူများ၊ အရက်သေစာလိပ် မူးယစ်ဆေးဝါး၊ အနောက်တိုင်းယဉ်ကျေးမှုနှင့် ဂီတအားအထင်ကြီးစရာဟု မှတ်ယူသူ သားသမီးများ ပါဝင်လာပါက ရှေ့ဆက်ရမည့်ခရီးအတွက် တုံ့ဆိုင်းမှုများ၊

ရှေ့မတိုးသာ နောက်မဆုတ်သာမှုများ ဖြစ်ပေါ်လာကြပါ၏။

ကြွယ်ဝချမ်းသာစေမည့်နည်း (၇) နည်းကို ငယ်စဉ်မှစ၍ သင်ကြား လေ့ကျင့်ပေးထားသူ မိသားစုများအတွက်ကား မိဘတို့၏ ဉာဏ်အမြော်အမြင်ကြီးမားမှု၏ရလဒ်ကို စတင်ခံစားလာရချိန် ဖြစ်ပါ၏။ မိသားစုအတွင်း ဆိုဆုံးမမှု ခက်ခဲသောသားသမီးများ ပါလာလျှင် ချမ်းသာကြွယ်ဝရေးအတွက် ရှေ့ဆက်ရမည့်ခရီးတွင် အလွန်မှအနှောင့်အယှက် ဖြစ်ရသဖြင့် မိသားစုတိုင်းတွင် ရင်သွေးငယ်တို့အား ငယ်ရွယ်စဉ်မှစ၍ စိတ်ဓာတ်ပြုပြင်ရေးကို စနစ်တကျ ပြုလုပ်ရမည် ဖြစ်ပါ၏။

လူတစ်ယောက်၏ဘဝကို ထိုသူ၏စိတ်ဓာတ်ကသာ ပြဋ္ဌာန်းခြင်းဖြစ်ပေရာ ထိုသူသည် စိတ်ဓာတ်ညံ့ဖျင်းသူဖြစ်ပါက လူညံ့ဖြစ်လာ၍ ထိုသူသည် စိတ်ဓာတ်ခိုင်မာသူဖြစ်ပါက ဘဝကို ခိုင်ခိုင်မာမာတည်ဆောက် နိုင်သူဖြစ်လာပါ၏။

စိတ်ဓာတ်ကို ပြုပြင်၍ရရှိသည်ဟု ဆိုသော်လည်း ငယ်ရွယ်စဉ်က စိတ်ဓာတ်ယိမ်းယိုင်ခဲ့သော လူငယ်တစ်ဦးသည် အသက် ၂၅၊ ၃၀ တိုင်အောင် ပြန်လည်ပြုပြင်ရန် ခဲယဉ်းလှပါ၏။ အသက် ၂၅၊ ၃၀

တွင်မှ ပြန်လည်ပြုပြင်လျှင်ပင် အချိန်မှာ အလွန်နောက်ကျနေ၍ လူငယ်များအား ဘဝ၏ပထမအဆင့်ဖြစ်သော မွေးစမှ အလုပ်ဝင်ရောက်သည့်အသက် ၂၀ ကာလအပိုင်းအခြားတွင် စိတ်ဓာတ်ကြံ့ခိုင်သော၊ ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်သောလူငယ်များဘဝကို ရရှိအောင် ပြုစုရမည် ဖြစ်ပါသည်။

ကိုယ်ရည်ကိုယ်သွေး ကောင်းမွန်၍ စိတ်ဓာတ်ကြံ့ခိုင်သော သားသမီးတို့၏ မိဘများသည် အလွန်မှ ကံကောင်းကြသည်။ မိမိတို့၏ အမြော်အမြင်ကြီးစွာ လုပ်ဆောင်မှု ရင်းနှီးမှုအကျိုးကို မိမိတို့ခံစားရပြီဖြစ်သည်။

ထိုအချိန်တွင် မိမိတို့အသက်သည် ၄၀-ဝန်းကျင်သို့ ရောက်ရှိလာပြီဖြစ်ရာ ရှေ့ဆက်ရမည့်ခရီးလမ်းကို မျှော်မှန်းကာ နောင်ရေးအတွက် တွေးတောပူပန်မှုများလည်း စတင်ဖြစ်ပေါ်လာတတ်ပါ၏။

မည်သို့ပင်ဖြစ်စေ ထိုကာလတွင် ကြွယ်ဝချမ်းသာသူဖြစ်စေမည့်နည်း (၇) နည်းကို လက်ကိုင်ထား၍ ထိုနည်းလမ်း (၇) သွယ်ပါ အချက်အလက်များကို လက်တွေ့ကျင့်သုံးပြီး ဘဝလမ်းခရီးကို ဆက်ရဦးမည်ဖြစ်ရာ သင့်တွင် ထိုကာလ၌ရော အချိန်ပိုများရှိလာပြီဟု ဆိုနိုင်ပါမည်လော။

အခန်း – ၁၀

## ကလေးများ အိမ်ခွဲထွက်ခြင်း

ရင်သွေးငယ်များသည် လူလားမြောက်၍ အတောင်အလက် ပြည့်စုံလာသည်နှင့် မကြာမီကာလ၌ပင် အိမ်ထောင်ဘက်ရှာဖွေခြင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ အိမ်ခွဲထွက်ကြခြင်းတို့ ပြုလုပ်လာကြပါ၏။

ဤအဆင့်အတွင် အိမ်ခွဲထွက်ကြသည်ဟု ဆိုသော်လည်း သားသမီးတို့သည် တစ်အိုးတစ်အိမ် ထူထောင်သည့်တိုင် မိဘအိမ်၌ပင်ဆက်၍ နေကြသည်လည်းရှိ၏။ မြန်မာတို့အဖို့ "ထိမ်းမြားခြင်းလျှင်"

ဟူသော ထိမ်းမြားသည်အထိ သားသမီးတို့အပေါ် တာဝန်ရှိကြသော်လည်း မြန်မာမိသားစုများသည် သားသမီးတာဝန်ကို မြေးမြစ်တီတွတ်အထိ သေသည် အထိ ဆက်၍တာဝန်ယူကြ၏

သားသမီးများသည် အိမ်ထောင်ရက်သားကျသည့်တိုင် မိမိတို့ဝင်ငွေအား မိဘများနှင့် ခွဲဝေမျှတ ခံစားသည်များလည်း ရှိလာပါ၏။ ဤကာလတွင် အိမ်ထောင်စုအတွက် မိဘနှစ်ပါးလုံးသည် ဝင်ငွေအတော်ကောင်းဖို့လိုပါ၏။ အသက်အရွယ်အားဖြင့် ၄၀-မှ ၅၀-အတွင်းကာလ ဖြစ်ပါ၏။

ထိုအရွယ်သည် ရုံးတစ်ရုံးတွင် လုပ်ကိုင်သူဖြစ်ပါကလည်း ကြွယ်ဝချမ်းသာစေမည့်နည်း (၇)နည်းကို မိမိတို့၏ဓလေ့စရိုက်အဖြစ် ငယ်စဉ်မှ စတင်၍ ကျင့်သုံးလာပါက အဆင့်မြင့်ရာထူးကြီးများကိုရရှိပြီးဖြစ်ကြပါ၏။ ပုဂ္ဂလိကလုပ်ငန်းရှင်များဖြစ်ပါကလည်း ထူးခြားသောဝင်ငွေရှိသည့်လုပ်ငန်းများကို ထူထောင်၍ ဝင်ငွေသာမက နာမည်တစ်လုံးကိုလည်း ပိုင်ဆိုင်၍ နေကြပြီ ဖြစ်ပါသည်။ ကိုယ်ပိုင်အိမ်လည်း ရှိနေပြီဖြစ်တတ်ပါ၏။ စီးစရာကားနှင့် စုဆောင်းမှုငွေအပြင် မိမိဆန္ဒအချို့အဝက်ကိုလည်း အကောင်အထည် ဖော်ပြီးဖြစ်ပါ၏။

ထိုအချိန်တွင် မိမိ၏စုဆောင်းငွေဖြင့် ရင်းနှီးမြှုပ်နှံမှု အများဆုံးလုပ်ရချိန် ဖြစ်သည်။ မိမိသည် အနှစ် ၅၀ ဟူသောအတွေ့အကြုံလည်း ရရှိနေပြီဖြစ်ပါ၏။ ထိုအတွေ့အကြုံကို ကြွယ်ဝချမ်းသာစေမည့်နည်း (၇) နည်းနှင့် ပေါင်းစပ်ကာ ဘဝတွင် ငါဟူသောမာနတံခွန်ကို လွှင့်ထူ၍ အကြီးအကျယ်ဆုံးလုပ်ရပ်များကို စတင်လုပ်ဆောင်ချိန်ဖြစ်သည်။ မိမိသည် သားသမီးများ၏ ဝန်ထုပ်ဝန်ပိုးမှလည်း ကင်းလွတ်၍ အတွေ့အကြုံကလည်းကျင့်ရက်၊ ရင်းနှီးမြှုပ်နှံထားသော ငွေကြေးများနှင့် လူ့ဘဝတွင် အတော်ကြီးတွင်တွင်ကျယ်ကျယ် လုပ်ဆောင်ရသောကာလ ဖြစ်သည်။ အများကလည်း ယုံကြည်ကိုးစားမှုပြုလာသောကာလဖြစ်သည်။

ထို့ကြောင့်လည်း ထိုကာလတွင် နံနက်မိုးလင်းလာသည်မှ ညနေမိုးချုပ်သည်အထိ မိမိတစ်နေ့တာအစီအစဉ်တွင် ချိန်းဆိုထားမှုများ၊ အစည်းအဝေးများ၊ ခရီးလမ်းများ၊ အဆုံးအဖြတ်ပေးစရာများနှင့် ပြည့်နေပါ၏။

ဤကာလတွင် သူကြွယ်ဖြစ်သောနည်း (၇) နည်းကို လိုက်နာကျင့်သုံးခဲ့သောကြောင့် ဖြစ်ပေါ်လာ

သောရလဒ်များ အစုလိုက်အပြုံလိုက် တိုးပွေ့ဝင်ရောက်လာချိန်လည်း ဖြစ်ပါ၏။ သူဌေးဖြစ်နည်း (၇) နည်း၏ အကျိုးကျေးဇူးများကို ခံစားရချိန်ဖြစ်ပါ၏။ ထိုသူတို့အတွက် သူဌေး ဖြစ်လာချိန်လည်း ဖြစ်ပါ၏။

သူဌေးဖြစ်လာသောကြောင့် ဘဝလွတ်လပ်မှုများကို ပိုင်ဆိုင်ကာ မိမိနှစ်သက်စရာများကို မိမိလုပ်ဆောင်နိုင်သော အချိန်ကာလဖြစ်ပါ၏။ မိမိဘဝတွင် မိမိရွေးချယ်လိုသည်များကို ရွေးချယ်ခံစားနိုင်သော အချိန်လည်း ဖြစ်ပါ၏။

ထိုအချိန်တွင် မိမိထူထောင်ခဲ့သော လုပ်ငန်းများ၊ ကုမ္ပဏီများမှ အကျိုးအမြတ်များကို ခံစား၍ ယင်းကုမ္ပဏီများ လုပ်ငန်းများကို နှစ်ရှည်လများ တည်တံ့၍ ထိုလုပ်ငန်းရပ်များတွင် လူပေါင်းများစွာ မှီခိုနေကြပြီး မိမိ၏ကြေးရုပ်ကို ထိုကုမ္ပဏီလုပ်ငန်းဌာန အဆောက်အအုံ၏ ရှေ့တွင် စတင်စိုက်ထူတော့မည့် အချိန်လည်း ဖြစ်ပါသည်။

သို့သော် ဘဝကိုကရော်ကမည် တည်ဆောက်သူများ တစ်နည်းအားဖြင့် သူကြွယ်ဖြစ်နည်း (၇) နည်းကိုမလေ့လာမိ၊ မဖတ်မိ၊ မကျင့်သုံးခဲ့မိ၊ သူများအပို့ကား သားဆိုး သမီးဆိုးတို့က တစ်ဖက်၊ လုပ်ငန်းကျဆင်းမှုများနှင့် မအောင်မြင်မှုများ၊ ကြွေးနှင့်ပေးဆပ်

စရာများအဖုံဖုံတွင် ဘဝဟူသည် ပုပန်မှုသောကတို့ဖြင့် ဘဝဆုံးရမည့်အဖြစ်မျိုးကို ကြုံတွေ့ရတတ်ပါ၏။

ထိုအချိန်တွင် သားသမီးများကလည်း အားကိုး၍မရ ချွေးမများ၊ သားမက်များနှင့် မြေးများ၊ မြစ်များ၏အထင်သေး အမြင်သေးမှုများကို ခံစားလာရကာ အိုဇာတာ မကောင်းသောဘဝသို့ ရောက်ရှိတတ်ပါ၏။

အချို့ကလည်း ထိုကာလရောက်မှ ဘဝကိုကြိုးစားကြပြန်ရာ "သင် သတိရသောအချိန်သည် နောက်မကျသေးပါ" ဟူသော စကားပုံအရ ဘဝဟူသည် စတင်၍ကြိုးစားချိန်တွင် ကြိုးစားမှုရလဒ်ကို ကြိုးစားသည်နှင့်အမျှ ရယူနိုင်စမြဲဖြစ်ရာ ကြိုးစားမှုအကျိုးကျေးဇူးကို ခံစားရမှန်း သိလာသူများလည်း ရှိပါ၏။

ထို့ကြောင့် အောင်မြင်မှုရရှိသူများအတွက်ရော အောင်မြင်မှုဆုံးရှုံးသူများအတွက်ပါ ထိုကာလသည် နားနေ၍ မရသောကာလဖြစ်၏။ အောင်မြင်နေသူများကလည်း အဆင့်ဆင့်သော အောင်ပွဲများအတွက် ဆုများကို အကြိမ်ကြိမ်ရယူကာ မအားမလပ်ဖြစ်ရချိန်ဖြစ်ပါ၏။ ထိုသူများအတွက် ယင်းကာလသည် ယင်းတို့သွားရာ လမ်းခရီးသည် ရွှေဖြစ်သော

လမ်း၊ ယင်းတို့လက်နှင့် တို့သောအရာအားလုံးသည် ရွှေဖြစ်သောကာလဖြစ်၏။ ထိုသို့အောင်ပွဲရသူသည် အဘယ်မှာ ရပ်နားနေချင်စိတ် ရှိပါမည်နည်း။

ထိုအချိန်မှ နောင်တရရှိသူများအတွက်ကား မိမိဖြုန်းတီးခဲ့သောအချိန်များကို အစား ပြန်လည်ဖြည့်တင်း၍ အချိန်လုံးဝမလောက်မငဖြစ်နေရသော ကာလဖြစ်ပါ၏။

ထို့ကြောင့် လူ့ဘဝတွင် အချိန်တွေပိုနေသည်။ အချိန်တွေ အများကြီးရှိနေသည်ဟူသော စကားမှာ မဟုတ်မမှန်ပါ။

ထိုစကားသည် လူသတ္တဝါတို့အတွက် မဟုတ်။

လူသားမှန်က အချိန်ပိုမရှိ။ အချိန်မှာ အမြဲတမ်းလိုနေသော အရာသာ ဖြစ်၏။ ထို့ကြောင့်ပင် သေမင်းလာခေါ်သည့်အခါ လုပ်စရာတွေကို အချိန်မရ၍ မလုပ်လိုက်ရဘဲ လိုက်သွားရသူတွေချည်းသာ ဖြစ်နေ၏။

ဘုရားသခင်သည် လူသားတို့အား အချိန်ကို အတိအကျပေးပြီး စေလွှတ်လိုက်ခြင်းဖြစ်၏။ ထိုအချိန်ကို သတ္တိ ဥာဏ် လုံ့လနှင့် အမြော်အမြင်ကြီးစွာ အသုံးပြုကာမှ တော်ရုံကျမည်ကို သင် ယုံကြည်စေလိုပါ၏။

## အခန်း - ၁၁

## အလုပ်မှ အနားယူခြင်း

ဤအချိန်ကာလသည် အသက် ၆၀-အထက် ကာလဖြစ်ပါ၏။

ဘဝ၏ အောင်ပွဲကာလလည်း ဖြစ်ပါ၏။ မိမိ ဘဝတစ်လျှောက်လုံး မနားမနေ၊ မမောမပန်း စိုက်ပျိုးခဲ့သော သီးနှံသစ်ပင်တို့၏ အသီးအပွင့်များကို ရိတ်သိမ်းစားသုံးရမည့်အချိန် ဖြစ်ပါ၏။

ဤအချိန်တွင် တစ်သက်တာကာလ စုဆောင်းခဲ့မှု၊ စုဆောင်းငွေကို ရင်းနှီးခဲ့ရမှုတို့မှ ရရှိသော

ဝင်ငွေကို စားသုံးခံစားသည့် အချိန်ဖြစ်ပါ၏။ ထို့ကြောင့် မိမိဘဝ၏အောင်ပွဲ၊ မိမိဘဝ၏ နှစ်သိမ့်စရာများကို အပြည့်အဝ ခံစားကြည်နူးရသော အချိန်လည်းဖြစ်ပါ၏။ ထိုလုပ်ငန်းတို့မှ ဝင်ငွေများသည်လည်း ပုံမှန်ဝင်ရောက်နေ၍ မိမိသည် ဘာသာတရားတို့ကို ယုံကြည်ခဲ့သူ ဖြစ်ပါကလည်းယုံကြည်မှုအတိုင်းကုသိုလ်အလှူ ဒါန ဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းကာ ကျေနပ်နှစ်သိမ့်မှုကို ရယူချိန်ဖြစ်ပါသည်။ ထိုအချိန်တွင် အပန်းဖြေခြင်း၊ အနားယူခြင်း၊ ကမ္ဘာလှည့်ခြင်းတို့ဖြင့် ဘဝကို အရသာရှိရှိ သာယာကြည်နူး ချမ်းမြေ့စွာ ခံစားရချိန်ဖြစ်ပါ၏။

သင်သည် ကြွယ်ဝချမ်းသာစေသောနည်း (၇) နည်းကို လက်တွေ့ မကျင့်သုံးခဲ့ပါက ထိုကဲ့သို့လူ့ဘဝအား သာယာကြည်နူးချမ်းမြေ့စွာ ခံစားရမှုမျိုးကို ဘယ်တော့မှ ရနိုင်မည်မဟုတ်ပါ။ သင်သည် သင့်ပတ်ဝန်းကျင်မှ ကြွယ်ဝချမ်းသာသူ ၂၀-ဦးတို့ကို ရွေးချယ်၍ ယင်းတို့အား သုတေသနလုပ်ကြည့်ပါ။ ထို ၂၀-ဦးစလုံးသည် ကြွယ်ဝချမ်းသာစေသောနည်း (၇) နည်းကို ဘဝ၏ စောစီးသော ကာလကပင် လက်တွေ့ကျင့်သုံးခဲ့သူများ ဖြစ်သည်ဟု သင့် သုတေ

သနလုပ်ငန်းက တိကျစွာ ပြဆိုမည်ဖြစ်ပါ၏။ ထိုကဲ့သို့ ဘာကြောင့် ကျွန်တော်သည် အာ မခံ၍ ပြောနိုင်သနည်း။

ထိုကဲ့သို့ ဘာကြောင့်ပြောဆိုနိုင်သနည်းဟု ဆိုပါက ဤကြွယ်ဝချမ်းသာစေသောနည်း (၇) နည်းသည် ကမ္ဘာကျော်သူဌေး သူကြွယ်ဦးရေ ၁၀၀-ကျော်တို့အား သူတို့၏ အောင်မြင်မှုရရှိခြင်း အကြောင်းတရားများကို ဆန်းစစ်ထုတ်ယူကာ သူကြွယ်ဖြစ်နည်း (၇) နည်းအဖြစ် ထုတ်ဖော် မှတ်တမ်းတင်ထားသောကြောင့် ဖြစ်ပါ၏။

ဤကြွယ်ဝချမ်းသာစေသောနည်း (၇) နည်းသည်ဆင်းရဲမွဲတေမှုကို ကျိန်းသေကုစားနိုင်သောဆေးအမည် (၇) မျိုးသာဖြစ်ပါ၏။ သင် ဆင်းရဲမွဲတေနေပါက ထိုဆေး (၇) ခွက်ကို တစ်နေ့တစ်ခွက်စီ သောက်ပါ။ (၇) ရက်ပြည့်သောနေ့တွင် သင်သည် ဆေးစတင် သောက်သုံးစဉ်ကထက် ချမ်းသာကြွယ်ဝလာကြောင်း တွေ့ရမည်ဖြစ်ပါ၏။ ထိုဆေးကို ယုံကြည်စိတ်ချစွာ ဆက်သောက်ပါ။ သင်သည် မုချကြွယ်ဝချမ်းသာမည် ဖြစ်ပါသည်။

ယခုဖော်ပြထားသော သူကြွယ်ဖြစ်သော ဆေးအမည် (၇) မျိုးကို မသောက်သုံးခဲ့သူတို့သည် အလုပ်မှအနားယူရသော ယခုအချိန်မျိုးတွင် အနားမရနိုင်သေးဘဲ သောကမီးများဖိစီးကာ ငွေကြေးကို ကြက်ယက်သလို ရှာဖွေနေရဆဲဖြစ်၏။ အလုပ်မှ အနားယူလိုက်သောကြောင့် စုမှန်ဝင်ငွေမှာ ရပ်ဆိုင်းသွားချိန်တွင် ရင်းနှီးမှုကလည်းမရှိသဖြင့် ထိုသူတို့သည် မိမိ၏အိမ်ခြံမြေတို့ကို ရောင်းချရ၍ အိပ်ခန်းငယ်လေးတစ်ခုတွင် ပြောင်းရွှေ့နေထိုင်ရခြင်း၊ အတွင်းဖစ္စည်းများကို ရောင်းချခြင်း၊ ရောင်းချရာတွင်လည်း မိမိယုံမှတ်သူတို့၏ လိမ်လည်မှုကို ခံစားရခြင်းများကြုံရတတ်ပါ၏။ ထိုအချိန်မျိုးတွင် သားသမီးများ၏ အထောက်အပံ့ကို မျှော်လင့်ရသော်လည်း အချို့သောသူများသည် ကံကောင်းထောက်မ၍ သားသမီးထံမှ အကူအညီ၊ နိုင်ငံတော်မှ အကူအညီကို ရရှိကြသော်လည်း များစွာသောသူတို့မှာ သားသမီးထံမှလည်း ဘာအကူအညီမှမရဘဲ ဖြစ်ကြရ၏။ သားသမီးတို့၏ အိမ်တွင် မသဒ္ဓါရေစာ စားသုံးနေရသော ဘဝမျိုးသို့ ရောက်ရှိရသောသူများလည်း ရှိလာကြရာ ဘဝတွင် အချိန်ကို တန်ဖိုးထား၍ အကျိုးရှိစွာ အသုံးမပြုခဲ့ကြသူတိုင်း၊ ငွေကို မိတ်ဆွေလို မဆက်ဆံမိခဲ့ကြသူတိုင်း၊

စုဆောင်းမှု မပြုခဲ့ကြသူတိုင်း ဒိုဇာတာ မလှမပ ဖြစ်ရသည်ချည်း ဖြစ်ပါ၏။

ထို့ကြောင့် ဘဝတွင် အရေးကြီးလှသည်မှာ လူတိုင်းသည် မိမိဘဝ၏ အဆင့် (၂)မှ အဆင့်(၆) ကာလအတွင်းတွင် အနည်းဆုံး မိမိဝင်ငွေ၏ ၁၀ ရာခိုင်နှုန်းကို သံမဏိစည်းကမ်းဖြင့် စုဆောင်းရန်လိုအပ်ပါ၏။ ဤကိစ္စကို မဖြစ်မနေဆောင်ရွက်ကြရမည် ဖြစ်ပါ၏။

အဆင့် (၅)နှင့် အဆင့်(၆)တို့တွင် ၁၀-ရာခိုင်နှုန်းထက် ပိုမိုစုဆောင်းကြရမည်ဖြစ်သည်။

လူ့ဘဝ၌ အောင်မြင်မှု၏ အခြေခံအကျဆုံးသောကာလသည် အဆင့် (၁) ဟူသော မွေးသည်မှ အလုပ်ဝင်ရောက်ချိန်အထိ စောစောပိုင်း အနှစ် ၂၀ ကာလဖြစ်သည်ကို အထူးသတိပြုရမည် ဖြစ်၏။ ထိုကာလတွင် သတ်မှတ်ထားသော ဘဝအရည်အချင်းနှင့် ကျွမ်းကျင်မှု အရည်အသွေးများ ရရှိလာအောင် လေ့ကျင့်ထားရမည်ဖြစ်ပါ၏။ ပထမအသက်နှစ်ဆယ်ကာလအတွင်း ကြွယ်ဝချမ်းသာစေသောနည်း (၇) နည်းကို လေ့ကျင့်သင်ကြား ပျိုးထောင်မှုသည် လူ့ဘဝရှင်သန်ရေးတွင် အလွန်မှအရေးကြီးပါ၏။

ထိုကာလ၌ လေ့ကျင့်ပျိုးထောင်ပေးမှုသည် ဘဝတစ်လျှောက်လုံးအတွက် ငွေကြေးဆိုင်ရာအာမခံချက်ရရှိအောင် အခြေခံအုတ်မြစ်ချပေးခြင်းလည်းဖြစ်၍ မိဘတိုင်း လုပ်အပ်သောအရာဖြစ်ပါ၏။ မူလတန်းမှစ၍ အလယ်တန်း၊ အထက်တန်းဆရာများသည် မိမိတို့တပည့်များအား အဖိုးထိုက်အဖိုးတန်ပညာအမွေများကို ပေးရာတွင် ကြွယ်ဝချမ်းသာစေသောနည်း (၇) နည်းကိုလည်း အရိုးစွဲအောင်သင်ကြားပေးလိုက်ရန် လိုအပ်ပါ၏။

ဖွံ့ဖြိုးတိုးတက်သောနိုင်ငံများတွင် ယခုကဲ့သို့သော လေ့ကျင့်မှုမျိုး ပညာပေးမှုမျိုးကို အချိန်စောစောရရှိသဖြင့် ဘဝတွင် ဆင်ကန်းတောတိုးမဖြစ်ဘဲ တည့်မတ်ဖြောင့်ဖြူးသော ဘဝလမ်းကြောင်းကို ရရှိကြပါ၏။

ကျွန်တော်တို့လူငယ်များသည် ရှေးကျ၍ ရိုးတာသော ပညာပေးမှုများကို ထပ်ခါတလဲ ရရှိကြသော်လည်း ကြွယ်ဝချမ်းသာရေးနည်းများနှင့် မနီးစပ်နိုင်ဘဲ ဖြစ်ကြရပါ၏။ ယခုအခါ အခြားသော ခေတ်မီနိုင်ငံများမှ လူငယ်များနည်းတူ သူဌေးသူကြွယ်ဖြစ်နည်းများကို မိမိတို့လက်လှမ်းမီစွာ၊ မိမိတို့ဘာသာ

စာပေဖြင့် ရှင်းလင်းလွယ်ကူစွာ ဖတ်ရှုကြရပြီဖြစ်ရာ လူများသည် ယင်းနည်းစနစ်များကို အသက် ၂၁- ကာလအတွင်း လေ့လာဆည်းပူးသင်ကြား၍ မိမိတို့၏ စိတ်သဏ္ဌာန်တွင် မိမိ၏အကျင့်စရိုက်များအဖြစ် တည်ရှိလာအောင် ကြိုးဆောင်၍ ကြွယ်ဝချမ်းသာခြင်း နှင့် ဘဝအောင်ပွဲများ ရရှိအောင် ကြိုးစာကြရန်လို အပ်လှပါ၏။

❒

## အခန်း – ၁၂
## အချိန်ချမ်းသာသူ လူငယ်များ

အကယ်၍ သင်သည် သတိမထားမိခဲ့ပါက လူငယ်များတွင် ကျွန်တော်တို့၌ မရှိတော့သည့် အရာ တစ်ခုရှိနေကြောင်း ကျွန်တော်တင်ပြလိုပါ၏။ ထို အရာသည် ကျွန်တော်တို့ထံတွင် လုံးဝမရှိတော့သည် မှာ သေချာလှပါ၏။ သို့သော် ထိုအရာသည် သူတို့ တွင် ကျွန်တော်တို့ဆီမှာထက် များပြားနေပါ၏။

ထိုအရာသည် ဘာလဲဟုဆိုပါက အချိန်ပင် ဖြစ်ပါ၏။

ဘိုးဘွားရိပ်သာများသို့ သင်ရောက်ပါက အင်္ဂလိပ်စာလုံးတစ်လုံးကို တွေ့မြင်ရမည်ဖြစ်ပါ၏။ ထိုစာလုံးမှာ AGED POOR ဟူသော စကားလုံးဖြစ်ပါ၏။ ဘိုးဘွားများကို အချိန်ဆင်းရဲမွဲတေသူများဟူ၍ အတိအလင်း ဖော်ပြရေးသားထားပါ၏။ အသက်ကြီးရင့်သူတို့ကို အချိန်ဆင်းရဲမွဲတေသူများဟု ဆိုပါက ငယ်ရွယ်သူများသည် အချိန်ကြွယ်ဝနေသေးသူများဖြစ်ပါ၏။

ထိုကိစ္စတွင် လူငယ်များသည် အလွန်မှ မနာလိုစရာကောင်းရလောက်သော အနေထားတွင် ရှိပါ၏။ သူတို့သည် အချိန်ကြွယ်ဝချမ်းသာသူများ ဖြစ်သည်။ အချိန်ဟူသည် ငွေပင်ဖြစ်ရာ အချိန်ရှိနေသူလူငယ်တိုင်းသည် ငွေရှိနေသည်နှင့်အတူတူပင် ဖြစ်ပါ၏။

အချိန်ရှိနေသော သူတို့သည် များစွာစွန့်စားရာမလိုဘဲ၊ ထူးထူးခြားခြား ကုသိုလ်ကံအကျိုးပေးတစ်စုံတစ်ရာမလိုဘဲ ကြွယ်ဝချမ်းသာနည်း (၇) နည်းကို လိုက်နာကျင့်သုံးရုံဖြင့် ငွေများ တားမရ ဆီးမနိုင်ရှိနိုင်စရာ အကြောင်းတရားများ ကေန်ကေ ရှိကြသူများ ဖြစ်ပါ၏။

ထိုသို့ဆိုပါက လူငယ်အများအပြားကို လက်ညှိုးထိုးပြကာ ထိုလူငယ်များကရော ဘာပြုလို့ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းသို့ ရောက်မလာကြတာလဲ ဟု မေးစရာရှိပါ၏။

ငွေကြေးကျဆုံးမှု ဖြစ်နေရရှာသော လူလတ်လူငယ်များသည် တစ်နည်းမဟုတ်တစ်နည်း ပေါ်ပင်ခေတ်ဟန်များကို လိုက်စားခဲ့သူများ၊ ငွေသုံးဖြုန်းပစ်ခဲ့သူများ ဖြစ်နေသည်ကို သင်တွေ့ရမည်ဖြစ်ပါ၏။ ထိုလူငယ်များ ငွေကြေးကျဆုံးမှု ဖြစ်နေရခြင်းမှာ စုဆောင်းရင်းနှီးရမည့်ငွေကို ဖြုန်းခဲ့ကြသောကြောင့် ဖြစ်ပါ၏။ တကယ်တော့ ဤကိစ္စသည် လူငယ်များအတွင်း အထင်မှား အမြင်မှားနေသော ကိစ္စတစ်ရပ်နေဖြစ်ပါ၏။

လူငယ်များ အထင်ကြီးနေသော ခေတ်ဟန်များ၊ ဖက်ရှင်များသည် ပေါ်ပြီးပျောက်သွားသော အရာများဖြစ်၏။ လူငယ်များသည် ခေတ်ဟန်များ ပေါ်ပင်များကို မက်မောတွယ်တာရင်း မနဥစ္စာများ ဆုံးရှုံးနေကြပါ၏။ တကယ်တော့ ခေတ်ပေါ်ဖက်ရှင်များသည် ရေပွက်ပမာသာဖြစ်၍ စုဆောင်းခြင်းတာမှုသည် သမုဒ္ဒရာကြီးပမာ ကျယ်ပြန့်နက်ရှိုင်းသော ကိစ္စဖြစ်ပါ၏။ လူငယ်များစွာတို့သည် မိမိတို့ဘဝတွင် တံ

လုပ်ကိုရေထင်၍ ရွှေသမင်အလိုက်များသလို ခေတ်ပေါ်ခေတ်ဟန်၊ ဖက်ရှင်၊ အဆန်းဟူသော အရာများကို အထင်ကြီးရင်း မိမိစုဆောင်းထားရှိရမည့် ငွေကြေးများကို သုံးစွဲပစ်နေကြပါ၏။ အလွန်မှ နှမြောစရာကောင်းပါ၏။

လူငယ်များ ပေါ်ပင်လိုက်ခြင်း၊ ဖက်ရှင်သစ်များကို မက်မောခြင်း၊ မလိုအပ်ဘဲ အဝတ်အစားများ၊ နေကာမျက်မှန်များ၊ ဂျင်းပင်အသစ်များ ဝတ်စားဆင်ယင်နေကြခြင်းသည် မိမိတို့လူဖြစ်လာရသည့် လူ့ဘဝဘွင် မိမိတို့ကိုယ် မိမိတို့ မီးပုံ၍ ရှို့ပစ်နေသည်နှင့် အတူတူပင်ဖြစ်ပါ၏။

ခေတ်ပေါ်ခေတ်ဟန်များသည် တစ်ခဏပွက်သည့် ရေပွက်ပမာ ပေါ်လာပြီး ပျောက်ပျက်သွားသောအရာဖြစ်သည်။ ထိုရေပွက်ကို တန်ဖိုးထား ခင်ကွယ်မိ၍ ဖမ်းယူဆုပ်ကိုင်မိပါက မိမိဆုပ်ကိုင်လိုက်သော ခဏ၌ပင် ထိုရေပွက်သည် ပျက်ပြယ်သွားတတ်သော မိမိမှာ မူလက ဘဝပင်လယ်တွင် ကယ်သူမဲ့ နစ်မျောကြရပြီး အရှယ်လွန်မှ မိမိတို့၏အမှားများကို သိကြပါ၏။

ခေတ်ပေါ် ဖက်ရှင်များ၊ ခေတ်၏ အပြင်အဆင်များသည် မီးတောက်များဖြစ်ကြောင်း၊ ပိုးဖလံကောင်သည် မီးကိုတိုးမိ၍ လောင်ကျွမ်းခံရခြင်းပင်ဖြစ်ကြောင်း စောစီးစွာ သိရှိဖို့လိုအပ်ပါ၏။

အချို့သည် လူရွယ် လူလတ်ပိုင်းသို့ရောက်သည့်တိုင် မီးကိုမီးမှန်းမသိဘဲ ဝင်ရောက်တိုးဝှေ့နေရာယင်းတို့ မီးမှန်းသိသော အချိန်တွင် အလွန်တန်ဖိုးရှိသောအချိန်များစွာတို့ ကုန်လွန်ခဲ့ကြပြီဖြစ်ပါ၏။ လူများသည် ငွေစုဆောင်းသင့်ကြောင်း သိရှိလာသောအချိန်တွင် အချိန်အတော်လွန်၍ မွန်းတည့်လုနီးနေပြီဖြစ်ပါ၏။ ထိုအမှားသည် ဘဝ၌ လူငယ်များ ထပ်ခါတလဲလဲ မှားနေသောအမှားဖြစ်ရာ ထိုအမှားမျိုး မပြုလုပ်မိရန် လိုအပ်ပါ၏။

အချိန်ချမ်းသာကြွယ်ဝသော လူငယ်များသည် မိမိတို့၏ ကြွယ်ဝချမ်းသာသောအချိန်များကိုဘဝတစ်သက်တာ ငွေကြေးလွတ်လပ်မှု ရရှိရေးအတွက် အသုံးပြုရမည်ဖြစ်ပါ၏။ လူငယ်တိုင်း၌ ငွေကြေးရှာဖွေခွင့်၊ ချမ်းသာကြွယ်ဝခွင့် စသည့်အခွင့်အလမ်းများရှိရာ ထိုအခွင့်အလမ်းများသည် ငယ်ရွယ်စဉ်က စတင်အသုံးချမှသာ ထိရောက်မှုရှိပြီး အသက်ကြီး

လာလေ၊ တစ်နေ့ကြီးလာလေ၊ တစ်နေ့ဝေးကွာလေ ဖြစ်တတ်ပါ၏။

ဘာသာစကားကို အသက်ငယ်ရွယ်စဉ်က သင်ကြားပါက ပိုမိုတတ်ကျွမ်းကြသော်လည်း ဘာသာစကားကို ကြီးမှသင်လျှင် အလွန်မှ အခက်အခဲရှိပါ၏။ ထို့အတူ ငွေကြေးရှာဖွေရာတွင်လည်း ငယ်စဉ်မှစ၍ အသိတရားရှိလေ ပိုမိုချမ်းသာလေဖြစ်၏။ ငွေကြေးကို စောစောစုဆောင်း၍ စောစော ရင်းနှီးမြှုပ်နှံမှုပြုလေ ပို၍ အကျိုးရှိလေဖြစ်ပါ၏။

ထို့ကြောင့် ကျွန်တော်တို့ဘက်မှကြည့်လျှင် မနာလိုစရာကောင်းလောက်အောင် အချိန်ကြွယ်ဝမှုရှိကြသော လူငယ်များသည် မိမိတို့ဘဝ ချမ်းသာကြွယ်ဝရေး၊ မိမိတို့ဘဝ ငွေကြေးလွတ်လပ်ခွင့် ရရှိရေးအတွက် ငယ်စဉ်မှစ၍ အသိတရားရှိရှိနှင့် အသုံးပြုကြရမည်ဖြစ်ပါ၏။

ခေတ်ပေါ် ဖက်ရှင်များ ဆန်းသစ်မှုများကို မမက်မောကြရန် လိုအပ်ပါ၏။

## အခန်း – ၁၃
## ကလေးငယ်များအား ငွေကြေးကို စနစ်တကျ သုံးတတ်သော အလေ့အကျင့်ရအောင် သင်ပေးပါ

မိမိတို့၏ သားသမီးများအား ငယ်စဉ်မှစ၍ မိဘများသည် အရေးကြီးသော လုပ်ငန်းတာဝန်တစ်ရပ်အနေနှင့် ငွေကြေး စနစ်တကျ သုံးစွဲရေးကိစ္စကို အချိန်ယူ လေ့ကျင့်ပေးရမည်ဖြစ်ပါ၏။ သင့်ရင်သွေးများသည် ငွေကြေးကို စနစ်တကျသုံးစွဲတတ်ပြီဟုဆိုပါက ဘဝတွင် အလွန်အရေးပါသော စွမ်းရည် တစ်ရပ်

ကို သင့်ရင်သွေးပိုင်ဆိုင်ခဲ့ပြီမို့ နောင်ရေးအတွက် စိတ်ချစရာဖြစ်ကြောင်း ယုံကြည်စိတ်ချစေလိုပါ၏။

သင့်ကလေးအား ငယ်စဉ်မှစ၍ ငွေသည် တန်ဖိုးရှိသောအရာဖြစ်ကြောင်း အသိအမှတ်ရှိပါစေ။ ထိုသို့ သိမှတ်ရေးအတွက် သင်သည်ငွေကိုဘယ်သောအခါမှ ကလေးရှေ့တွင် ပစ်စလက်ခတ် မထားပါနှင့်။ ကလေးရှေ့၌ ငွေရေတွက်ရာတွင် စေ့စေ့စပ်စပ် သတိတရားထား၍ ရေတွက်စေလိုပါ၏။

ငွေကို စနစ်တကျ သိမ်းဆည်းခြင်း၊ အိမ်ရှိငွေအရေအတွက်ကို တိကျစွာ စာရင်းမှတ်သားထားခြင်း၊ ထုတ်ယူသုံးစွဲပါက စာရင်းထဲမှနုတ်ခြင်းစသည်ဖြင့် ငွေကို တိတိကျကျ လုပ်ဆောင်မှုများကို ကလေးရှေ့တွင် လုပ်ဆောင်ရန် လိုအပ်ပါ၏။ ကလေးရှေ့တွင် ဟန်ပြလုပ်ဆောင်မှုမျိုး မဟုတ်ဘဲ ကလေးရှိလာသည်နှင့် ငွေကြေးကို စနစ်တကျကိုင်တွယ် အသုံးပြုမှုကို မိသားစုအတွင်း လုပ်ဆောင်စေလိုပါ၏။

ကလေးအတော်အတန် အရွယ်ရောက်လာပါက အိမ်ပတ်ဝန်းကျင်မှ အမှိုက်ရှင်းသည့်ကိစ္စကို တစ်ပတ်တစ်ခါလုပ်ခိုင်းပြီး ယင်းအတွက် လုပ်အားခပေးပါ။ ငွေသည် အလကားမရကြောင်း အလုပ်လုပ်

ပြီးမှရကြောင်းနှင့် ငွေသည် တန်ဖိုးရှိကြောင်း ကလေးအား သိစေလိုပါ၏။ အလုပ်လုပ်စေပြီး သားသမီးတို့အား လုပ်အားခပေးရာတွင် အိမ်ထောင်စုတာဝန်ကို ကူညီလုပ်ဆောင်သည့်အတွက် တုံ့ပြန် အသိမှတ်ပြုမှုသဘောလည်း ပါဝင်ရန် လိုအပ်ပါ၏။ မိမိတို့ ပျော်ရွှင်စရာကောင်းသော မိသားစုကို ပံ့ပိုးဝိုင်းဝန်းကူညီသည့်အတွက် အသိအမှတ်ပြုခံရခြင်း၊ ဆုလာဘ်ရရှိခြင်း သဘောလည်း ပါဝင်ရန်လိုအပ်ပါ၏။

* ထိုသို့ မိမိတို့လုပ်အားမှ ရရှိသောလုပ်အားခဝင်ငွေ၏ ၁၀-ရာခိုင်နှုန်းကို စုဆောင်းသည့် အလေ့အကျင့်ပြုလုပ်ပေးရန် လိုအပ်ပါ၏။ သူရရှိသော ဝင်ငွေ၏ ကျန် ၉၀-ရာခိုင်နှုန်းကို သူကြိုက်ရာသုံးပါစေ။ ငွေပေးစဉ်ကပင် သူ့လုပ်ခအတွက် ၁၀-ကျပ်ပေးရမည်ဆိုပါက တစ်ကျပ်နှင့် ကိုးကျပ်ကို သီးခြားခွဲပေးပါ။ တစ်ကျပ်ကို စုဘူးထဲသို့ထည့်၍ ကိုးကျပ်ကို သူ့လက်ထဲသို့ အပ်ပါ။ သူ့အား တစ်ကျပ်ထက်ပို၍ စုဆောင်းလိုစိတ် ရှိမရှိလည်းမေးပါ။ တစ်ကျပ်ထက်ပို၍ စုဆောင်းသင့်ကြောင်းကိုလည်း တိုက်တွန်းပါ။

* အိမ်၌ စုဘူးအပြင် သူ့အတွက်ဘဏ်တွင် ငွေစုစာရင်းတစ်ခုလည်း ဖွင့်ပေးပါ။ စုဘူးထဲမှ ငွေများလာပါက ဘဏ်တွင် ပြောင်း၍စုပါ။ စုငွေကို ဘယ်တော့မှ ထုတ်မသုံးပါနှင့်။ ဘဏ်စု ငွေစာရင်းကို မိဘနှင့်ကလေးတွဲ၍ ဖွင့်ပါ။ သို့မှသာ ငွေထုတ်ပါက မိဘနှင့် ကလေး နှစ်ဦးတွဲ၍ထုတ်နိုင်ပြီး ကလေးသည် သူ့စိတ်ကြိုက် ထုတ်ယူမှု မပြုနိုင်ရန် ဖြစ်ပါ၏။

* ကလေးငယ်အား ဝင်ငွေအားလုံး၏ ၁၀ ရာခိုင်နှုန်းစုဆောင်းရမည်ကို သူ့အလိုလို သိနေပါစေ။ မုန့်ဖိုးရလျှင်လည်း မုန့်ဖိုးထဲမှ ၁၀-ရာခိုင်နှုန်း သူ စုရမည်ကို သိပါစေ။ ဘာကြောင့် ၁၀-ရာခိုင်နှုန်း စုရမည်ကို အကြောင်းပြချက် တစ်စုံတစ်ရာပြရန် မလိုဘဲ သံမဏိစည်းကမ်းဖြင့် ငွေ ၁၀-ရာခိုင်နှုန်း စုရေးကို သင့် ကလေးအား တင်းတင်းကျပ်ကျပ် လိုက်နာဆောင်ရွက်ရန် လိုအပ်ပါ၏။

* စုငွေအတိုးရလျှင် တစ်လတွင် သူ့စုဆောင်းငွေမှ အတိုးမည်မျှရသဖြင့် သူ့စုငွေသည်

မူလ ဘယ်လောက်သာရှိသော်လည်း ယခု မည်မျှ တိုးလာပြီဖြစ်သည်ကို ကလေးအား အသိပေးရန် လိုအပ်ပါ၏။

* ငွေကြေးဟူသည် တန်ဖိုးပြောင်းလဲမှု ဖောင်းပွမှုရှိတတ်ရာ ငွေကို အသေစုထားခြင်းမျိုး မဟုတ်ဘဲ မိမိစုငွေတန်ဖိုးလျော့လာပါက တန်ဖိုးမလျော့သည့် ရွှေကဲ့သို့သောအရာကို သူ၏စုငွေဖြင့် ဝယ်ပေးပါ။ ရွှေဈေးအဆမတန်တက်လာလျှင် ထိုရွှေကို ရောင်းပြီး ငွေသားအဖြစ်ပြန်စုပေးပါ။ ငွေကြေး အတက်အကျများ ရှိလာပါ၏။ ယခင်က ဂျပန်ယန်းငွေ ၄၅၀-သည် အမေရိကန် တစ်ဒေါ်လာနှင့် ညီနေရာမှ ယခု ယန်းငွေ ၁၀၀ နှင့် အမေရိကန်ငွေ တစ်ဒေါ်လာညီမျှနေပါ၏။ စင်ကာပူဒေါ်လာသည် ယခင်က အမေရိကန် တစ်ဒေါ်လာလျှင် ၁-ဒသမ ၅၆ စင်ကာပူဒေါ်လာနှင့်ညီရာမှ ယခု ၁- ဒသမ ၄ နှင့် ညီလာပါ၏။ ထိုကဲ့သို့ပြောင်းလဲမှုများ ငွေ၏ သဘောသဘာဝများကို ကလေးအား သဦး

နှောက်မီသလောက် တိုး၍တိုး၍ အသိပေးပါ။

* ကလေးများ အတော်အတန်ကြီးလာပါက သူတို့လုပ်ဆောင်ရသော တာဝန်ကိုလည်း နည်းနည်းတိုးမြှင့်ပေး၍ လုပ်ခကိုလည်း တိုးပေးပါ။ တာဝန်ဝတ္တရားဟူသောအသိ သူ့ထံတွင် ရှိလာပါစေ။ အလုပ်သည် မပြီးမပြတ်မသေမသပ်ဖြစ်ပါက လုပ်ခကို မပေးသေးဘဲ လုပ်ငန်းပြီးပြတ်သေသပ်မှ လုပ်ခပေးသောအကျင့်ကို ပြုလုပ်ပါ။

* အသက်ဆယ်နှစ်ကျော်လာသော လူငယ်များအတွက် အိမ်လုပ်ငန်းကူညီသဖြင့် သူရရှိသောငွေကြေးမှ ၁၀-ရာခိုင်နှုန်းစုပြီး ကျန်ငွေကို သူ့အတွက်လိုအပ်သော ပစ္စည်းများ၊ ထီး၊ ဖိနပ်၊ အဝတ်အစား၊ ကျောင်းလခ၊ ဆေးဝါးကုသခ၊ ကျောင်း တူညီဝတ်စုံ စသည်တို့ကို သူ့ငွေထဲမှ ကျခံပါစေ။ မိသားစု စားသောက်စရိတ်အတွက်လည်း သူဝင်စားနေသည့်အတွက် သူ့ဝင်ငွေထဲမှ တစ်စိတ်တစ်

ဒေသ ကျွမ်းပါစေ။ လောကတွင် ငွေကို အလုပ်လုပ်မှ ရရှိပြီး ကုန်ကျစရိတ်များအ တွက် အခမဲ့မရကြောင်း သူသိပါစေ။ မြန်မာမိသားစုများအတွင်း ထိုအလေ့အကျင့် မရှိပါက သင့်မိသားစုတွင် ထိုအလေ့အထ ကို စတင်ကျင့်သုံးပြီး မြန်မာမိသားစုတို့၏ အလေ့အထဖြစ်လာအောင် ပြုလုပ်ပါ။ (ကလေးများအား ထိုကဲ့သို့ မိသားစုကုန်ကျ စရိတ်ကို ခွဲဝေတာဝန်ယူစနစ် ကျင့်သုံးခြင်း သည် မြန်မာမိသားစုများအတွက် စိမ်းနေ မည်ဖြစ်သော်လည်း ထိုအကျင့်ရရှိလာခြင်း ဖြင့် မိမိငွေထိန်းသိမ်းမှု၊ သူ့ဘဝသူ ထိန်း သိမ်းမှု၊ လောကတွင် ဘာမှ အခမဲ့မရရှိ ကြောင်း အသိတရားရှိမှု၊ သူ့ကိုသူယုံကြည် မှု မိဘကလည်း သူ့အပေါ် ယုံကြည်မှုများကို ပျိုးထောင်ရာကျပါ၏။)

* သူ့စုငွေသည် ရင်းနှီးမြှုပ်နှံမှုပြုနိုင်လောက် သည့် ပမာဏကို ရရှိပါက မိဘ၏စီးပွားရေး လုပ်ငန်းတွင်ဖြစ်စေ၊ ဘကြီးဦးကြီး တော်သူ တို့၏ စီးပွားရေးလုပ်ငန်းတွင်ဖြစ်စေ ပါဝင်

ရင်းနှီးမြှုပ်နှံမှု ပြုပေးပါ။ သို့မဟုတ် အမြတ် အစွန်းရှိသော အစုရှယ်ယာများ ဝယ်ယူခြင်း၊ ဘယ်အစုရှယ်ယာကို ဝယ်သင့်ကြောင်း အကြံပေးမှုများပြု၍ ငယ်စဉ်ကပင် ရင်းနှီးမြှုပ်နှံမှုကို စတင်လုပ်စေသင့်ပါ၏။ ထိုသို့ ပြုလုပ်ပေးမှုသည် သင့်ရင်သွေးအား ဥစ္စာမနတိုးပွားရေး လမ်းကြောင်းပေါ်သို့ တွန်းပို့နေခြင်းဖြစ်သည်ဟု စွဲမြဲစွာ ယုံယုံကြည်ကြည်ဖြင့် ပြုလုပ်ပေးရန် လိုအပ်ပါ၏။

* ငွေစုခြင်းသည် ဘဝနေနည်းတစ်ခုဖြစ်၏။ ငွေစုဆောင်းမှုကို ငယ်ရွယ်စဉ်မှစ၍ ယခုကဲ့သို့ ပျိုးထောင်ပေးခြင်းဖြင့် ငွေစုဆောင်းမှုအကျင့်၊ အလုပ်လုပ်မှ ငွေရမည်ဟူသော အကျင့်၊ မိမိသည် ဘယ်အရာမဆို တန်ရာတန်ကြေးပေးရမည်ဟူသော အသိများရရှိလာက အခြားလူငယ်များတွင် မရှိသော၊ အခြားလူငယ်များ၏ဘဝတွင် မသိသော အသိပညာနှင့်ဓလေ့ စည်းစနစ်များ ရရှိလာခြင်းဖြင့် သင့်ရင်သွေးသည် ဥစ္စာမန ကြွယ်ဝသည့်သူ မုချဖြစ်လာမည် ဖြစ်ပါသည်။

* ဝင်ငွေမှ အနည်းငယ်လောက်ကိုသာ စုဆောင်းမှုကို ဘဝတစ်ခုလုံး စုသွားနိုင်ပါက ဘဝတွင် ငွေကြေးပြည့်စုံ လုံလောက်မှု ရလဒ်ကြီးတစ်ခု ရရှိလာမည်မှာ အမှန်ဖြစ်ပါသည်။

* ငွေစုသည့်ဓလေ့ကို ကလေးများအား အစောဆုံးသင်ပေးပါ။ လူတစ်ယောက်အတွက် အဆိုးရွားဆုံးသော အပြုအမူ လုပ်ဆောင်မှုသည် ငွေကို မနက်ဖြန်မှစစုမည်ဟု နေ့ရွှေ့နေခြင်းနှင့် အလုပ်ကို ချက်ချင်းထမလုပ်ဘဲ ညရွှေ့နေမှုသာလျှင် ဖြစ်ပါ၏။ ငွေစုမှုနှင့် အလုပ်ကို နေ့ရွှေ့ ညရွှေ့ မလုပ်ပါနှင့်။ ချက်ချင်း ထလုပ်ပါ။ အစောဆုံး ထလုပ်ပါ။

* ငွေစုမှုနှင့်ပတ်သက်၍ အစောဆုံးစုရန် အတင်းအကျပ် တိုက်တွန်းနေသဖြင့် ငွေစုရန် အချိန်ဆွဲနေသူတို့အတွက် အဖတ်ဆယ်၍ မရအောင် ဆုံးရှုံးရမှုမျိုးနှင့် ကြုံတွေ့ရတော့မှာလားဟု ဆိုပါက မဟုတ်ပါ။ သို့သော် အဖတ်ဆယ်၍ မရလောက်အောင် ဆုံးရှုံးမှု

မျိုးများနှင့် မကြုံတွေ့ရသော်ငြားလည်း -
- နှစ်ထပ်တိုးဖြင့်ရသော အတိုးဆုံးရှုံးလက်လွတ်မှုတော့ရှိပါ၏။
- ယခု မစုနိုင်သော်လည်း နောက်နှစ်များတွင် ပို၍ပို၍စုခြင်းဖြင့် စောစောမစုဖြစ်သည်ကို ကုစားနိုင်ပါသေး၏။

* ငွေကိုတိုး၍စုခြင်း၊ စုငွေကို ထိရောက်စွာ ရင်းနှီးမြှုပ်နှံမှုပြုခြင်းဖြင့် စောစောမစုဖြစ်သည့်ကိစ္စကို ကုစားနိုင်ပါ၏။

* ကျွန်တော်သည် ကလေးများအတွက် မိသားစုအတွင်း အလုပ်ပေးခြင်း၊ လုပ်ခပေးခြင်း၊ ငွေစုခိုင်းခြင်း၊ စုငွေကို ရင်းနှီးမြှုပ်နှံမှု ပြုစေခြင်းတို့ကို အကျယ်တဝင့် ရှင်းလင်းတင်ပြနေသော်လည်း မိဘဘယ်နှစ်ဦးသည် ထိုကဲ့သို့ ပြုလုပ်ပါသနည်း။ အလွန့်အလွန် နည်းပါးသော ပြော၍မရလောက်အောင်ပင် နည်းပါးသည့် မိသားစုများအတွင်း၌သာ ထိုကဲ့သို့သော သဘောဆန်သည့် အလုပ်မျိုးကို လေ့ကျင့်ပြုလုပ်ကြသည်ကို တွေ့ဖူး

သော်လည်း ယခုအတိုင်း မပြုလုပ်သည့် မိသားစုက များပါ၏။

* အကယ်၍ မိဘများသည် ယခုစာအုပ်ကို ဖတ်မိပြီးချိန်မှစ၍ မိမိရင်သွေးများအား စတင်လေ့ကျင့်ယူမည်ဟုဆိုပါက ဤစာအုပ်ကို သူ့အားပေးဖတ်ပြီး သင်နှင့်သင့်ရင်သွေး ပူးပေါင်းကာ စာအုပ်ပါ အချက်အလက်များ မှန်မမှန် လက်တွေ့ပြုလုပ်ကြမည်ဟု ဆိုပါက ထိုသို့သော ပြုလုပ်မှု၏ရလဒ်သည် မြန်မာ သူကြွယ်များ၏ စာရင်းတွင် သင့်ရင်သွေး သည် စာရင်းဝင် ဖြစ်လာနိုင်မည်မှာ သေချာ ကြောင်း ကျွန်တော် အာမခံပါ၏။ လူငယ် များအား အရေးကြီးသော စကားတစ်ခွန်း မှာကြားရန်ရှိပါ၏။ ထိုစကားကို သေချာစွာ မှတ်သားထားစေလိုပါ၏။

* ငွေဖြုန်းတီးခြင်းသည် အလွန်မိုက်မဲရာကျပါ ၏။ ထိုစကားသည် ကျွန်တော်အနှစ် ၅၀- လွှာဘဝအတွေ့အကြုံမှ ရရှိလေသော သက် သေခံ စကားဖြစ်၏။

* ငွေဖြုန်းတီးခြင်းသည် မရင့်ကျက်မှုကိစ္စ သက်သက်ဖြစ်ပါ၏။

ဆင်းရဲခြင်းသည် အလိုအလျောက်ဖြစ်လာသော ကိစ္စမဟုတ်။

ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခြင်း ဖြစ်ပါ၏။ ငွေဖြုန်းတီးမှုသည် ဆင်းရဲတွင်းကို နက်စေပါ၏။

❒

## အခန်း – ၁၄
## တကယ့် ကိုယ်ပိုင်အချိန်

"အချိန်" ဟုဆိုရာတွင် ဘယ်အချိန်ကို ဆိုလိုသည်ကို သိရန်လိုအပ်ပါ၏။ လူဖြစ်လာသည်မှ သေဆုံးသည်အထိ အချိန်များစွာရှိကြရာ အရေးအကြီးဆုံးအချိန်သည် ယခုအချိန်သာလျှင်ဖြစ်ပါ၏။

လူ့ဘဝတစ်သက်တာကို အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်ဟူ၍ ပိုင်းခြားနိုင်ပေရာ အတိတ်ကာလဟူသောအချိန်သည် ကုန်လွန်ခဲ့ပြီဖြစ်ပါ၏။ ကုန်လွန်ခဲ့သောအချိန်ကို ပြန်လည် တမ်းတနေခြင်းသည် မိုက်

မဲရာကျခြင်း၊ အချိန်ဖြုန်းခြင်း၊ ပြုလုပ်မိပြီးသောအမှား ကို ထပ်မံ၍ ကျူးလွန်ခြင်း မည်သောကြောင့် အလွန်မှ အပြစ်ကြီးပါ၏။

အနာဂတ်ဟူသော အချိန်သည် မိမိပိုင် အချိန်မဟုတ်ပါ။ အနာဂတ်ဟူသောကာလကို မိမိ ရောက်ချင်မှလည်း ရောက်မည်။ ရောက်လျှင်လည်း ထိုအချိန်ကို မိမိအသုံးပြုလို့ရချင်မှ ရမည်ဖြစ်ပါ၏။ ကျွန်တော်သည် အင်းစိန်ထောင်ကြီးအတွင်း အကျဉ်း ကျနေသော လူတစ်ယောက်နှင့်တွေ့ရာ အချိန်က လည်း သိပ်မရသောကြောင့် "ခင်ဗျား ဘာပြောချင် သလဲ" ဟုမေးမိပါ၏။ ထိုအခါတွင် ယင်းပုဂ္ဂိုလ်က "ကျွန်တော် ငယ်ငယ်တုန်းက ဒီအသက် ဒီအရွယ် ရောက်ရင် ကျွန်တော်တို့ရွာက ကျင်းပမြဲဖြစ်တဲ့ လှေပြိုင်ပွဲကို ဝင်ပြိုင်မယ်လို့ စိတ်ကူးထားတာ၊ အခု ထောင်ထဲရောက်နေတယ်ဗျာ" ဟု ဆိုပါ၏။ သူသည် ဘာရည်ရွယ်ချက်နှင့်ပြောသည်မသိ။ မိမိ ဒီရက်တွင် လှေပြိုင်ပွဲ ဝင်မည်ဟု အားခဲထားရာယခု သူ့ရွာတွင် လှေပြိုင်ပွဲလုပ်နေပြီ ဖြစ်သော်လည်း မိမိက ထောင်ထဲ ရောက်နေ၍ ဝင်မပြိုင်ရသည်ကို အားမလိုအားမရ ဖြစ်နေချိန်တွင် ကျွန်တော်က• မေးခွန်းမေးလိုက်၍

သူ့ရင်ထဲတွင် ဖြစ်ပေါ်နေတာကို ပြောလိုက်ခြင်းဖြစ်ဟန်တူပါ၏။

တကယ်တော့ မိမိပိုင်အချိန်သည် ယခုအချိန်ပင်ဖြစ်သည်။ ယခုအချိန်ကို ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးပြုဖို့လိုပါ၏။ အချိန်တွေအများကြီးပဲ၊ မရှိလို့လုပ်စားတာ ဖြည်းဖြည်းပေါ့ဟုဆိုသူများသည် ဖြည်းဖြည်းလုပ်နေ၍ သူ့ထံတွင်ဘာမှမရှိခြင်းဖြစ်ရာ ချက်ချင်းလုပ်စရာကို ထမလုပ်လျှင် ဆက်လက်မွဲနေမည်ဖြစ်ပါ၏။ ထို့ကြောင့် အချိန်ဆိုရာတွင် ယခုအချိန် လတ်တလောအချိန်သည်သာ သင်ပိုင်သောအချိန်ဖြစ်ပါ၏။

မနက်ဖြန်သည် အလွန်မှ ဝေးပါသေး၏။

သေခြင်းတရားသည် အလွန်မှနီးကပ်ပါသည်။

မနက်ဖြန်သို့ရောက်ရန် ၁၂-နာရီလုံးလုံးစောင့်ရဦးမည်ဖြစ်သော်လည်း သေခြင်းတရားသည် ချက်ချင်းရောက်လာနိုင်သည်ဟု ဆိုပါ၏။

မနက်ဖြန်ကိုပင်လျှင် သင်ပိုင်မည့်အချိန်ဟု ကောက်ကာ မပြောနိုင်ပေ။ မနက်ဖြန်ရောက်ရန် ၁၂-နာရီမျှလိုသေးရာ ထို ၁၂-နာရီအတွင်း အခြေအနေ

အရပ်ရပ်သည် များစွာပြောင်းလဲသွားနိုင်ရာ လုပ်စရာကို မနက်ဖြန်မရောက်မီ ယခုပင်စလုပ်ပါ။

ယခု ဘာလုပ်ရမည်နည်းဟု ဆိုပါက ကြွယ်ဝချမ်းသာစေသော နည်း (၇) နည်းကို စတင်လုပ်ဆောင်ရန်ဖြစ်ပါ၏။

ယနေ့ သင်သည် ငွေတစ်ဆယ်ကျပ်ကို စတင်စုဆောင်းပါက သင်သည် ငွေတစ်ဆယ်ကျပ်ပိုင်ရှင်ဖြစ်လာနိုင်ပါ၏။ ထိုငွေတစ်ဆယ်ကို လက်ဖက်ရည်သွားသောက်ပစ်ပါက မနက်ဖြန်မရောက်မီ ငွေတစ်ဆယ် ကုန်ဆုံးပျောက်ပျက်သွားဖို့ရှိရာ စုဆောင်းစရာ ရင်းနှီးစရာကိစ္စများကို ယခုပင် စလုပ်ရန်လိုအပ်ပါ၏။

မကြာသေးမီက ကုမ္ပဏီငယ်လေးတစ်ခုသည် အခြားသောငွေကြေးနှင့် လူအင်အားပါတောင့်တင်းသည့်ကုမ္ပဏီကြီးများကို ဖြတ်ကျော်၍ ကန်ထရိုက်များလုပ်ငန်းများရရှိနေရာ ကုမ္ပဏီကြီးများသည် ထိုကုမ္ပဏီငယ်လေး၏ လျှို့ဝှက်ချက်ကို သိရှိရအောင် လျှို့ဝှက်စုံစမ်းမှုများ ပြုလုပ်ခဲ့ကြ၏။ သုံးကြိမ်သုံးခါတိုင် လူလွှတ် စုံစမ်းသော်လည်း ထိုကုမ္ပဏီငယ်၏ လျှို့ဝှက်ချက်ကိုမသိရဘဲ ရှိပါ၏။ ထိုအခါ ယင်းကုမ္ပဏီငယ်မှ ဝန်ထမ်းတစ်ဦးကို ငွေနှင့်ပေါက်၍ခေါ်ယူပြီး စုံစမ်း

ကြည့်သည့်တိုင်အောင်လည်း ကုမ္ပဏီငယ်၏ လျှို့ဝှက်ချက်ကို မသိရဘဲရှိခဲ့ကြ၏။

သို့သော် ကာလအတန်ကြာသောအခါ ကုမ္ပဏီကြီးများသည် ထိုကုမ္ပဏီငယ်၏ လျှို့ဝှက်ချက်ကို သိလာခဲ့ကြ၏။ ထိုကုမ္ပဏီငယ်၏ အောင်မြင်မှုရရှိသော လျှို့ဝှက်ချက်မှာ ယင်းကုမ္ပဏီသည် အလုပ်များ၊ ပြန်ကြားစာများ၊ ဆုံးဖြတ်ချက်များကို ချက်ချင်းပြီးပြတ်အောင်လုပ်ခြင်း၊ မိနစ်နာရီမဆိုင်း အကြောင်းပြန်ကြားခြင်း ဖြစ်ပါ၏။

အချိန်ကို အကျိုးအရှိဆုံး အသုံးပြုမှုဟူသည် လုပ်ကိုင်စရာများကို ချက်ချင်းထလုပ်ခြင်းနှင့် နာရီနေ့ရက်မဆိုင်းခြင်း ဖြစ်ပါသည်။ အလုပ်ဟူသည် ရွှေ့ဆိုင်းလေလေ ကိုယ်က နောက်ကျကျန်ရစ်လေဖြစ်၏။ အောင်မြင်မှုဟူသည် အကြီးမားဆုံးအရာကြီးတစ်ခုကို ပြီးမြောက်အောင် ထလုပ်ခြင်းမဟုတ်ဘဲ အသေးအငယ်လေးများကို ချက်ချင်းထလုပ်ခြင်းဖြင့် အကြီးအကျယ် ပြီးမြောက်ခြင်းဖြစ်ပါ၏။

စင်ကာပူနိုင်ငံသည် နိုင်ငံအနေအထား အလွန်မှသေးငယ်၍ City State ခေါ် မြို့ပြနိုင်ငံလေးသာဖြစ်ပြီး သောက်ရေ သုံးရေကိုပင် သူများနိုင်ငံက ဝယ် ယူသောက်သုံးရသော နိုင်ငံဖြစ်ပါလျက် ချမ်းသာကြွယ်ဝ၍ ငွေကြေးဖူလုံသောနိုင်ငံ ဖြစ်ရသည့် အ

ကြောင်းရင်းတွင် အလုပ်ကို ချက်ချင်းလုပ်ဆောင်သည့်စရိုက်သည် အဓိကအကြောင်းအနေနှင့် ပါဝင်၏။

စင်ကာပူနိုင်ငံသည် အလုပ်ကို ချက်ချင်းသာမက တစ်နေ့တွင် တစ်နာရီစော၍ အလုပ်လုပ်သောနိုင်ငံဖြစ်၏။ စင်ကာပူနိုင်ငံ၏ စံတော်ချိန်သည် မြန်မာနိုင်ငံနှင့် တစ်နာရီခွဲကွာ၏။ အမှန်စင်စစ် စင်ကာပူသည်လည်း မြန်မာနိုင်ငံနှင့် နာရီဝက်လောက်သာကွာဖို့ကောင်းပါ၏။ ယခုကဲ့သို့ တစ်နာရီလုံးလုံး ကွာနေခြင်းမှာ စင်ကာပူနိုင်ငံသည် မိမိနိုင်ငံ၏အချိန်ကို ဟောင်ကောင်နာရီနှင့် အတူတူထားရှိခဲ့သဖြင့် ယခုကဲ့သို့ ကွာခြားသွားခြင်းဖြစ်၏။

တကယ်တော့ ဟောင်ကောင်သည် စင်ကာပူထက် နေကိုတစ်နာရီစော၍ မြင်ရ၏။ ဟောင်ကောင်တွင် မနက် (၉) နာရီဆိုပါက စင်ကာပူတွင် မနက် (၈) နာရီသာ ရှိသေး၏။

ဟောင်ကောင်၌ မနက် (၉) နာရီထိုး၍ ရုံးများ၊ အလုပ်ဌာနများဖွင့်လှစ်၍ အလုပ်စတင်လုပ်ဆောင်ပြီး တယ်လီဖုန်းများ၊ ဖက်(စ)များ စင်ကာပူသို့ပို့ရာတွင် စင်ကာပူနိုင်ငံ၏ရုံးများသည် မဖွင့်ရသေးဘဲ ရှိနေ၏။ ဟောင်ကောင်နှင့် စီးပွားရေးအပြိုင်လုပ်နေသော စင်ကာပူသည် ဟောင်ကောင် အလုပ်စလုပ်

ချိန်တွင် မိမိတို့လည်း အလုပ်စလုပ်နိုင်စေရန် မိမိနိုင်ငံ၏ နာရီနှင့် ဟောင်ကောင်နာရီကို အတူတူညှိထားခဲ့၏။

ထို့ကြောင့် ဟောင်ကောင်၌မနက် (၉) နာရီဆိုပါက စင်ကာပူနိုင်ငံကလည်း (၉) နာရီထားရှိကာ မနက်စောစော ဟောင်ကောင်နှင့်အတူ ရုံးများ၊ ကုမ္ပဏီအလုပ်ဌာနများကို ဖွင့်၍အလုပ်လုပ်ကြ၏။

ညနေပိုင်း ဟောင်ကောင်က ၄-နာရီထိုး၍ ရုံးများပိတ်ချိန်တွင် စင်ကာပူနိုင်ငံ၌ ထိန်ထိန်လင်းနေသေးသဖြင့် အချိန်တစ်နာရီကြို၍ အလုပ်လုပ်သောနိုင်ငံ၊ ကမ္ဘာမှာပေါ်တွင် အချိန်တစ်နာရီစောအလုပ်လုပ်သောနိုင်ငံသည် စင်ကာပူနိုင်ငံသာလျှင်ဖြစ်၏။ ကျွန်တော်တို့သည် အလုပ်ကို ချက်ချင်းထလုပ်ရန် တိုက်တွန်းနေရချိန်တွင် စင်ကာပူနိုင်ငံသားတို့က အလုပ်ကို တစ်နာရီစော၍ လုပ်ကြ၏။

ပစ္စုပ္ပန်ကာလတွင် ချက်ချင်းအလုပ်လုပ်သည်သာမက အချိန်တစ်နာရီကြို၍ အလုပ်လုပ်သောစင်ကာပူနိုင်ငံသူ စင်ကာပူနိုင်ငံသားတို့မှ မချမ်းသာလျှင် အခြားချမ်းသာမည့်သူ ရှိတော့မည်မဟုတ်ပါ။ ယခု ဤစာအုပ်ကို ရေးသားနေချိန်၌ပင် စင်ကာပူနိုင်ငံအား စက်မှုနိုင်ငံအဖြစ် ကမ္ဘာက အသိအမှတ်ပြုလိုက်ပြီဖြစ်ပါ၏။

ထို့ကြောင့် ကျွန်တော်တို့သည် အချိန်ဟုဆို ရာတွင် ပစ္စုပ္ပန်အချိန်၊ ယခုအချိန်သည်သာလျှင် မိမိ ပိုင်အချိန်၊ လုပ်ငန်းဟူသမျှကို ချက်ချင်းလက်ငင်း ထလုပ်ဆောင်ရမည့်အချိန်ဖြစ်ကြောင်း မှတ်ယူရန်လို အပ်ပါ၏။

အချိန်ကို လေးစားခြင်း၊ အလုပ်ကို ချက်ချင်းထလုပ်ခြင်းဆိုသော ဓလေ့စရိုက်တို့သည် အချိန်ကို မိတ်ဆွေလိုဆက်ဆံခြင်း၊ အချိန်ကို ရန်သူလို မဆက်ဆံခြင်း၏ အမှတ်အသားဖြစ်ပါ၏။ မိတ်ဆွေ တစ်ဦးအိမ်သို့ အလည်အပတ်ရောက်လာပါက မည် သူမဆို ချက်ချင်းထ၍ အိမ်ဝမှ ကြိုဆိုကြသည်သာ ဖြစ်ပါ၏။ မိတ်ဆွေတစ်ဦး အိမ်ဝမှာ ရောက်နေသည် ကို ဘယ်သူမှ အိမ်ဝတွင် ငါးမိနစ် စောင့်နေပါ။ နောက်ငါးမိနစ်နေမှ ကျွန်ုပ်ကြိုပါမည်ဟု မိမိ မိတ် ဆွေကို ဘယ်အိမ်ရှင်ကမှ မပြောပါ။ အလားတူပင် အချိန်ကို သင်သည် မိတ်ဆွေလို ဆက်ဆံမည်ဟုဆို ပါက အလုပ်အကိုင်၊ လုပ်ငန်းကိုင်ငန်း၊ လုပ်စရာ ကိုင်စရာကိစ္စ တစ်ရပ်ရပ်ရှိလာပါက ချက်ချင်းတုံ့ပြန် ပါ။ ချက်ချင်း တုံ့ပြန်လုပ်ဆောင်ခြင်းသည် အချိန်ကို မိတ်ဆွေလို ဆက်ဆံခြင်းဖြစ်၍ အချိန်ဆွဲခြင်းသည် အချိန်ကို မိတ်ဆွေလို မဆက်ဆံခြင်း ဖြစ်ပါ၏။

## အခန်း – ၁၅
## မြန်မာစရိုက်နှင့်အရိုန်

မြန်မာလူမျိုးတို့သည် ကမ္ဘာပေါ်တွင် ဝီရိယ ထူးကဲသော၊ အချိန်ကို လေးစားဂရုပြုသော လူမျိုး များထဲ၌ မပါဝင်ကြပါ။

မြန်မာနိုင်ငံသည် နိဒါန်းတွင် ဖော်ပြခဲ့သည့် အတိုင်း သယံဇာတပေါများကြွယ်ဝခြင်း၊ စိုက်ပျိုးရန် မြေကျယ်ဝန်း၍ မြေဩဇာ ကောင်းမွန်ခြင်း၊ သဘာဝ အန္တရာယ်တို့ ပြောပလောက်အောင်မရှိသဖြင့် ဝီရိယ နည်းပါးကာ တင်းတိမ်ရောင့်ရဲလွယ်လူမျိုး၊ လောဘ

နည်းသောလူမျိုးဖြစ်၏။ တင်းတိမ်ရောင့်ရဲလွယ်ခြင်း၊ လောဘမရှိခြင်းတို့ကြောင့် အပျင်းစိတ်ရှိကာ လောကလူ့ဘဝကို အေးအေးလူလူ ရင်ဆိုင်သော လူမျိုးလည်းဖြစ်၏။

မြန်မာနိုင်ငံသည် ဆန်ရေစပါး စားသောက်စရာပေါများသောကြောင့် အိပ်စရာ ကျောတစ်နေရာစာရှိပါက စားသောက်စရာအတွက် မပူရ မပင်ရ၊ ကျောင်းကန်ဇရပ် အပါအဝင် မည်သူ့အိမ်တွင်မဆို ဝင်ရောက်စားသုံးပါက သဒ္ဓါတရားအပြည့်နှင့် ကျွေးမွေးတတ်သော လူမျိုးဖြစ်၏။ သဒ္ဓါတရားထူးကဲသည့် လူမျိုးလည်းဖြစ်သည်။

ကျွန်တော်တို့သည် မည်သည့်အလုပ်တွင်မဆို မရှိလို့လုပ်စားတာ ဖြည်းဖြည်းပေါ့ဟုဆိုကာ ကမ္ဘာပေါ်ရှိ ဝီရိယကို အရင်းတည်ကာ အလွန်အမင်း ရုန်းကန်လှုပ်ရှားရသော အချို့သောသူတို့နှင့် နှိုင်းယှဉ်ပါက မိမိဘဝကို အတော်ကြီး သက်တောင့်သက်သာ ရုန်းကန်ခွင့်ရရှိသော လူမျိုးဖြစ်ပါ၏။ ထို့ကြောင့်လည်း မြန်မာတို့သည် အချိန်နှင့် ပတ်သက်၍လည်း သိပ်ဂရုမစိုက်။ သိပ်အလေးမထားဘဲ အချိန်တွေပိုနေသည်ဟူ အထင်ရှိသော လူမျိုးဖြစ်၏။

မြန်မာတို့သည် အချိန်ကို တိုင်းတာရာတွင် ဘယ်သောအခါမှ အတိအကျမရှိပေ။

- နေထန်းတစ်ဖျားလောက်ရှိပါပြီ။
- ကွမ်းတစ်ရာညက်လောက်ပဲ။
- ထမင်းအိုးတစ်လုံး တည်လောက်ရှိမယ်။
- လက်ဖျစ်တစ်ခါတီးကျော်ပါ။
- သက်ကြီးခေါင်းချချိန်လောက်ရှိမယ်

ဟူသောစကားများကို ကျွန်တော်တို့လူမျိုး၏ အချိန်နှင့် ပတ်သက်လာပါက ယေဘုယျဆန်ဆန် ပြောဆိုကျင့်သုံးသော ဓလေ့စရိုက်ကို ဖော်ပြသည့်စကားများ ဖြစ်ပါ၏။

ထို့ပြင် ကျွန်တော်တို့၏ အချိန်အပေါ် အလေးဂရုပြုမှုနှင့်ပတ်သက်၍ ကျွန်တော်တို့ကို ကျွန်တော်တို့ ပြန်လည်သုံးသပ်ထားသော စကားများတွင် -

- မြန်မာစော နေထွက်။
- မရှိလို့လုပ်စား ဖြည်းဖြည်းပေါ့။
- ထမင်းကြမ်း ယပ်ခတ်စားသည်

ဟူသော အပြောအဆိုများရှိကြပါ၏။

မြန်မာတို့သည် အလုပ်ခွင်သို့ သုတ်သုတ် သုတ်သုတ်နှင့် သွားသည်ကိုမတွေ့ကြရ၊ ဆေးပေါ့လိပ်ကလေး လက်ကြားညှပ်၍ ခပ်အေးအေးပင် နေ

ကြသွားကြပါ၏။ ရုံးပြင်ကနေ၍ အလုပ်ခွင်သို့ရောက်သည့်တိုင် အလုပ်မလုပ်ဖြစ်သေးဘဲ စားပွဲပေါ်ရှိ စာရွက်များကို ဖုန်ခါသလို၊ ဖုန်သုတ်သလို လုပ်၍ အချိန်ဖြုန်းခြင်း၊ ဟိုစားပွဲ ဒီစားပွဲလှမ်း၍ စကားပြောနေရသေးခြင်း၊ ထိုင်ရန်ခုံကို ဟိုလှည့်ဒီလှည့် လုံချည်ပြင်ဝတ်၊ အင်္ကျီဆွဲဆန့်ရင်းဖြင့် အချိန်နာရီဝက် တစ်နာရီအလဟဿ ကုန်ဆုံးနေရပါ၏။

ကျွန်တော်၏ ဆရာရင်းဖြစ်သော၊ ကျွန်တော် အထူးလေးစားကြည်ညိုမှုလည်းရှိသော စာရေးဆရာ သတင်းစာဆရာ ဗိုလ်မှူးကြီး သောင်းထိုက် (အငြိမ်းစား) က အမှန်တရားကို မြတ်နိုးခြင်း စာအုပ် တွင် အချိန်၏ တန်ဖိုးရှိပုံနှင့် ကျွန်တော်တို့လူမျိုး၏ အချိန်အပေါ် ထားရှိသော သဘောထားကို ပွင့်ပွင့်လင်းလင်း ရေးချဖူးပါ၏။

ဗိုလ်မှူးကြီးသောင်းထိုက် (အငြိမ်းစား)က "တိုင်းပြည်တစ်ပြည် တိုးတက်ကြီးပွားရေးအတွက် အချိန်နှင့်နေရာသည် အဓိကအခန်းမှ ပါဝင်သည်။ အချိန်သည် ရွှေ၊ စိန်၊ ကျောက်သံပတ္တမြားတို့ထက် အဖိုးတန်သည်။ အချိန်သည် လူကိုမစောင့်၊ ဧရာဝတီမြစ်ကြီးမှ မြစ်ရေများ တသွင်သွင်စီးဆင်းနေသလို အချိန်သည် ရှေ့သို့သာ မှန်မှန်တိုး၍ သွားနေ၏။

ကုန်ပြီးအချိန်ကို ပြန်လိုချင်ပါသည်ဆို၍ မည်သည့်နည်းနှင့်မျှ မရနိုင်တော့။ အချိန်တန်ဖိုးကို နားလည်ပြီး အချိန်ကိုအကျိုးရှိအောင် အသုံးချသည့် တိုင်းပြည်နှင့် လူမျိုးတို့သည် ထိပ်တန်းသို့ရောက်မည် မုချဖြစ်သည်။

ကျွန်တော်တို့ မြန်မာလူမျိုးများတွင် ချွတ်ယွင်းချက်များရှိသည့်အနက် အချိန်ကိုမလေးစားခြင်းသည် ထိပ်ဆုံးမှပါမည်ထင်၏။ မြန်မာတစ်ယောက်နှင့် အချိန်လေးစားသူ နိုင်ငံခြားသားတစ်ယောက်ကို မေးကြည့်ပါ။

"အချိန်ဘယ်လောက်ရှိပြီလဲဟေ့"

မြန်မာက "ဆယ်နာရီမထိုးသေးဘူး"

"ဆယ်နာရီထိုးတော့မယ်"

"ဆယ်နာရီထိုးဖို့ ၁၅-မိနစ်လိုသေးတယ်"

ဟုဖြေတတ်၏။

အချိန်လေးစားသူက

"ငါးမိနစ်ပဲလိုတော့တယ်"

**Five to**

"ဆယ်မိနစ်ကျော်သွားပြီ"

**It's Ten Past**

ယင်းသာဓကမှာ စာရေးသူတို့ လွန်ခဲ့သောအနှစ် ၄၀-က ဗြိတိန်ဘုရင့်စစ်တက္ကသိုလ် တက်ရောက်စဉ်က တွေ့ကြုံသိရှိခဲ့ရသော ကိုယ်တွေ့အသိဖြစ်ပါသည်။

အချိန်မေးလိုက်လျှင် ဖြေကြားသူက နာရီကို ဘယ်တော့မှထည့်မပြော။ မေးသူသည် အချိန်အတိအကျသိလို၍ မေးသည်။ အချိန်အကြမ်းဖျင်းကို သိပြီးဟုဖြေကြားသူက ယူဆထား၏။

ဥပမာ-နံနက် ၁၀- နာရီခန့်တွင် အချိန်အတိအကျသိလို၍ ဂါရာလေးတစ်ယောက်ကို မေးလျှင်

"ငါးမိနစ်ပဲလိုတော့တယ်" ဟုသာဖြေ၏။

ဆယ်နာရီထိုးဖို့ ငါးမိနစ်လိုသေးတယ်ဟု ဘယ်တော့မှ ဖြေလိမ့်မည် မဟုတ်။ အလားတူပင် ဆယ်နာရီထိုးပြီးပြီဟော့ဟု ဘယ်တော့မှ မတိမကျ ဖြေလိမ့်မည်မဟုတ်။ "ဆယ်မိနစ်ကျော်သွားပြီ" ဟူသောအဖြေကို ရလိမ့်မည်။ ဆယ်နာရီထိုးပြီးလို့ ဆယ်မိနစ်ကျော်သွားပြီဟု ဆိုလို၏။ အချိန်မေး၍ ဖြေကြားသံကို ကြားလိုက်ရလျှင် ဖြေကြားသူသည် အချိန်လေးစားသူ ဟုတ်မဟုတ် ဘူးပေါ်သလို ပေါ်တော့၏။

နောက်တစ်ချက် နိုင်ငံခြားသားများတွင် တွေ့ရသည်မှာ နံနက်စာစားလျှင် စားနေရင်း သတင်း

စာဖတ်နေသည်မှာ စားသောက်ဆိုင်များတွင် ရှိနေသည့်မြင်ကွင်းဖြစ်၏။ စားသောက်နေရင်း လေပန်းမနေ။ အလားတူပင် မြေအောက်ရထား ဘတ်စ်ကားစီးသူများသည် ခရီးသွားစဉ် စာဖတ်ကြ၏။ သတင်းစာ ဖတ်ကြ၏။ အချိန်ကို အလဟဿ မထား။

တကယ် ကြီးပွားတိုးတက်နေသူများကို လေ့လာပါ။ တစ်နေ့ ၁၂-နာရီ အလုပ်လုပ်သူနှင့် ၁၆-နာရီအထိ အလုပ်လုပ်သူများတွေ့ရသည်။ ကိုယ်ပေါင်ကိုယ်လှန်ထောင်းသလိုဖြစ်တော့မည်။ စာရေးသူကိုယ်တွေ့ ကျွန်တော်တို့လူမျိုး အချိန်မလေးစားသူများ ဖြစ်ရပ်မှန်တင်ပြပါဦးမည်။ အစည်းအဝေးကို ၁၀-နာရီမှာခေါ်ထားလျှင် စာရေးသူသည် ၁၀-နာရီမထိုးမီ ၁၀-မိနစ်၊ ၁၅-မိနစ် အမြဲစောရောက်၏။ အစည်းအဝေး ခေါ်ထားသည့်လူကြီးက ရောက်မလာ။ တစ်ခါတစ်ရံ ၁-နာရီနောက်ကျမှ ယနေ့ အစည်းအဝေးမလုပ်ဖြစ်တော့ကြောင်း တစ်ဦးဦးနှင့် အကြောင်းကြားတတ်၏။

ထိုသူတို့မှာ မိမိအချိန်ကိုသာမက အခြားသူများ၏ အချိန်ကိုပါ ဖြုန်းတီးသူများ ဖြစ်၏။

ယခုခေတ်တွင် တကယ်တိုးတက်ချင်လျှင် အချိန်ကို ရက်နှင့်လနှင့်မတွက်ဘဲ မိနစ်နှင့် စက္ကန့်နှင့် တွက်တတ်ရန် အရေးကြီးလှပါသည်" ဟု ဗိုလ်မှူးကြီး သောင်းထိုက် (အငြိမ်းစား)က မိမိလူမျိုးကို မိမိပြန်လည် သုံးသပ်ရေးသားခဲ့ဖူးပါ၏။

အရှေ့တောင်အာရှတွင် မြန်မာတို့သည် တစ်ချိန်က ဝင့်ဝါမော်ကြွားခဲ့သောနိုင်ငံတစ်နိုင်ငံ ဖြစ်၏။ အာရှတွင် မြန်မာသည် ဂုဏ်သရေရှိလူမျိုး ဖြစ်ပါ၏။ မြန်မာတို့၏ ဩဇာနှင့်သတ္တိကို ရောမအိမ်နီးနားချင်း နိုင်ငံကြီးများဖြစ်သော အိန္ဒိယနှင့် တရုတ်တို့ကပင် လေးစားကြ၍ မြန်မာ့ဩဇာသည် မလေးရှားကျွန်းဆွယ်တိုင် သက်ရောက်ခဲ့ပါသည်။

မလေးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတွင် ရန်ကုန်ဟူ၍ သူတို့နိုင်ငံမြို့တော်၏ အဓိကလမ်းမကြီးများကို ဂုဏ်ယူဝင့်ကြွားစွာ အမည်ပေးမှည့်ခေါ်ထားကြ၏။ ပီနန်ကျွန်း ဂျော့တောင်းတွင်-

- ရန်ကုန်လမ်းမကြီး
- ရောဝတီလမ်း
- သံလွင်လမ်း
- မော်လမြိုင်လမ်း

ဟူသောလမ်းများရှိ၏။ ဂျော့တောင်း၏ အရှည်ဆုံး နှင့်အဓိကအကျဆုံး လမ်းမကြီးသည် ရန်ကုန်လမ်းမ ကြီးဖြစ်ပါသည်။

စင်ကာပူနိုင်ငံတွင် -

ရန်ကုန်လမ်း

မန္တလေးဟူသောလမ်းများရှိသည်။

စင်ကာပူနိုင်ငံတွင် မော်လမြိုင်ရပ်ကွက်ကြီး သည် ရှေးမ ရပ်ကွက်ကြီးဖြစ်ပါ၏။ ထို့ပြင် စင်ကာပူ၌ ပဲခူး၊ အင်းဝ၊ စစ်တွေ၊ ဗန်းမော်၊ ထားဝယ်၊ တောင်ငူ အစရှိသော မြန်မာနိုင်ငံရှိ ခရိုင်မြို့ကြီးများအားလုံး၏ အမည်နှင့်လမ်းများ၊ မြန်မာနိုင်ငံရှိ မြစ်ကြီးများ၏ အမည်နှင့်လမ်းများ ယခုတိုင် ထင်ထင်ရှားရှား ဂုဏ် ယူဝင့်ကြွားစွာ ထားရှိခေါ်ဆိုနေကြဆဲ ဖြစ်ပါ၏။

မြန်မာလူမျိုးသည် တွေးတောကြံဆမှုတွင် အခြားသူများထက် မညံ့သူများဖြစ်၏။ သတ္တိဗျတ္တိရှိ၍ အားနှင့်မာန်နှင့် ဝုန်းဝုန်းဒိုင်းဒိုင်း ထလုပ်တတ်ကြ သောသူများ ဖြစ်၏။ အနုပညာ ယဉ်ကျေးမှုတွင် ဝါသ နာထုံသူများဖြစ်၏။ မြန်မာတို့တွင် ဂုဏ်ယူစရာ အရည်အသွေး မြောက်မြားစွာရှိပါလျက် အချိန်မလေး

စားမှု၊ ဝီရိယနည်းပါးမှု၊ ပွဲလမ်းသဘင် အပျော်အပါး များမှုတို့ကြောင့် နိုင်ငံမဖွံ့ဖြိုးဘဲ ရှိနေပါ၏။

ကျွန်တော်တို့လူမျိုးသည် အာရှတွင် မိမိ နေရာကို မိမိပြန်ယူရန် အချိန်တန်ပြီ ဖြစ်သည်။ အာရှ တွင် မိမိနေရာ မိမိပြန်ရဖို့အတွက် အချိန်ကို လေးစား သော၊ အချိန်ကို မဖြုန်းတီးသော၊ အချိန်ကို မိတ်ဆွေ လို ဆက်ဆံသော လူမျိုးဖြစ်အောင် ကျွန်တော်တို့ ပထမကြိုးစားကြရမည် ဖြစ်ပါသည်။

❐

## အခန်း – ၁၆
## တစ်ဘဝ၌ အိပ်ချိန်အနှစ် ၂၀

တိုးတက်ကြီးပွားရေးစာအုပ်များကို ရေးသားသည့် စာရေးဆရာများသည် အချိန်ကို အလေးဂရုပြုရန်၊ အချိန်ကို စနစ်ဇယားနှင့် ရေးဆွဲအသုံးပြုရန် အစဉ်သဖြင့်ရေးသားဖြန့်ချိလေ့ရှိပါ၏။ အဘယ်ကြောင့်ဆိုသော် အချိန်ကို ဂရုမပြုလျှင် ထိုသူသည် အောင်ပွဲရရှိရန် အလွန်မှ ခဲယဉ်းသောကြောင့် ဖြစ်ပါ၏။

ကျွန်တော်လည်း အချိန်အရေးကြီးကြောင်း၊ အချိန်ကို ဂရုစိုက်ရမည့်အကြောင်းများကို အခြားစာ

အုပ်များတွင်လည်း အခွင့်အခါသင့်သလို ရေးသားဖူးပါ၏။ ယခု ကြွယ်ဝချမ်းသာရေးနည်းလမ်း စာစဉ်တွင်မှ အချိန်အကြောင်းကို စာအုပ်တစ်အုပ်အနေနှင့် သီးသန့်ရေးသားတင်ပြရခြင်း ဖြစ်ပါ၏။

ဆရာကြီးပီမိုးနင်းသည် လူတစ်ယောက်၏ အချိန်ကို ဇယားချ၍ တွက်ပြဖူးပါ၏။ ဆရာကြီးက လူတစ်ယောက်သည် သူ့ဘဝ၌ အနှစ် ၆၀-အသက်ရှည်မည်ဆိုကြပါစို့-

(၁) - အိပ်ချိန် (တစ်နေ့ ၈-နာရီ) ၂၀-နှစ်
(၂) - စားသောက်ချိန် ၃-နှစ်
(၃) - စားဖို့စောင့်နေရချိန် ၉လ
(၄) - အလုပ်လုပ်ချိန် ၁၇-နှစ် ၆လ
(၅) - အပျော်အပါးချိန် ၇-နှစ် ၆လ
(၆) - လမ်းလျှောက်ချိန် ကစားချိန် ၆-နှစ် ၇လ
(၇) - အဝတ်အစားအတွက်ကုန်ချိန် ၂-နှစ် ၆လ
(၈) - အလုပ်မလုပ်ဘဲနေချိန် ၂-နှစ် ၆လ
စုစုပေါင်း အနှစ် ၆၀-နှစ် ၄လ

ဆရာကြီး၏ ဇယားအတိုင်းဆိုပါက အသက် ၆၀- ရှည်သော လူတစ်ယောက်သည် မိမိဘဝတွင် အနှစ် ၂၀- အိပ်စက်၏။ ထမင်းစားချိန်၊ ရေသောက်ချိန် စုစုပေါင်းမှာ သုံးနှစ်လုံးလုံးဖြစ်သည်။ ထမင်းစား

ရန် စောင့်နေချိန်၊ ဟိုတယ်၌ ဟင်းမှာထားချိန်၊ လက်ဆေးပန်းကန်မလာသေး၍ စောင့်နေရချိန်များကို ပေါင်းပါက ၉-လမျှရှိ၏။ ပွဲလမ်းသဘင် အပျော်အပါးအတွက် ၇-နှစ်နှင့် ၆-လကုန်၏။ ခရီးသွားခြင်း၊ ကစားခြင်း၊ ဟိုမှ ဒီမှသွားလာခြင်းတို့အတွက် ၆-နှစ်နှင့် ၇-လကုန်၏။ ရုံးမသွားခင်၊ အပြင်မထွက်ခင် အဝတ်လဲခေါင်းဖြီး၊ အလှပြင်၊ မျက်နှာသစ်ချိန်၊ ရေချိုးချိန် စုစုပေါင်း ၂-နှစ်နှင့် ၆-လဖြစ်သည်။ အလုပ်မလုပ်ဘဲ နေချိန်မှာ ၂-နှစ်နှင့် ၆-လဖြစ်ပြီး လူ့ဘဝတွင် အသက် ၆၀-ရှည်ပါက အလုပ်လုပ်ချိန် ၁၇-နှစ်နှင့် ၆-လဖြစ်၏။

ယေဘုယျအားဖြင့်

| | |
|---|---|
| အလုပ်လုပ်ချိန် | အနှစ် ၂၀ |
| အိပ်ချိန် | အနှစ် ၂၀ |
| အခြားအချိန် | အနှစ် ၂၀ |

ဖြစ်ပေရာ အခြားအချိန်များ ပိုမိုအသုံးပြုခဲ့၍ အလုပ်လုပ်ချိန်မှာ ၁၇-နှစ်နှင့် ၆-လသာရပါ၏။

လူသည် မိမိရရှိသော ၁၇-နှစ်နှင့် ၆-လတာ ကာလအတွင်း ဘဝအောင်မြင်ရေးအတွက် သူငါ အပြိုင်ကြိုးစားကြရ၏။ အချိန်ကို အလုပ်အတွက် များများအသုံးပြုသူများသည် အခြားသူများထက် ဘဝတွင် ပိုမိုအောင်မြင်မှုရကြ၏။ အချိန်ကို အလုပ်ခွင်၌

ကုန်ဆုံးခြင်းဖြင့် မကောင်းမှုဒုစရိုက်များ၊ မဟုတ်မမှန်တာများ မလုပ်မိဘဲ ကာကွယ်ပြီးသားလည်းဖြစ်၏။ ဘဝတွင် မကောင်းတာ၊ မဟုတ်တာ၊ မမှန်တာ၊ အကျိုးမရှိတာ လုပ်နေခြင်းသည် အချိန်ကိုရန်သူလို ဆက်ဆံခြင်းဖြစ်ရာ သူ့အား ရန်သူလိုဆက်ဆံလျှင် အချိန်ကလည်း မိမိအား ရန်သူပမာ တုံ့ပြန်တတ်ပါ၏။

ကျွန်တော်တို့သည် ဆရာကြီးပီမိုးနင်း တွက်ပြသော အချိန်ဇယားအား အနည်းငယ်အတိုးအလျှော့ လုပ်ကြည့်သင့်ပါ၏။

(က) - အပျော်အပါးအချိန်ကို ၅-နှစ်နှင့် ၆-လထားပါ။ (၂-နှစ်ခန့် ပိုထွက်လာပါမည်။)

(ခ) - အလုပ်မလုပ်ဘဲနေချိန် ၂-နှစ်နှင့် ၆-လကို အလဟဿမထားဘဲ အလုပ်လုပ်ပါ။ (၂-နှစ် နှင့် ၆-လပိုလာပါမည်။)

(ဂ) - အဝတ်အစားအတွက် ကုန်ကျချိန်ကို ၁-နှစ်နှင့် ၆-လထားပါ။ (တစ်နှစ်ပိုလာပါမည်။)

(ဃ) - အိပ်ချိန်အနှစ် ၂၀- မှ ၁၇- နှစ်အိပ်ပါ။ (၃-နှစ်ခန့် ပိုလာပါမည်။)

ထိုသို့ဖယားကို အစော်အသင့် မိမိကိုယ်မိမိ အလေ့အကျင့်လုပ်ကာ ပြောင်းလဲလိုက်သူတိုင်းသည် ဘဝ၌ အချိန် ရှစ်နှစ်ခွဲလောက် ပိုထွက်လာပါ၏။ ထို့အပြင် အချိန်သည် ရွှေကဲ့သို့ ကျောက်မျက်ရတနာကဲ့သို့ တန်ဖိုးရှိသောအရာဖြစ်ပေရာ အချိန်ကိုအသုံးပြုရာတွင် ထိရောက်စွာအသုံးပြုပါ။ အချိန်တစ်နာရီကို ထမင်းချက်၊ အဝတ်လျှော်၊ ရေခပ် တံမြက်စည်းလှည်းလျှင်လည်း ကုန်သွားပါ၏။ ထိုအချိန် တစ်နာရီကိုပင် ပို၍အကျိုးရှိအောင် စိန်ကျောက်ရတနာများရောင်းချခြင်းဖြင့်လည်း ကုန်လွန်စေ၍ ရပါသည်။ ထိုအချိန်တစ်နာရီကိုပင် အကျိုးပို၍ရှိသော စာပေကိုဖတ်ရှုခြင်း၊ စဉ်းစားတွေးခေါ်ခြင်း၊ စိတ်ကောင်းမွေးမြူရင်းနှင့်လည်း ကုန်ဆုံးစေ၍ရပါ၏။

ထိုသို့ဆိုလျှင် မိမိပိုင် အနှစ် ၆၀-ထဲမှ အချိန်နာရီများကို၊ အဖိုးတန်လုပ်ငန်းများကို လုပ်ဆောင်ရင်းကုန်လွန်စေပါက ပို၍ အကျိုးရှိနိုင်ပါ၏။ လူ့ဘဝတွင် တစ်ဦးနှင့်တစ်ဦး ကွာခြားမှုဆိုသည်မှာ လူသည် မိမိပိုင်အချိန်ကို -

- ဖြုန်းတီးပစ်ပြီး ကုန်ခဲ့သလား၊
- အချိန်ကိုသန်းရှာသလို ရှာရင်းကုန်
လွန်ခဲ့သလား

- အဝတ်လျှော် ထမင်းချက်ပြီး ကုန်ခဲ့သလား၊
- စာဖတ်လိုစိတ်ကို မွေး၍ကုန်ခဲ့သလား၊
- စိန်ကျောက်ရတနာရောင်းချ၍ ကုန်ခဲ့သလား၊
- ကုန်ပစ္စည်းများကို ဈေးဖြတ်၍ ကုန်ခဲ့သလား၊
- ရန်ဖြစ်ပြီး ကုန်ခဲ့သလား၊
- တရားရုံးများတွင် အမှုရင်ဆိုင်၍ ကုန်ခဲ့သလား၊
- အကျဉ်းထောင်ထဲ၌ ကုန်ခဲ့သလား၊
- ခရီးသွားရင်း ကုန်နေသလား၊
- ဘယ်ပုံဘယ်နည်းဖြင့် မိမိပိုင်အချိန်ကို မိမိ ကုန်လွန်စေခဲ့သနည်း။

မိမိက အချိန်ကို ကုန်လွန်စေခဲ့သောနည်းသည် မိမိဘဝ၏ အဆင့်အတန်းကို ပြဌာန်းသောနည်းသာလျှင် ဖြစ်ပါ၏။

ထို့ကြောင့် အချိန်ကို

- အလဟဿ မကုန်ရန်လိုသကဲ့သို့ အချိန်ကို
- တန်ဖိုးမြင့်မားသော အလုပ်များကို လုပ်ဆောင်ရင်း အချိန်တန်ဖိုးကို မြှင့်၍အသုံးပြုရန်လိုအပ်ပါ၏။

## အခန်း – ၁၇
## အချိန်ကို ယောဇျ၍ သုံးခြင်း

အချိန်ကို အလဟဿ မကုန်ဆုံးစေရန်၊
အချိန်ကို တန်ဖိုးမြင့်မားစွာ အသုံးပြုနိုင်ရန်၊
အချိန်ကို တန်ဖိုးတိုးတက်နိုင်သမျှ မြင့်မားစွာ အသုံးပြုရန်၊
အချိန်ကို အဝတ်လျှော်ရေခပ်ရုံဖြင့် မကုန်လွန်စေရန်

ကျွန်တော်တို့သည် အချိန်ကိုဇယားချ၍ အသုံးပြုကြရမည် ဖြစ်ပါ၏။

စပါးစိုက်မျိုးရာတွင် စိုက်ဧကေ မတိုးချဲ့နိုင်သောအခါ စပါးထွက်တိုးစေသည့်နည်းများကို အသုံးပြုခြင်း၊ ဤမြေပေါ်၌ပင် သီးထပ်စိုက်ခြင်း စသောနည်းစနစ်များကို အသုံးပြုသကဲ့သို့ ဖြစ်ပါ၏။

အထွက်တိုးနည်းကို သုံးခြင်း၊ သီးထပ်စိုက်ခြင်းသည် စိုက်ဧကေ တိုးမလာသည့်တိုင် အကျိုးအမြတ်သည် သုံးလေးဆ တိုးလာနိုင်သဖြင့် ဘဝ၌ အချိန်ကိုမဖြုန်းဘဲ တန်ဖိုးမြင့်မားစွာ သုံးခြင်းဖြင့် သီးနှံအထွက်တိုး ဆောင်ရွက်သလို၊ သီးထပ်သီးညှပ် စိုက်သလို အကျိုးအမြတ်ရှိနိုင်၏။

အချိန်မဖြုန်းခြင်း၊ အချိန်တန်ဖိုးကို မြင့်မားစွာအသုံးပြုခြင်းဖြင့် အသက် ၆၀-သာ နေရသည့်တိုင် အသက် ၁၀၀-စာ အလုပ်များကို ပြီးစီးအောင်မြင်စွာ လုပ်ဆောင်နိုင်၏။ ဤကိစ္စသည် သဘောတရားမဟုတ်။ လက်တွေ့ဖြစ်ပါ၏။

အချို့သောလူများသည် ဘဝတစ်ခုလုံးတွင် ငွေ ၁၀-သိန်းသာရှာနိုင်၏။ အချို့သောသူများကား မိမိ၏ဘဝတွင် သိန်းပေါင်းတစ်သောင်းလောက်ရှာနိုင်သည်။ ရှာဖွေနိုင်သော ပမာဏသည် အဆတစ်ထောင်ဖြစ်၏။အသုံးပြုသောအချိန်မှာ အတူတူဖြစ်၏။ နှစ်ဦးစလုံး အချိန်အနှစ် ၆၀-ကို အသုံးပြု၍ ငွေရှာ

ကြရာ တစ်ဦးက ၁၀-သိန်းရ၍ တစ်ဦးက သိန်းပေါင်း တစ်သောင်းရရှိခြင်းမှာ အချိန်ကို တန်ဖိုးမြင့်မားစွာ အသုံးပြုခြင်းနှင့် အချိန်ကို တန်ဖိုးနည်းပါးစွာ အသုံးပြုမှုကွာခြားခြင်းဖြစ်သည်။ အချိန်ကို လုံးဝ တန်ဖိုးမထားသူသည် တစ်ပြားမှ ငွေရှာဖွေ၍ မရသူဖြစ်၏။

ထို့ကြောင့် အချိန်ကိုတန်ဖိုးရှိရှိ မြင့်မြင့်မားမား ရည်ရွယ်ချက် ပြည့်ပြည့်ဝဝဖြင့် အသုံးပြုရေးအတွက် ကျွန်တော်တို့သည် အချိန်ကို အသုံးပြုမှုအရည်အသွေးကို မြှင့်ကြရမည် ဖြစ်ပါ၏။

ထိုအထဲတွင် အချိန်ကိုဇယားနှင့် အသုံးပြုရေးသည် နည်းလမ်းတစ်ရပ် ဖြစ်ပါ၏။

ကျွန်တော်သည် သတင်းစာဆရာတစ်ဦးဖြစ်ပါသည်။

သတင်းစာသည် နေ့စဉ်ဖြစ်ပေါ်နေသည့် နောက်ဆုံးသတင်းကိုစောင့်၍ ထုတ်ရပေရာ သတင်းစာကို စီမံကိန်း စီမံချက်ချကာ လုပ်၍မရသောအရာဟု ထင်မှတ်စရာရှိ၏။ ဘာသတင်းဖြစ်မည်ကို ကြိုတင်၍ မသိနိုင်ရကား ဘယ်လိုစီမံကိန်းပြုလုပ်၍ ရနိုင်ပါမည်နည်းဟု ဆိုစရာရှိ၏။

သို့သော် ကျွန်တော်တို့သည် သတင်းစာကို လုပ်ဆောင်ရာတွင်-

တစ်နှစ်စာ စီမံချက်၊
ခြောက်လစာ စီမံချက်၊
သုံးလစာ စီမံချက်၊
၁၅-ရက်စာ စီမံချက်၊
တစ်ပတ် စီမံချက်၊
နေ့စဉ် စီမံချက် -

ဟူ၍ စီမံချက် အမျိုးမျိုးချမှတ်ကာ နေ့စဉ်သတင်းစာကို ထုတ်ဝေရပါ၏။ သတင်းစာထုတ်ဝေရေးကဲ့သို့သော လုပ်ငန်း၌ပင် စီမံချက် စီမံကိန်းထားရှိရပေရာ ဘဝတစ်ခုလုံးအတွက် အချိန်ကို အသုံးပြုရာတွင်ကား စနစ်ဇယားရှိရန် ပိုမိုလိုအပ်၏။

စီးပွားရေးလုပ်ငန်းလုပ်ရာတွင်ဖြစ်စေ၊ အလုပ်ခွင် လုပ်ငန်းခွင်၌ဖြစ်စေ အချိန်ကို စနစ်ဇယားချ၍ လုပ်ဆောင်ရန်လိုအပ်ပါ၏။ မိမိ၏ ဘဝတစ်သက်တာအချိန်ကို မိမိစီမံခန့်ခွဲတတ်ရမည်ဖြစ်ပါ၏။

အချိန်ကို ကျွမ်းကျင်နိုင်နင်းစွာ စီမံခန့်ခွဲတတ်ခြင်းသည် ဘဏ်တွင် အတိုးရာခိုင်နှုန်းကောင်းကောင်းဖြင့် ငွေစာရင်းဖွင့်ထား သကဲ့သို့ပင် အကျိုးရှိသည်ဟု ကိုရီးယားစီးပွားရေးပညာရှင် ဗိုလ်ချုပ်တစ်ဦးက ဆိုခဲ့ပါ၏။

အချိန်ကို လိမ္မာကျွမ်းကျင်စွာ စီမံခန့်ခွဲ၍ အသုံးပြုပါက အချိန်သည် သာမန်ထက် နှစ်ဆမက အကျိုးကျေးဇူးများနိုင်ပါ၏။ ဘာကြောင့် နှစ်ဆမက အကျိုးများရပါသလဲ ဆိုသောအမေးကို ဖြေဆိုရာတွင်ကား အချိန်ဆိုတာ ပြန်မရနိုင်သောအရာဖြစ်၍ဟု ဆိုပါ၏။

အချိန်ကို မည်ကဲ့သို့ စီမံခန့်ခွဲကြမည်လဲ။

နေ့စဉ် အချိန်စာရင်း၊

အပတ်စဉ် အချိန်စာရင်း၊

လစဉ် အချိန်စာရင်း၊

တစ်နှစ်စာ အချိန်စာရင်း၊

ဆယ်နှစ်စာ အချိန်စာရင်း၊

လုပ်ငန်းတစ်ခုချင်းအလိုက် အချိန်စာရင်းများ ပြုလုပ်ကြရမည်ဖြစ်၏။

ထိုသို့ အချိန်စာရင်းဆွဲပြီး လုပ်ကိုင်စရာလုပ်ငန်းများကို အချိန်စာရင်းထဲသို့ အစီအစဉ်တကျ သွတ်သွင်းရမည်ဖြစ်၏။ အနှစ် ၂၀-ဟူသော အချိန်သေတ္တာထဲသို့ လုပ်ကိုင်စရာအထုပ်များ သွတ်သွင်းသကဲ့သို့ဖြစ်ပါ၏။

ထိုသို့ အချိန်ကို စာရင်းနှင့် အစီအစဉ်ဆွဲပြီး ထိုအချိန်ဇယားအတိုင်း အံဝင်ခွင်ကျဖြစ်အောင် ဆောင်ရွက်ရန်လိုပါ၏။ စီမံချက်တစ်ခု အောင်မြင်ရေး

အတွက် ရည်မှန်းချက်သည် ယုတ္တိယုတ္တာရှိမှ ဖြစ်နိုင်၏။ သတ်မှတ်ချိန်အတွင်း ကိုယ်ဘာပြီးမြောက်လိုသည်ဆိုသည့်ကိစ္စသည် အရေးကြီး၏။

၁၉၉၆-ခုနှစ်တွင် ငါသည် အင်္ဂလိပ်စာ ရေးတတ် ဖတ်တတ်သူတစ်ဦးဖြစ်ရမည် ဆိုပါက ထိုရည်ရွယ်ချက်အောင်မြင်အောင် အချိန်ပေးရမည်။ ဆရာရှာရမည်။ လေ့ကျင့်ရမည်။ ငွေကြေးသုံးစွဲမည်။ ၁၉၉၆- ခု၊ ဒီဇင်ဘာလတွင် မိမိသည် အင်္ဂလိပ်စာတတ် ပေတတ်ပုဂ္ဂိုလ်တစ်ဦး ဖြစ်ကိုဖြစ်ရမည်ဖြစ်၏။ စာရေးဆရာတစ်ဦးအနေနှင့် ခြောက်လတွင် စာအုပ်တစ်အုပ် ဆောင်းပါး ၁၀-ပုဒ်ရေးဖြစ်ရမည်ဟုဆိုပါက ပြီးမြောက်အောင် ရေးကိုရေးရမည်ဖြစ်ပါ၏။ မဆုံးဖြတ်မဖြစ်နိုင်သော ရည်မှန်းချက်များကို မထားရှိရန်လို၏။ အလွန်မြင့်မားသော ရည်မှန်းချက်များ ထားရှိပါက ယင်းတို့ကို ရေရှည် ရည်မှန်းချက်အဖြစ် ထားရမည်ဖြစ်၏။ ထိုရေရှည် ရည်မှန်းချက်ဆီသို့ ရောက်ရှိရန် ရေတို နေ့စဉ်၊ လစဉ်၊ နှစ်စဉ်ရည်မှန်းချက်များနှင့် ဆက်ကာ ဆက်ကာ အကောင်အထည်ဖော်ရမည် ဖြစ်ပါသည်။

အချိန်ကို စနစ်ဇယားနှင့် စီမံချက်ချ အသုံးပြုခြင်းသည် အချိန်ကို မိတ်ဆွေလို ဆက်ဆံခြင်း၊ ရန်သူလို မဆက်ဆံခြင်း မည်ပါသည်။

## အခန်း - ၁၈

## အချိန်တန်ဖိုး

အချိန်သည် သေရေးရှင်ရေးဖြစ်ကြောင်း ကမ္ဘာ့ဖြစ်ရပ် သာဓကများစွာ ရှိပါ၏။ အချိန်မီမဖြစ်၍ ဆုံးရှုံးရမှုများသည် တန်ဖိုးအလွန်ကြီးလှပါ၏။ ကျွန်တော် အားကိုးအားထားပြုခဲ့သည့် ကျွန်တော်၏ သားကြီးသည် ဆေးရုံသို့အချိန်မီ မပို့ဖြစ်သော ကျွန်တော့်၏မိုက်ပြစ်ကြောင့် အသက် ၂၃-နှစ်တွင် ကွယ်လွန်ခဲ့ရ၏။ ကျွန်တော့်ဘဝတစ်ခုလုံး ယူကျုံးမရ၍

မရနိုင်သော အရာဖြစ်ခဲ့ရ၏။ လူ့အသက်ဟူသည် အချိန်ပင်ဖြစ်၏။

နပိုလီယံသည် ဝါတာလူးစစ်ပွဲကို အနိုင်တိုက်၍၊ ဝယ်လင်တန်အား ကြာပွတ်နှင့်ရိုက်၍ ဖမ်းယူရန် စိတ်ကူးထားသော်လည်း စစ်မြေပြင်သို့ နှစ်နာရီမျှ နောက်ကျခဲ့၍ စစ်ရှုံးခဲ့ရသည်။ ထိုအခါ နပိုလီယံက-

"နေမင်းကြီး ယနေ့အတွက် ၂-နာရီသာ သင့်အား ငါတား၍ရမည်ဟုဆိုပါက ဤလောကဥ္စာမဆိုငါပေးနိုင်သည်" ဟု ဝင်လုဆဲဆဲ နေမင်းကြီးအား ကြည့်ကာ ပြောဆိုခဲ့ ဖူး၏။ သို့သော် နေမင်းကြီးသည် နောက်ကျနေသော ကေရာဇ်ဘုရင်တစ်ပါးလည်းဖြစ်၊ စစ်ဗိုလ်ချုပ်ကြီးလည်းဖြစ်သော နပိုလီယံအား စိတ်မချမ်းမြေ့စွာဖြင့် နှုတ်ဆက်ရင်း မိုးကုပ်စက်ဝိုင်းအတွင်းသို့ ဝင်သွားခဲ့၏။

ပန်းပဲသမားသည် သံကိုမီးပူပေး၍ သံတုံးကြီးနီရဲနေချိန်တွင် ထုရ၏။ သံတုံးကြီးသည် ဖားဖိုထဲမှ ထုတ်လိုက်ချိန်မှစ၍ တစ်စတစ်စအေး၍ အေး၍ လိုက်လာရာ ထိုသံတုံးကြီး အေးမသွားခင် ပန်းပဲသမားသည် သံတုံးကြီးကို ဖားဖိုမှထုတ်ပြီး တစ်စက္ကန့်သော်မှ စောင့်ဆိုင်းနေ၍မဖြစ်။ သံတုံးကြီးအား ခေတ္တ

ချပြီး ခွေးကိုသော်မှပင် မသုတ်အားဘဲပန်းပဲဆရာသည် သံတုံးကြီးကို ထုရ၏။

အကြောင်းတစ်ခုခုကြောင့် ဖားဖိုမှ ထုတ်ပြီး ပြီးချင်း မထုဖြစ်လျှင် သံတုံးကြီးအား ဖားဖိုထဲသို့ ပြန်၍ထည့်ပြီး အစမှပြန်၍ အပူပေးရမည်။ ပထမအကြိမ်အပူပေးစဉ်က သံတုံးကြီးသည် ပျောက်ကွယ်သွားပြီဖြစ်၍ ပထမသံတုံးကို ပြန်ခေါ်၍မရတော့ပါ။ နောက်တစ်ခါအပူပေးထားသော သံတုံးသည် နောက်ထပ်မီးသွေးများကို အသုံးပြု၍အပူပေးခဲ့သည့် ဒုတိယသံတုံး သာလျှင်ဖြစ်ပါ၏။

လူ့ဘဝသည် ဖားဖိုမှ ထုတ်ခါစ သံတုံးကဲ့သို့ပင်ဖြစ်၏။ ဖားဖိုမှထုတ်ပြီးသည်နှင့် ပန်းပဲဆရာက စတင်ထုရတော့၏။ လူ့ဘဝသည်လည်း အပိုင်းအခြား (၇) ခုဖြင့် ပိုင်းခြားဖွဲ့စည်းထားရာ ထိုအပိုင်းအခြားတစ်ခုစီတွင် မိမိလုပ်ဆောင်စရာ ကိစ္စများကို တစ်ခုစီ အပြီးအပြတ် လုပ်ဆောင်ရမည်ဖြစ်၏။

ဘဝ၏အရုဏ်ဦး၊

ဘဝ၏ နေထွက်ချိန်၊

ဘဝ၏ နံနက်ခင်း၊

ဘဝ၏ မွန်းတည့်ချိန်၊

ဘဝ၏ မွန်းလွဲချိန်နှင့်
မကြာမီ

ဘဝ၏ ဆည်းဆာချိန်သို့ရောက်တော့မည် ဖြစ်ရာ ဘဝနေထွက်ချိန်တွင်မှ သင့်လုပ်ငန်း မစနိုင်လျှင် မကြာမီ မွန်းတည့်တော့မည် မဟုတ်ပါလော။ ဘဝ၏တက်သစ်စ နေလုလင်ကို သင်သည် တစ်နေ့လုံး ပြန်ရတော့မည် မဟုတ်ချေ။

❒

## အခန်း – ၁၉

## အသက် ၆၀–ကျော်သည်နှင့် ကြောင့်ကြမဲ့ဘဝဖြင့် နေနိုင်မည်

ကျွန်တော်တို့သည် ကြွယ်ဝချမ်းသာစေရေး နည်းလမ်း (၇) သွယ်ကို ပင်ကိုလေ့စရိုက်အဖြစ် ကျင့်သုံးကာ မွေးစမှ အလုပ်စတင် ဝင်သည်အထိ အနှစ် ၂၀ မျှသောကာလကို ပြင်ဆင်မှုများအပြည့်နှင့် ဆောင်ရွက်ခဲ့သည်။ ထို့နောက် အလုပ်ဝင်ရောက်သည်မှစ၍ ဝင်ငွေ၏ ၁၀- ရာခိုင်နှုန်းကိုလည်း စုဆောင်းခဲ့သည်။ အိမ်ထောင်ဘက် ရွေးချယ်ရာတွင်

ကြွယ်ဝချမ်းသာစေသောနည်း (၇) နည်းကို ပင်ကို စရိုက်အဖြစ် ကျင့်သုံးလက်ခံထားသူကို ရွေးချယ်ထား သောကြောင့် စိတ်တူ သဘောတူလည်း ရှိနေ၏။ အိမ် ထောင်ဘက်သည် စိတ်တူသဘောတူဖြစ်ရန် အရေး အကြီးဆုံး ဖြစ်သည်။ (စိတ်တူ သဘောတူမဟုတ်ပါက ဘဝပါ ပျက်စီးနိုင်သည်။)

စုဆောင်းငွေကို အမြော်အမြင်ရှိစွာ၊ ထိရောက် စွာ ရင်းနှီးမြှုပ်နှံခြင်းကိုလည်း ပြုလုပ်ခဲ့သော မိမိ အသက် ၆၀- သို့အရောက်တွင် လုပ်ငန်းအရပ်ရပ် နှင့် ရင်းနှီးမြှုပ်နှံရာမှ ပုံမှန် ဝင်ငွေကောင်းကောင်း လည်းရရှိနေပြီ ဖြစ်ပါ၏။

ငယ်စဉ်က ကျန်းမာရေးကို လိုက်စားခဲ့သည် အတွက် ကျန်းမာကြံ့ခိုင်ရုံသာမက ကျန်းမာရေးဗဟု သုတနှင့်လည်း ပြည့်စုံနေပြီဖြစ်ရာ အသက် ၆၀-လွန် ကာလများကို လူ့ဘဝ၌ဇိမ်ကျကျ စည်းစိမ်ရှိရှိနှင့် နေ့ဖို့ ရန်သာ ရှိပါတော့၏။

လူ့ဘဝသည် ရတောင့်ရခဲဖြစ်သည်။
လူ့ဘဝသည် မွန်မြတ်သည်။
လူ့ဘဝသည် အဖိုးမဖြတ်နိုင် -

ဟူသော စကားရပ်များသည် မိမိဘဝကို ကြွယ်ဝချမ်း

သာစေသောနည်း (၇) နည်းပါ စနစ်ဇယားအများ အတိုင်း ကျင့်သုံးပါမှ မှန်ကန်မည်ဖြစ်ပါ၏။

သို့မဟုတ်ပါက အသက် ၆၀-တွင် စုဆောင်း ငွေကလည်းမရှိ ရင်းနှီးမြှုပ်နှံထားသည့် လုပ်ငန်းလည်း မရှိ ငယ်စဉ်က ကျန်းမာရေးမလိုက်စားခဲ့သောကြောင့် ကျန်းမာရေးချို့တဲ့နေပါလျှင် လူ့ဘဝသည် ရတောင့် ရခဲခြင်းဟူ၍ မမည်နိုင်တော့ပါ။ လူ့ဘဝသည် ဘာ တန်ဖိုးမှလည်းမရှိဘဲ သောကများ၊ ဒုက္ခများ၊ ပရိဒေဝ မီးများတောက်လောင်ကာ ရခဲသောလူ့ဘဝသည် ဘာ မျှအကျိုးမရှိ ဖြစ်နိုင်ပါ၏။

ကြွယ်ဝချမ်းသာစေသောနည်း (၇) နည်းကို လက်တွေ့လိုက်နာ ကျင့်သုံးခဲ့သူတစ်ဦးအဖို့ အသက် ၆၀- အရွယ်တွင် ကိုယ်စိတ်နှစ်ပါး ချမ်းသာခြင်းနှင့် လည်း ပြည့်စုံနေ၏။ အသက် ၆၀-အရောက်တွင် -

- လမ်းလျှောက်ခြင်း၊
- သင့်တင့်မျှတသော အစားအစာကို ချင့် ချိန်၍ စားသုံးခြင်း၊
- ဆေးလိပ်ကို ရှောင်ခြင်း၊
- သစ်သီးဝလံနှင့် ဗီတာမင်ဆေးဝါးများမှီဝဲ ခြင်း၊

- ဆရာဝန်နှင့် ကျန်းမာရေးစစ်ဆေးခြင်း တို့ကိုပြုလုပ်ပါက အသက် ၉၀- မှ ၁၀၀- အထိ ရှည် နိုင်ပါ၏။

ထိုအသက်အပိုင်းခြားတွင် အတော်အတန် ပေ့ါပါးသော ကိုယ်လက် လေ့ကျင့်ခန်းများ လုပ်သင့် ပါ၏။ ပြင်းထန်သော အားကစားနည်းများကို မလုပ် သင့်ပါ။ အသက်ကြီးလာပါက ဂေါ့(ဖ်) ကစားနည်းကို ရှောင်သင့်ပါသည်။ ဂေါ့ကစား၍ အသက်ရှည်သည် ဟူ၍မတွေ့ရဘဲ အသက်ကြီးသူများ ဂေါ့(ဖ်) ကွင်း၌သာ အသက်ပျောက်သူများပါသည်။

ကျန်းမာရေးကလည်းကောင်းမွန်၊ ကျန်းမာ ရေးကိုလည်းဂရုစိုက်၊ ပုံမှန်ဝင်ငွေကလည်း လုံလောက် ရုံမျှမက ပြည့်စုံပိုလျှံကာ လှူဒါန်းခြင်း၊ နိုင်ငံနှင့် မိမိ ရပ်ရွာအတွက် အကျိုးပြုလုပ်ငန်းများလုပ်ဆောင်ခြင်း၊ သစ်ပင်စိုက်ပျိုးမှုလုပ်ငန်းများ လုပ်ခြင်း၊ သားသမီး မြေးမြစ်တို့အား ကြွယ်ဝချမ်းသာစေသောနည်း (၇) နည်းကို အမွေပေးခြင်း၊ ခရီးသွားခြင်း၊ ကမ္ဘာလှည့် ခြင်း၊ မိမိဘဝအတွေ့အကြုံ မိမိကိုယ်ရေးအတ္ထုပ္ပတ္တိ ကို ရေးသားထုတ်ဝေခြင်း ဘာသာတရား တစ်ရပ်ရပ်

ကို ယုံကြည်သူဖြစ်ပါက ဘာသာတရား၏ အဆုံးအမ ကိုခံယူ၍ ကျောင်းကန်ဘုရားသွားခြင်း၊ ကမ္မဋ္ဌာန်း တရား၊ ဝိပဿနာတရား ပွားများခြင်းတို့ပြုလုပ်ပါက အသက် ၁၂၀- အထိရှည်ပါသည်။ ထိုသို့ဆိုလျှင် လူ့ဘဝတွင် အနှစ် ၆၀- လုံးလုံး နှလုံးစိတ်ဝမ်းအေး ချမ်းစွာဖြင့်နေနိုင်သော အခွင့်အလမ်းကြီးကို ရရှိမည် ဖြစ်ပါ၏။

အသက် ၆၀- မှ ဆက်လက်အသက်ရှည် သမျှအချိန်အားလုံးသည် မိမိ စိတ်ချမ်းသာမှုအပြည့်နှင့် နေရမည့်အချိန်များဖြစ်ပါ၏။ ထို့ကြောင့် ဘဝ၏ ရှေ့ဦးပိုင်း အနှစ် ၂၀- ကာလကို စနစ်တကျပြုစု၍ အသက် ၂၀- မှ ၄၀- အကြားကာလတွင် အလုပ်ကို သတိလက်မလွတ်စေဘဲ ဇယားချ စီမံခန့်ခွဲခြင်းဖြင့် အသက် ၄၀- မှ ၆၀- အတွင်း လုပ်ငန်းအဝဝ အနည် ထိုင်ကာ အသက် ၆၀- အထက် ကာလများသည် လူ့ဘဝစည်းစိမ်ကို မပင်မပန်း အလျှံပယ် ဆွတ်ယူ စံသုံးနိုင်မည်ဖြစ်၍ ဘဝအချိန်ကို စောစောပိုင်းကာ လများတွင် လစ်ဟင်းမှုမရှိအောင် -

"အချိန်ကို မိတ်ဆွေဖွဲ့ပါ
ရန်သူ မလုပ်ပါနှင့်"

စာအုပ်ပါ အကြံပေးချက်များအတိုင်း တစ်သဝေမတိမ်း လိုက်နာစေလိုပါ၏။ လူ့ဘဝ၏ စော စောပိုင်းကာလအချိန်ကို မဖြုန်းဘဲ အချိန်ကို ထိ ရောက်စွာ အသုံးပြုပါလျှင် လူ့ဘဝဟူသည် စည်းစိမ် ချမ်းသာရှိသော ဘဝ၊ အရသာရှိသောဘဝ၊ သာယာ ကြည်နူးချမ်းမြေ့စွာဖြင့် ဇိမ်ရှိရှိ ခံစားရကာ လောက နိဗ္ဗာန်စည်းစိမ်ကို မုချခံစားနိုင်မည်မှာ အမှန်ကေန် ဖြစ်ပါ၏။

□

# နိဂုံး

ကျွန်တော်သည် ရွှေပင်ငွေပင်စာစဉ်ကို ရေးသား၍ ကြွယ်ဝချမ်းသာရေးနည်း စာအုပ်များကို ထုတ်ဝေရာတွင် ကျွန်တော့်လူမျိုး၊ ကျွန်တော့်နိုင်ငံ အမှန်တကယ်ကြွယ်ဝချမ်းသာလာစေဖို့ ကျွန်တော်၏ ကြိုးပမ်းနိုင်သမျှထဲမှ အကောင်းဆုံး အညွန့်ဆုံး၊ လက်တွေ့အကျဆုံး၊ အဖြစ်နိုင်ဆုံးနည်းလမ်းများကို ယုံယုံကြည်ကြည်ဖြင့် ရေးသားဖြန့်ဖြူး တင်ပြနေခြင်း ဖြစ်ပါသည်။

မြန်မာလူငယ်ထုအတွင်း ငွေကြေးအပေါ် ထားရှိသော သဘောထား၊ အချိန်အပေါ် ထားရှိသော သဘောထားနှင့် စိတ်နေစိတ်ထား သတ္တိများ မှန်ကန်လာစေရန် အလွယ်ဆုံး၊ အရိုးဆုံး၊ အရှင်းဆုံး ဖြစ်အောင် ကြိုးစား၍ ပြုစုခြင်းလည်းဖြစ်ပါ၏။

ဤစာအုပ်များကို ထုတ်ဝေရာတွင် စာဖတ်သူ လူငယ်များအတွင်း အမြန်ဆုံး၊ အစောဆုံးရောက်ရှိလိုသည့်ဇော ဖြစ်ပေါ်နေ၏။ ဤစာအုပ်ကို ထုတ်ဝေရာ၌ အမြန်လုပ်ဆောင်မှုများပင် ပါဝင်နေပါ၏။ အမြန်လုပ်ဆောင်မှုများတွင် အစသတ်စရာများ ကျန်ရှိမြဖြစ်ပါသည်။

ရွှေပင်ငွေပင်စာစဉ် အတွေးအခေါ်အား တစ်ရက်စော၍ ပြည်သူလူထုအတွင်း ပျံ့နှံ့ပါက ကျွန်တော့်လူမျိုး ကျွန်တော့်နိုင်ငံ တစ်ရက်စော၍ ဆင်းရဲတွင်းမှ လွတ်မြောက်မည်ဟု ယုံကြည်ပါ၏။ မိမိနိုင်ငံအား ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းရာတွင် စာရေးဆရာ တစ်ဦးအနေနှင့် မိမိစွမ်းဆောင်နိုင်သမျှသော အကန့်အသတ်ထဲမှ စွမ်းဆောင်နိုင်သမျှကို အားထုတ်ခဲ့ခြင်း ဖြစ်ပါ၏။

ဤစာစဉ်ကို ထုတ်ဝေရာတွင် ကျွန်တော်၌ ကြီးမားသော မျှော်လင့်ချက် ထားရှိသည်မှာ အမှန်ပင် ဖြစ်ပါ၏။ ထိုမျှော်လင့်ချက်မှာ ကျွန်တော့်လူမျိုး၏ ကောင်းသောစရိုက်လက္ခဏာများ မပျောက်ပျက်စေဘဲ တိုးတက်မှန်ကန်သော အကျင့်စရိုက်များ၊ အားမာန် ရှိသောဓလေ့စရိုက်များ၊ အလေ့အထများ တိုးပွားလာ ကာ ကျွန်တော်တို့လူမျိုးချမ်းသာဖို့ပင် ဖြစ်ပါ၏။

နိုင်ငံတစ်နိုင်ငံဖြစ်စေ၊ မိသားစုတစ်စုဖြစ်စေ၊ လူတစ်ယောက်ဖြစ်စေ ချမ်းသာကြွယ်ဝလာပါက အလိုအလျောက်ပြဿနာများစွာ ဖြေရှင်းသွားတတ်ပါ ၏။ စိတ်ချမ်းသာကိုယ်ချမ်းသာဖြစ်မှု များစွာရရှိလာ နိုင်ပါ၏။ ကောင်းမှုကုသိုလ် များစွာပြုလုပ်နိုင်ပါ၏။ ဆင်းရဲတွင်းမှ လွတ်မြောက်၍ လူဖြစ်ရသော လူ့အဖြစ် လူ့ဘဝတွင် စည်းစိမ်ချမ်းသာသုခကို ခံစားစံစား ဆွဲ ယူသုံးစွဲနိုင်သောဘဝကို ရရှိနိုင်မည် ဖြစ်ပါ၏။

မည်သူမဆို ဆင်းရဲနေပါက ပြဿနာနှင့် ဒုက္ခပေါင်းစုံသည် အလိုလိုမဖိတ်မခေါ်ဘဲ ရောက်ရှိ နေတတ်ပါ၏။ ထိုအချိန်တွင် လူ့ဘဝဟူသည် အဖိုး တန်၏ဟု ဆိုသောစကားမှာလည်း အဓိပ္ပာယ်မရှိ

သကဲ့သို့ ဖြစ်ပါ၏။ ရခဲသောလူ့အဖြစ် လူ့ဘဝကို ရောက်မှတော့ လူ့ဘဝသည် တန်ဖိုးရှိရန် ချမ်းသာရန် ကြွယ်ဝရန်လိုပါသည်။

ချမ်းသာကြွယ်ဝရန်ဟူသော ကိစ္စမှာလည်း အလွန်ရိုးစင်းသော ကိစ္စဖြစ်၍ ကြွယ်ဝချမ်းသာရေး နည်း (၇) နည်းပါ အချက်များကို မိမိ၏ ပင်ကိုဓလေ့ စရိုက်အဖြစ် လိုက်နာပါက ကြွယ်ဝချမ်းသာနိုင်ပေရာ ကြွယ်ဝချမ်းသာစေသော နည်းလမ်း (၇) သွယ်ကို တကယ်မှတ်သား၍ မိမိ၏ စရိုက်အကျင့်ဖြစ်အောင် ပျိုးထောင်ခြင်းဖြင့် မြန်မာပြည်သူအပေါင်း ကြွယ်ဝ ချမ်းသာဖို့အကြောင်း ထပ်လောင်း၍ အလေးအနက် ထား တင်ပြရင်း ဤစာအုပ်ကို နိဂုံးစကားဖြင့် အဆုံး သပ်ရပါ၏။

ချစ်စံဝင်း

## ဆရာချစ်စံဝင်း
## ရေးသားပြုစုခဲ့သော စာအုပ်များ

၁။ ပါဏာပေဒနိဒါန်း (၁၉၆၇)
၂။ အမေနှင့်အမေ့အကြောင်း (၁၉၇၇/၈၀/၈၁/၈၈/၉၀ /၉၂/၉၅/၂၀၀၀/၂၀၀၂)
၃။ ပြည်သူ့ရင်သွေး (၁၉၇၉)
၄။ အမေ့ရင်သွေး (၁၉၈၀)
၅။ နိုင်ငံသစ်နိဒါန်း (၁၉၉၀)
၆။ မိုးထက်မြင့်သည့် စိတ်ထားများ (၁၉၇၀/၁၉၈၀)
၇။ မြတ်လယ်တီ (၁၉၈၆/၁၉၉၃/၁၉၉၄)
၈။ ဤခရီး နီးသလား (၁၉၈၆/၈၇/၈၈/၈၉/၉၀/၉၁/၉၃/၉၄/၉၅/၉၆/၂၀၀၁/၂၀၀၂)
၉။ မြတ်ပညာနှင့် သားထံပေးစာများ (၁၉၇၈/၁၉၈၉)
၁၀။ ဂျပန်လူငယ်တစ်ယောက်အကြောင်း (၁၉၈၉/၉၀/ ၉၁/၉၃/၉၉/၂၀၀၁/၂၀၀၃)
၁၁။ မြန်မာ့ရှုပ်သေးသဘင် (၁၉၈၉)